ချစ်ဦးညို

# အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ



QUALITY POCKET SERIES

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ရှင်သန်နိုင်စေအောင် တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပီပြင်ပြင် ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ခိုင်ခံ့သောမျိုးချစ်စိတ်ဓာတ်ကိန်းဝပ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ

နွယ်ဂျာဆိုင်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၄၄၇၁၂၁၀
အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၃၀၀၁၁၂

✿

**မျက်နှာဖုံး**
ကံကောင်း

✿

**ထုတ်ဝေသည့်ကာလ**
ဩဂုတ်လ၊ ၂၀၁၂ ခုနှစ်

✿

**ထုတ်ဝေသူ**
Quality Publising House
ကိုမြင့်ထွန်း (မြဲ - ၀၃၉၀၆)
အမှတ်- ၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၈၃၆၆၄ ၃၈၆၈၃၃။

✿

**စလင်** - Eagle
**ပုံနှိပ်တိုက်** - ဇမ္ဗူမော်
**အုပ်ရေ** - ၁၀၀၀
**တန်ဖိုး** - ၁၀၀၀ ကျပ်

၈၉၅.၈၃
နှမ်ဂျာသိုင်း
အချစ်ဆုံးသူရဲ့အတ္ထုပ္ပတ္တိ/နှမ်ဂျာသိုင်း - ရန်ကုန်၊
Quality Publishing House၊ ၂၀၁၂။
၁၄၄ - စာ၊ ၁၉.၀၅ × ၂၅.၅ စင်တီ။
(၁) အချစ်ဆုံးသူရဲ့အတ္ထုပ္ပတ္တိ

ဤစာအုပ်နှင့် ပတ်သက်၍
နှစ်ကျာဘိုင်း၏ . . .

# အမှာစာ

## [က]

ဤစာအုပ် "အချစ်ဆုံးသူရဲ့အတ္ထုပ္ပတ္တိ" . . . သည် စာရေးသူ၏ ပထမဆုံးရေးသားသော ဝတ္ထုရှည်ဖြစ်ပါသည်။

၁၉၇၉ ခုနှစ် က ရေးသားခဲ့ပြီး၊ ၁၉၈၀ မတ်လတွင် ပထမဆုံး ထုတ်ဝေခဲ့ပါသည်။ ပထမအကြိမ်က ဆရာငြိမ်းကျော်၊ ဆရာမင်းလူ တို့နှင့် တွဲဖက်ပြီး "အလွမ်းပျော်ရဲ့ မေ့မရတဲ့ အချစ်ဆုံး အတ္ထုပ္ပတ္တိ" အမည်ဖြင့် သုံးပုဒ်ပေါင်း ထုတ်ဝေခဲ့ပါသည်။

၁၉၈၄ ခုနှစ်တွင် ရွှေသမင် စာပေမှ အချစ်ဆုံးသူရဲ့အတ္ထုပ္ပတ္တိ၊ THE STORY OF MY BELOVED မည်ဖြင့် ဆရာ PAW HTIN ၏ အင်္ဂလိပ် ဘာသာပြန်ဖြင့် တွဲဖက်၍ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ထုတ်ဝေခဲ့ပါသည်။

၁၉၉၂ မတ်လတွင် စေတနာစာပေမှ နေ၍ ကျွန်တော်၏ ပထမဆုံး လုံးချင်းကဗျာစာအုပ် "ပါးကွက်ကြားနှင့်လပြည့်ဝန်း" နှင့် ပထမဆုံးများ ပူးပေါင်းပြီး လပြည့်ဝန်းရဲ့ အတ္ထုပ္ပတ္တိအမည်ဖြင့် တတိယ အကြိမ် ထုတ်ဝေခဲ့ပါသည်။

ယခု ၂၀၁၁ ခုနှစ်တွင် " အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ " ချည်း၊ "အချစ်ဆုံးသူရဲ့အတ္ထုပ္ပတ္တိ "အမည်ဖြင့် သီးသန့် ပထမအကြိမ် ထုတ်ဝေခြင်း ဖြစ်ပါသည်။ စုစုပေါင်း ပုံနှိပ်ဖော်ပြခြင်းအနေနှင့် စတုတ္ထ အကြိမ်ဖြစ်ပါသည်။

# [၆]

တိုက်တိုက်ဆိုင်ဆိုင်ပင် ဤဝတ္ထု ရေးသားဖြစ်ခြင်းအကြောင်း၊ ရေးသားရန် အားထုတ်ပုံ၊ ရေးသားပုံ ရေးသားနည်း စသည်တို့ကို၊ အသေးစိတ် ရေးသားပြီး ဤဝတ္ထုမှနေ၍ စာရေးဆရာတစ်ယောက်ဘဝကို ကျွန်တော်ရပ်တည်နိုင်ခဲ့ပုံ၊ အောင်မြင်ခဲ့ပုံ စသည်တို့ကို ရေးသား၍၊ အသက် ၃၂ နှစ်ရှိပြီ ဖြစ်သော "အချစ်ဆုံးသူရဲ့အတ္ထုပ္ပတ္တိ" ၏ အတ္ထုပ္ပတ္တိကို ၂၀၁၁ ခု စက်တင်ဘာလနှင့် အောက်တိုဘာလ သရပ်ါ မဂ္ဂဇင်းတို့တွင် ရေးသားထုတ်ဝေခဲ့ပါသည်။

၂၀၁၁ ခု နိုဝင်ဘာလဆန်း ၁ ရက်နေ့တွင် ဤစာအုပ်ထုတ်ဝေသူ ဦးမြင့်ထွန်းနှင့် ကဗျာဆရာအစ်ကို ဦးသူရဇော်တို့က ဤစာအုပ်ကိုပြန်လည်ဆန်းသစ် ထုတ်ဝေမည် ဆိုသောအခါကျွန်တော် မဖော်ပြနိုင်လောက်အောင် ဝမ်းသာရပါသည်။

ဤသို့ အမှတ်တရဖြစ်ဖွယ် စာအုပ်လေးများ၊ များစွာကိုလည်း အထူး ထုတ်ဝေမှု အစီစဉ်အနေနှင့် ထုတ်ဝေမည်ဟုလည်း ပြောပါသည်။

[၈]

ဝမ်းသာကြည်နူးစွာ ကြိုဆိုပါရစေ...

မြန်မာစာပေလောကတွင် တရားဓမ္မစာပေ တိုးတက်ရေး ကြီးပွား အောင်မြင်ရေးနှင့် နိုင်ငံရေး အတ္ထုပ္ပတ္တိရေး၊ စသော စာအုပ်များ ဖွံ့ဖြိုးပြည့်စုံနေသော်လည်း ရသစာပေများစွာ အားနည်းသွားပါသည်။

ရသ စာပေ မှေးမှိန်ခြင်းသည်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်အတွက်အားနည်း၊ဆုတ်ယုတ်မှုတစ်မျိုးပင်ဖြစ်ပါသည်။ ဤကွက်လပ်ကို ဖြည့်ဆည်းရန်အားထုတ်သူများကို၊ ရသစာပေရေးသူတစ်ယောက်အနေနှင့် အထူးဝမ်းမြောက်စွာ ကြိုဆိုပါသည်။

စေတနာရှင်များအားလုံး၏ စေတနာကိုလည်း အထူးဂုဏ်ပြုပါသည်။

ရသစာပေ တိုးတက်အခွန့်ရှည်ကြောင်းကိုလည်း အစွမ်းကုန်ဆုတောင်းပါသည်။

ခင်မင်လေးစားစွာဖြင့်
နွမ်ဂျာသိုင်း

ဗီးနစ်ငှက်ဟာ...
သာယာတဲ့ ညနေခင်းမှာ
ကွယ်လွန်ခဲ့ရပေမဲ့
တစ်ဖန်ရှင်ပျံလာစမြဲပါပဲ...

ဗီးနစ်ငှက်နဲ့တူတဲ့
ငါ့အချစ်တွေကို ငါမသိသေးခင်
၁၉၀၃ - ခုနှစ်တုန်းကတော့
ဟောဒီ လွမ်းတေးကို
ငါသီဆိုခဲ့မိပါရဲ့...။
( အပေါ်လီနိုင်း၏ နာမကျန်းသော အချစ် တေးသံ ကဗျာမှတ်ချက်မှ )

"အချိန်စာရင်းလေး ခဏကြည့်ချင်လို့ပါ"

ကိုယ့်စကားအဆုံးမှာ ကျောင်းသားရေးရာဌာနက မမပြုံး မော့ကြည့်လိုက်ပြီး ...

"ဟော ... ဘယ်သူ့ဆီ သွားမလို့လဲ အတွန်း"

"ကိုသက်အောင်ဆီ သွားမလို့ မမပြုံး"

မမပြုံးက အချိန်စာရင်းစာအုပ်ကို တစ်ရွက်ချင်းလှန်ပြီး သေသေချာချာ ရှာနေရာက ...

"ဆရာ ဦးသက်အောင် ဟိုက်ဒ်ရိုတိတ်ချ်လက်ဝ်မှာ ရှိလိမ့်မယ်"

မမပြုံးကို ကိုယ်နှုတ်ဆက်ပြီး ထွက်လာခဲ့တယ်။ ကျောင်းသားရေးရာ ဌာနကို ကျော်နိုင်းပြီး ဗိုအားမြင့် စမ်းသပ်ခန်းဘက်သွားနေတဲ့

ကိုယ့်ရင်ထဲမှာ မလုံလဲတဲ့ ဝေဒနာ ခံစားနေရသလိုပဲ။

ကိုယ့် နောက်ကျောကို အတွေးတစ်ခုခုနဲ့ ကြည့်နေလိမ့်မယ်လို့လဲ သိနေသလိုပဲ မြလေး...။

အဆောင်တစ်နဲ့အဆောင်နှစ် ကူးတဲ့တံတား နှစ်ဖက်ကြားရောက်တော့ ရေပန်းလေးကို လှမ်းကြည့်မိတယ်။ ရေပန်းကရေမကျတာကြာပြီမို့ ကန်လေးခန်းခြောက်နေတယ်။

အဆောင်နှစ်ရဲ့ ပထမအကန့် အလွန်လေးရောက်တော့ကျောင်းရဲ့ အထင်ကရစွယ်တော်ပင်ကြီးကို တွေ့လိုက်ရတယ်။ ဆောင်းရက်ရှည်ကို အကြာကြီး ဖြတ်လာခဲ့ရလို့ စွယ်တော်ပင်ကြီးလည်း ခြောက်သွေ့ရှုံးပြိုင်းနေတယ်။

အဆောင်နှစ်ရဲ့ ဒုတိယကန့် အရောက်မှာ ဘယ်ဘက်ကိုချိုးကွေ့တယ်။ အခန်းအနည်းငယ်ကျော်မိတော့ ဗို့အားမြင့် စမ်းသပ်ခန်းရှေ့ရောက်လာတယ်။

တစ်ချပ်ပွင့်နေတဲ့ တံခါးကနေ ကိုယ်ကိုငုံ့ကြည့်လိုက်တဲ့အခါကျောင်းသားတွေကြားမှာ ကိရိယာပစ္စည်းတွေနဲ့ အလုပ်ရှုပ်နေတဲ့သက်အောင်ကို မြင်ရတယ်။ ကိုယ်လည်း အပြင်ကော်ရစ်ဒါကနေအလိုက်တသိနဲ့ရပ်စောင့်နေဖို့ ဆုံးဖြတ်လိုက်တယ်။

ကော်ရစ်ဒါလမ်း အပေါ်အမိုးက နာရီမှာ သုံးနာရီထိုးဖို့ ဆယ်ငါးမိနစ်ပြနေတယ်။ ဆယ့်ငါးမိနစ်လောက်စောင့်ဖို့ ကိုယ့်မှာ အခက်အခဲမရှိပါဘူး။

ကော်ရစ်ဒါ လက်ရန်းကို မှီလိုက်ရင်း ကိုယ့်မျက်လုံး အစုံကလက်တွေ့စမ်းသပ်ခန်းထဲ ဝေ့သွားတယ်။

အဲဒီမှာ အခန်းရဲ့ အနောက်ဘက်နံရံမှာရှိတဲ့ စာကြောင်းကမျက်လုံးထဲ တည့်တည့်ဝင်လာတယ်။

အန္တရာယ်ရှိသည်။

○ ○ ○

# [ ပထမပိုင်း ]

“

အမှန်တော့ စိတ်ကူးယဉ်သည်ဆိုခြင်းမှာ
ယဉ်ချင်တိုင်းယဉ်၍ရသော အရာမျိုးမဟုတ်၊
မရှက်တမ်းဝန်ခံရလျှင် စိတ်ကူးလေးတွေ
ယဉ်ရအောင်၊ ကဗျာလေးများ လွမ်းရအောင်
လုပ်ပေးနေသူမှာ နိုဝင်ဘာ ဖြစ်သည်။

## [၁]

ပြန်တွေးကြည့်လိုက်တော့လည်း ခဏလေးလိုပဲ မြလေးရယ်၊ အားလုံးကို ရင်ထဲမှာ အသေးစိတ် မှတ်မိနေတယ်။

ကိုယ်တို့ သုံးပိုင်း နှစ်ပိုင်း အင်ဂျင်နီယာသင်တန်းလို့ ခေါ်တဲ့ စတုတ္ထနှစ် လျှပ်စစ်အင်ဂျင်နီယာတန်း စတက်စတုန်းပေါ့။

အဲဒီနှစ်က ပထမဆုံးဝင်ရတဲ့လက်ဝ်က ဟိုက်ဇ်ိုတိတ်ချ်လက်ဝ်။

အတန်းကလည်းတက်စ၊စိတ်ကလည်းတက်ကြွကြွ၊အဲဒီအချိန် စမ်းသပ်ခန်းထဲမှာလည်း ကြည့်ဦး။

ခါတိုင်း လက်တွေ့များတွင် စားပွဲပေါ်တင် စမ်းရှုရသော မီတာ အသေးစားလေးများ၊ ဂျင်နရေတာလေးများ၊ ဝါယာစသေးသေး မျှင်မျှင်လေးများစသည့် ကိရိယာ အသေးစားလေးများသာ ဖြစ်၏။

ယနေ့မှ ထရန်စဖော်မာ ဆိုလျှင်လည်း အကြီးကြီး၊ လျှပ်စစ်ဓာတ်အားအရှိုင်နေရေတာ၊ ဖြတ်တောက်ရလေး စသည်ဖြင့် ပစ္စည်းကလည်းစုံ၊ အရွယ် ပမာဏ များကလည်း အတော်ကြီးကျယ်။

သည့်အပြင် အခန်းကလည်း အလွန်နက်ကြီး၏။ အခန်းတွင်းဝင်သော တံခါးပေါက်ရှိရာ မှန်အကာဘက်မှလှဲလျှင် ရှိသမျှ နံရံသုံးဖက်စလုံး အရေးတကြီး သတိပေးချက်များသာ တွေ့နေရ၏။ "အန္တရာယ်ရှိသည်" ကဦးဆောင်၍သူနာပြုနည်းများစည်းကမ်းချက်များ၊ အရေးကြုံလျှင် အသုံးပြုရန် ဖုန်းနံပါတ်များ တော်ရုံလူ ဖျားသွားနိုင်သည်။

သည်ကြားထဲ ဆရာများကလည်း ဟိုဟာမကိုင်ရ၊ သည်ဟာမကိုင်ရ တားမြစ်ချက်တွေက များလွန်းနေသဖြင့် ကိုယ်လုပ်ရမည့်အလုပ်သည် နယ်နယ်ရရ မဟုတ်၊ တော်ရုံပုဂ္ဂိုလ်များပင် အနားမသီနိုင်။

လျှပ်စစ်အင်ဂျင်နီယာကျောင်းသားတောင်စတုတ္ထနှစ်ရောက်၍ အင်ဂျင်နီယာဘောင်ထဲ အတော်ဝင်လာပြီဆိုမှ ကိုင်တွယ်ရသောကိစ္စဟု စိတ်ကြီး အဝင်ကြီး ဝင်နေမိသည်။

သည်အသိက ကောင်းတော့ ကောင်းသည်။ အင်ဂျင်နီယာလောကထဲ ရောက်နေပြီဟု ဂုဏ်ယူ တွေးနိုင်လာပြီမို့။

ဆရာ လုပ်ပြသော လုပ်ငန်းစဉ်များကို နှစ်တိုင်းနှင့် မတူ အာရုံစိုက်၍ကြည့်နေမိသည်။ ဆရာကဝါယာကြိုးကြီးများနှင့်ကိရိယာများကို ဆက်သွယ်သော လေ့တ်နိပ်လိုက်လျှင် တစီစီမြည်သံများနှင့်ပတ်လမ်း စတင် အလုပ်လုပ်၏။ ဆရာလည်း ပတ်လမ်း အလုပ်လုပ်ပုံကို နှုတ်မှလည်း တတွတ်တွတ်ရှင်းပြ၊ လက်ကလည်း ဟိုညွှန်သည်ညွှန်နှင့် အလုပ်များနေသည်။

ရှင်းလင်းမှုများ ပြည့်စုံသလောက်ရှိမှ ဆရာက လေ့တ်ပိတ်ကာ...

"ကဲ... ဒီအတိုင်း ခင်ဗျားတို့ ဆက်လုပ်ကြပေတော့"

ဆိုပြီး ဘေးဖယ်ပေးလိုက်သည်။

ဤတွင် ကျောင်းသားတစ်ယောက်က စလုပ်ရန် ဝါယာငုတ် တစ်ခုကို လှမ်းကိုင်မည်အပြု...။

"ဟေ့...ဟေ့...နေဦး...နေဦး..."

ဆရာက သူ့လက်ကို ဖျတ်ခနဲ ဆွဲယူလိုက်သည် ပြီးမှ ဝါယာကြီး ကြီး တစ်ချောင်းကို ယူ၍ ထရန်စဖော်မာ၏ ငုပ်နှစ်ခုကို ဆက်လိုက် သည်။

"ဖြောင်း"

မထင်မှတ်ဘဲ ထွက်လာသော အသံကြောင့် ကျွန်တော် ဆတ်ခ နဲ တုန်သွားတယ်။ ခုနက ကျောင်းသား မျက်လုံးဝိုင်းလျက်...။

သည်တော့မှ ဆရာက...

"ဒီစမ်းသပ်ချက်တွေလုပ်ရင် လုပ်ပြီးတဲ့ အခါတိုင်း အမြဲတမ်း ရှော့ရိုက်ပြီးမှ ကိုင်ပါ ဖြတ်ပါ။ လျှပ်စစ်ဓာတ်တွေ ခိုနေတတ်တယ်။ အဲဒါကို ဘယ်တော့မှ မမေ့ပါနဲ့"

ကျွန်တော် သက်ပြင်း ချလိုက်သည်။

စမ်းသပ်မှုများကို စိတ်ဝင်စားပါ၏။ သို့သော် သည့်ထက် စိတ်ဝင် စားစရာ ကောင်းသော အရာလေး တစ်ခုက ကျွန်တော့်မှာ ရှိနေသေး သည်။ သည့်အတွက် နာရီကို မော့ကြည့်လိုက်ရာ ၂ နာရီခွဲ။

မဆိုးပါ။ နောက်နာရီဝက်ဆိုလျှင် ပြီးတော့မည် ဖြစ်၏။ ကျွန် တော့်မှာလည်း ဤဒုက္ခလေးက တစ်မော့င်၊ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ ခက်ခဲသော စာမေးပွဲများကို ကျော်လွှား၍ စတုတ္ထနှစ် ရောက်လာ နိုင်သည်။

သို့သော် . . . ပထမနှစ်ကစ၍ ကျော်လွှားရန် ကြိုးစားခဲ့သော ချောင်းကူးတံတားလေးတစ်ခုကို ခုထိ ဖြတ်မသွားနိုင်သေးသဖြင့် ကြိုးစားရပေဦးမည်။

"နံဝင်ဘာ"

နံဝင်ဘာဆီ သွားရန်ပင်...

## [၂]

ကျောက်ပြားနံရံကြီးတွင် ကျောက်ပြားငယ် ရောင်စုံလေးများ စီခြယ်ထားသဖြင့် ရေတံခွန်ကြီးတစ်ခု သွင်သွင်စီးကျနေသည်။ ရေတံခွန်ကြီးနောက်တွင်ဓာတ်အားဖို့တိုင်ကြီးရှိသည်။တိုင်ထိပ်တွင် ဝင်းလက်သော ရောင်ခြည်များ ဖြာထွက်နေသည်။

ဆေးတက္ကသိုလ် (၁) သည် အင်ဂျင်နီယာကောလိပ် ဖြစ်ခဲ့ဖူးသော သမိုင်းလက္ခဏာများဖြစ်သည့် ဦးအုန်းလွင်၏ နံရံကပ် ပန်းချီကားကြီးများပင် ဖြစ်သည်။

အလယ်မြက်ခင်းပြင်၏အစပ် ပန်းချီကားကြီးများ၏ ရှေ့တည့်တည့်တွင် တိုင်တစ်တိုင်ကို ကျောမှီထိုင်ရင်း နီဝင်ဘာအလာကို

မျှော်နေမိသည်။ သည်ပန်းချီကားများကို ကြည့်ရင်းစိတ်ကူးလည်း ယဉ်နေမိ၏။

ကျွန်တော် အလွန် စိတ်ကူးယဉ်တတ်သည်။

မြလေး ကလည်း ခဏ ခဏ ပြောဖူးသည်။

"ကိုကိုက သိပ်စိတ်ကူးယဉ်တတ်တာပဲ"..ဟု။

မေမေကလည်း ခဏ ခဏ ပြောဖူးသည်။

"သားကသိပ်စိတ်ကူးယဉ်တာကိုး".. တဲ့။

ကျွန်တော် အလွန် စိတ်ကူးယဉ်တတ်သည်။

သည်အချက်ကြောင့်ပင် စက်မှုတက္ကသိုလ်ရောက်၍ စိတ်ကူး နုနုနှင့် မနီးစပ်သော လက်တွေ့လုပ်ငန်းများကြားတွင် နစ်နေသည့်ကြားမှ ကဗျာနုနုလေးများရေးတတ်သော ကျွန်တော် ဖြစ်နေခြင်းပင်။

ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ ကဗျာရေးဖက် သူငယ်ချင်းတစ်ယောက်က ဆို "ယန္တရားဖြင့် ပြုလုပ်ထားသော ကဗျာဆရာ"ဟုအမြဲတမ်း နောက်သည်။

အမှန်တော့ စိတ်ကူးယဉ်သည် ဆိုခြင်းမှာ ယဉ်ချင်တိုင်းယဉ်၍ ရသော အရာမျိုးမဟုတ်၊ မရှက်တမ်းဝန်ခံရလျှင် စိတ်ကူးလေးတွေ ယဉ်ရအောင်၊ ကဗျာလေးများ လွမ်းရအောင် လုပ်ပေးနေသူမှာ နီဝင်ဘာ ဖြစ်သည်။

ကျွန်တော်ကဗျာလေးတွေရေးတတ်သည်။သို့သော်ဆယ်တန်း မအောင်ခင်လောက်အထိ ဆိုပါစို့၊ နီဝင်ဘာနဲ့ မတွေ့ခင်ထိ၊ ကျွန်တော် ရေးခဲ့တာ ကဗျာမျိုးသည် လုပ်အားတန်ဖိုး ချစ်မြတ်နိုး ... တို့၊ ပညာတံခွန် လူရည်ချွန်တို့၊ မြတ်ဆရာတို့ စသည့် စကားလုံးများ လှိုင်လှိုင်ပါသော ငယ်ဖြူ ကဗျာများသာ ဖြစ်ခဲ့ပါ၏။

သည်ဘက်ပိုင်းကျတော့ သည်လိုမဟုတ်တော့။

ကဗျာလေးများတွင် နှလုံးသားတို့၊ ဝေဒနာတို့၊ ပန်းပွင့်တို့၊ သစ်ရွက်တို့၊ အနမ်းတို့၊ ပန်းခြောက်တို့ မျက်ရည်တို့ ပါလာတတ်ပြီ။

ဤသို့သော ကျွန်တော်မှာဆေး (၁) ၏ပရိဝုဏ်အတွင်းအင်ဂျင်

နီယာ အထိမ်းအမှတ်များကို တွေ့နေရခြင်းအား လွန်စွာ သဘောကျ သည်။

ဆေးတက္ကသိုလ်(၁)၏ ကျောင်းသူ နီဝင်ဘာနှင့် စက်မှု တက္ကသိုလ်ကျောင်းသား ထွန်းနိုင်တို့အား ပေါင်းစည်းဆက်နွယ်စေ ချင်သော ဆန္ဒသည် သည်မှာလာ၍ပြည့်စုံနေသည်ဟု ခံစားရ၏။

နာရီက လေးနာရီထိုးရန် ငါးမိနစ်။

ငါးမိနစ်မြန်ထားလေ့ရှိသော ကျွန်တော့်ထုံးစံအရနှင့်တွက်လျှင် လေးနာရီထိုးရန် ဆယ်မိနစ်သာ လိုတော့သည်။

နီဝင်ဘာ ထွက်မလာသေး။

သူ…လူသေခန်းထဲမှာပင် ရှိနေဦးမည်။

ဒီလိုလေ၊ ဆေးတက္ကသိုလ်ကို နီဝင်ဘာရှိနေ၍သာ ခဏ ခဏ လာနေ[illegible]ည်။ ဆေး (၁) ၏ အခေါ်အဝေါ်များကို ကျွန်တော် မကျွမ်း ကျင်။

ဒေသ ပယောဂနှင့် လိုက်ဖက်လျှင်ပြီးရော သဘောထား၍ကျွန် တော် ခေါ်ချင်သလို ခေါ်သည်။

လူသေခန်းဆိုသည်က လူသေအလောင်းများကို ခွဲစိတ်လေ့ လာသော လက်တွေ့ခန်းကို ကျွန်တော်ဘာသာ ကင်ပွန်းတပ်ထား ခြင်းဖြစ်သည်။ တမင်ခေါ်သည်လည်းဖြစ်၏။

သည်အခေါ်ကို နီဝင်ဘာမကြိုက်။ သည်လို သုံးနှုန်းခြင်းကို သူ ဒေါပွတတ်သည်။ ကျွန်တော်ကလည်း သူဒေါပွပြီး ရန်တွေ့တာက လေးကပင် ပိုလှသည်ဟု ထင်နေသဖြင့် တမင်အကျင့်လုပ်၍ပင် ခေါ် သည်။

ဆယ်မိနစ်ဟူသောအချိန်သည် ဒူးယားတစ်လိပ်စာတော့ ရှိ သေး၏။ အိတ်ထဲက တစ်လိပ်ကျန်ဒူးယားကို ထုတ်ယူလိုက်သည်။ အဆင်သင့်သဖြင့် အနားမှ ဖြတ်လျှောက်သွားသော ကျောင်းသား တွင် ဒူးယားတိုတစ်ခု သောက်လျက်ပါလာသည်။

ကျွန်တော် မီးခြစ်မဆောင်တတ်။

ထို့ကြောင့် ကမန်းကတန်း လှမ်း၍ မီးတောင်းလိုက်သည်။

" မီးလေး...တစ်တို့ "

ကိုယ်တော်ချောက လှည့်တောင်မကြည့်၊ သူ့လက်ထဲက ဒူးယားတိုကိုသာ သူတောင်းစားပေးပေးပြီး ဆက်လျှောက်သွားသည်ပုံက အမိ ။

ကျွန်တော် ရင်ထဲ နည်းနည်းအောင့်သွားသည် ။ စိတ်ထဲမှလည်း " ဆရာဝန်ဖြင့် မဖြစ်သေးဘူး ၊ အချိုးက "ဟု ခပ်နာနာလေး တွယ်လိုက်မိသည်၊ သူ့မှသဒ္ဒါရေစာ ဒူးယားကိုလည်း စိတ်နာနာနှင့် အားပါး တရမီးညှိပြီးမှ မြက်ခင်းထဲသို့ တောက်ထုတ်လိုက်သည်၊

" သယ်...သွားရော့ဟာ... "

ဖောက်ပြန်သူဘက်တော်သား ဒူးယားတို၏ ကျဆုံးခန်းကို မျက်ခြည်မပြတ် လိုက်ကြည့်ကာ ကျွန်တော့် မျက်လုံးအစုံသည် တုံ့ခနဲ ဖြစ်သွား၏။

မီးညှိထားသောဆေးလိပ်မှာ တစ်ဖွာမှ နှစ်ဖွာပင် မကူးရသေး၊ သတိသည် နီဝင်ဘာအတွက် အခါမလပ်ရနေသည်၊ နီဝင်ဘာကို မြင်မြင်ချင်း စီးကရက်ကို လက်နှင့်အုပ်၍ဖွက်လိုက်သည်၊ ထိုနောက် ခြေထောက်နားသို့ မသိမသာပစ်ပြီး နင်းလိုက်သည်၊

ကြေမွတွန့်လိပ်သွားသော ဒူးယားအသစ်စက်စက်ကိုလည်း အတွယ်အတာကင်းစွာ ချန်ထားခဲ့၍ နီဝင်ဘာဆီ ခြေလှမ်းသွက်သွက်နှင့် လျှောက်လာခဲ့သည်၊

" ဟော "

နီဝင်ဘာက ပြုံးစစနှင့် ကျွန်တော့်ကို " ဟော " လိုက်သည်၊

" ဒီနေ့ နောဝ် သိပ်ကြာပါလား "

" အင်း... "

ကျွန်တော့် မျက်လုံးများက နီဝင်ဘာ့ ခြေသည်းပန်းရောင်လေး များဆီ ရောက်နေသည်၊

" အလုပ်များနေလို့လား "

"အင်း"

သည်နေရာမှာ ကျွန်တော် အခေါ်အဝေါ်နှင့် ပတ်သက်၍ အနည်းငယ် ရှင်းပြချင်သည်။ နိုဝင်ဘာ့ နာမည်ကို ပြကွဲဒိန်က အင်္ဂလိပ်လများတွင် အင်အိုဗွိနောဗ့်ဟု အတိုကောက်ရေးလေ့ရှိသည်။ ငယ်ငယ်တုန်းက အဲ ... သိပ်ငယ်ငယ်တော့ မဟုတ် အထက်တန်းကျောင်းတုန်းက သည်အတိုင်း ကျွန်တော် ခေါ်ခဲ့သဖြင့်လည်း ငယ်ငယ်က ခေါ်ကျင့် အတိုင်းပင် ခေါ်တတ်တော့သည်။

" နောဗ် "

"ဟင် "

ကျွန်တော် ခေါင်းနည်းနည်း ကုတ်စပြုပြီး ...

" ဘာပြောရမှန်းတောင် မသိတော့ဘူး "

" မပြောနဲ့တော့လေ "

နိုဝင်ဘာ မျက်နှာက မရှိုမချည်၊ ပြီးတော့လည်း စောင့်နေသော သူတို့အိမ်က ကားဘက်လှည့်ပြီး ထွက်ရန်ပြင်လိုက်သည်။

" နောဗ် ... နေပါဦး ... "

" ဘာလုပ်မလို့လဲ အထွန်း "

" စကားနည်းနည်း ပြောရအောင် "

" ဘာပြောမလို့လဲ ပြောလေ။ ဟိုမှာ ကားစောင့်နေတယ် "

တံခါးလေးပေါက် ဖယ်မလီယာကားကို ပထမဆုံးအကြိမ် ကျွန်တော် မုန်းတီးသွားဖူးသည်။

" စဉ်းစားဖို့တောင် ကောင်းပြီ နောဗ် "

" ဘာကိုလဲ "

" ကိုယ့်ကိစ္စကိုလေ "

" မစဉ်းစားချင်ပါဘူး "

" ကြာပြီလေ ... နောဗ် "

" အိုး ... မစောင့်နဲ့လို့ ပြောသားပဲ "

" စောင့်နေတာကတော့ အမှန်ပဲ နောဗ် "

" အဲဒါတော့ မတတ်နိုင်ဘူး။ နိုဝင်ဘာ သွားမယ့်ကား စောင့်နေတာကြာပြီ "

ပြောပြောဆိုဆို လှည့်ထွက်သွားသည့် နီဝင်ဘာ့ ခြေထောက်ဖြူဖြူလေးများကို ကျွန်တော်ကြည့်နေမိသည်။

ကျောက်ပြားပေါ်မှ ဖြတ်နင်းသွားသည်။

ခြေရာမကျန်ခဲ့။

"ဟင်"

သက်ပြင်းချမိသည်။

ကားမောင်းထွက်သံကြောင့် ကျွန်တော် ခေါင်းမော့လာသည်။

မြင့်မားလှသော တက္ကသိုလ် အုပ်ချုပ်ရေးရုံးကြီးအောက်ဝယ် ကိုယ့်ကိုယ်ကိုယ် သိမ်ငယ်သလို ခံစားလိုက်ရသည်။ ရုံးအောက်ခြေပတ်ပတ်လည်ကစားသိုင်းကနေသော အရုပ်များကလည်း ကျွန်တော့် မျက်စိထဲမှာ စပ်ဖြီးဖြီး ဖြစ်နေသည်။

ကျွန်တော့် ကျောတစ်ပြင်လုံး ချွေးများ နစ်နေ၏။

ဒီလို ဖြစ်ပေါင်းလည်း များလှပြီပေါ့။

○ ○ ○

[၃]

နိုဝင်ဘာကို ချစ်သည့် အချစ်သာ သစ်တုံးလေး ဖြစ်မည်ဆိုလျှင် သစ်တုံးပေါ်က မှိုလေးတွေတောင် ဆွေးရော့မည်။

နိုဝင်ဘာဆိုသည်က ကျွန်တော်နှင့် အထက်တန်းကျောင်းမှာ ကတည်းက ကျောင်းနေဖက်၊ အတန်းတူ အခန်းတူ ဆယ်တန်းမှာ တစ်ခန်းတည်းတူတူတက်လို့ တစ်ခန်းထဲတူတူ ဖြေခဲ့ကြသူတွေ။

နိုဝင်ဘာဆိုတဲ့ နာမည် ဆန်းဆန်းလေးကြောင့်ကလည်း တစ်ကြောင်း၊ သူ့ရဲ့အေးဆေးငြိမ်သက်ပြီး ငြိမ်းချမ်းတဲ့ အလှလေးကြောင့်ကလည်းတစ်ကြောင်း၊ ပညာတော်ခြင်း၊ မိဘ၏ အရှိန်အဝါနှင့် ချမ်းသာခြင်း၊ အကြောင်း အကြောင်း တွေစုပြီးတော့ နိုဝင်ဘာသည် ကျွန်တော်တို့ ကျောင်းတွင် စတားဖြစ်ခဲ့သည်။

သူနှင့်ပတ်သက်၍ သီးသန့်ရှန်းကန်လှုပ်ရှားနေကြသူတွေက လည်း ဒုန့်ဒေး။ ဒါကြောင့် ထင်သည်။ အထက်တန်း ကျောင်းတုန်းက နိုဝင်ဘာ့ကို စိတ်ဝင်စားပါလျက်နှင့် ကျွန်တော် အမြဲ ရှောင်ဖယ်ဖယ် နေခဲ့သည်။

ကျွန်တော်က တစ်မျိုး။

အပေါင်းအသင်းများထဲမှ နိုဝင်ဘာကို တပ်လန်လာသူတွေ ကြည့်၍ ကျွန်တော်ရက်သည်။ ထိုစာရင်းထဲတွင် ကျွန်တော် အမှတ် စဉ်တစ်ခု ဖြစ်ခဲ့မှာ ကြောက်သည်။

ထိုအနေအထားတုန်းကလည်း နိုဝင်ဘာသည် မည်သူ့ကိုမျှ စိတ်ဝင်စားဟန် မပြခဲ့ ။ သူကကြိုးစားသည်၊ သေဝပ်သည်၊ ဘဝ၏ နလုံးသားရေးရာထက် ပညာရေးမှာ ပို၍ စိတ်သန်ဟန် ပြခဲ့သည်။

သည်အတွက် နိုဝင်ဘာကို ချဉ်းကပ်ချင်လျက် သူနှင့် တန်းတူ သို့မဟုတ် သူ့ထက် အဆင့်မြင့်သော အနေအထားမျိုး၌ ရှိရမည်ဟု သတ်မှတ်လိုက်သည်။

ကျွန်တော် စာကြိုးစားခဲ့သည်။

ကြိုးစားခဲ့သည့်အတိုင်း ဆယ်တန်းအောင်တော့ နိုဝင်ဘာက ဂုဏ်ထူးသုံးဘာသာနှင့် ဆေးတက္ကသိုလ် ရောက်သည်။ ကျွန်တော် က ဂုဏ်ထူးလေးဘာသာနှင့် အမှတ်စုစုပေါင်းမှာ သုံးဆယ်လောက် ကျော်ဖြတ်ပြီး စက်မှုတက္ကသိုလ်သွားခဲ့သည်။

အချစ်မှာ ပညာရေးနှင့် မပတ်သက်ကောင်းဟု ဝေဖန်လျှင် လည်း ဝေဖန်ကြမည်။

ဝေဖန်ပေါ့။

အချစ်နှင့် ပညာရေးဆိုင်ရာ၊ မဆိုင်ဆိုသည်ကို ငြင်းရန်ထက် အချစ်ကြောင့် ပညာရေးကို မလုံးပန်းလျှင် ဖွတ်မရ၊ ဓားမဆုံးကာ ဖြစ် မည်ဟု အတွေးရသည်။

တက္ကသိုလ်ရောက်သည့်အခါ သည်အတွေးက အတော်က လေး မှန်လာသည်ကို တွေ့ရတော့၏။ ကျွန်တော်၏ မယုံပြိုင်သော ပြိုင်ဖက်ပေါင်း တော်တော်များများမှာ ဆယ်တန်းဆိုသည့် တုံး

အောက်တွင် ပိကျန်ခဲ့သည်။ တက္ကသိုလ်ဝန်းကျင်မှာ ရင်းနှီးစရာဟူ၍ ကျွန်တော်နှင့် သူနှစ်ယောက်တည်းသာ ကျန်ခဲ့တော့သည်။
သည်မှာ ကျွန်တော် စတင်လှုပ်ရှားတော့သည်။
ဂုဏ်ဖဲလေးတစ်ချပ်ဆောင်၍ပြောရလျှင် တက္ကသိုလ်ရောက်၍ လေးလမပြည့်ခင် နိုဝင်ဘာ့ဆီက အဖြေရသည်။
နိုဝင်ဘာကို အလွန် နားလည်ရခက်၏။
တက္ကသိုလ်ရောက်တာနဲ့ ကျွန်တော် သူ့ဆီ ရောက်သည်။ သူ့ ကျောင်းမှာကလည်း သူက အဖော်နည်း။ ရင်းရင်းနှီးနှီးရှိခဲ့ဖူးခဲ့သည့် ကျွန်တော်ကလည်း အမြဲလို ရောက်နေသဖြင့် ကျွန်တော်တို့ နှစ်ယောက် အတော်လေး တွဲဖြစ်ခဲ့သည်။
မကြာခင် ကျွန်တော် ဖွင့်ပြောဖြစ်သည်။
ထုံးစံအတိုင်း အင်တင်တင်ကာလလေးတော့ နည်းနည်း ကျော်ရသလိုပေါ့။
အဲသည်နေ့ကတော့ အဆင်ကလည်း သင့်သည်၊ အခွင့်ကလည်း ပေးသည်။
ညနေပိုင်း "ရွှေရတု" ပွဲကို သွားဖို့ သူ့သူငယ်ချင်း မာလာနဲ့ သင်းသင်းတို့ကို ချိန်းထားသဖြင့်...
တစ်နေ့လုံးကျွန်တော်နှင့် စကားပြောချိန် ရသည်။ စားသောက်ဆိုင်တန်းက အအေးဆိုင်လေးမှာ စကားပြောပွဲလေး အကြာကြီးကျင်းပရတော့သည်။
စဉ်းစားမည်ဆိုသော စကားနှင့် သူက ရှောင်သည်။ ကျွန်တော်ကလည်း စဉ်းစားစရာ အများကြီးအချိန်မလိုပါဟူသော စကားနှင့် နေလား၊ လလား ခွဲခြားသည်။
"ဒါမျိုး ဆိုတာက အလောတကြီး မဆုံးဖြတ်သင့်ပါဘူး။ အထွန်းရယ်...နိုဝင်ဘာ သေချာစဉ်းစားပြီးမှ အဖြေပေးပါရစေ..."
"မဟုတ်သေးဘူး နော်ဝ်...၊ စဉ်းစားတယ်ဆိုတာက အချက်အလက် သိသင့်သိထိုက်တာတွေ မပြည့်စုံမှ စဉ်းစားရမှာပေါ့။ ကိုယ်နဲ့

ပတ်သက်လို့ နော့်စ်မှာ မသိတာ ဘာမှမရှိဘဲ ။ နော့်စ်ဆီမှာ အဖြေရှိနေပါပြီ၊ အဲဒီအဖြေပဲ ပေးပါ၊ နော့်စ် ဘာဖြစ်ဖြစ်ပါ . . . "

" ဒါဖြင့် မုန်းတယ်လို့ အဖြေပေးရင်ကော "

" ကိုယ် နောက်ဆုတ်ရုံပေါ့ နော့်စ် . . . "

" ဒါဖြင့် နောက်ဆုတ်ပါလား ထွန်း "

" ဟင့်အင်း နော့်စ်၊ ကိုယ့်ကို ရဲရဲပြော၊ ထွန်းနိုင် နင့်ကို ငါ မုန်းတယ် တစ်သက်လုံး မချစ်နိုင်ဘူးလို့ပြော၊ ကိုယ် ပြန်မယ် "

" အို . . . ဘယ်သူက မုန်းတယ် ပြောလို့လဲ "

" ဒါဖြင့် ချစ်တယ် ပြော "

" ချစ်လည်း မချစ်သေးတာတော့ အမှန်ပဲ အထွန်း၊ နီဝင်ဘာ မညာဘူး "

" ဟာ . . . နော့်စ် ဒါတော့ စကားနှစ်လုံးတည်းနဲ့ ကပ်ရှုပ်ပြီကွာ "

ဒီတော့ သူက ရယ်သည်၊ ကျွန်တော့် အပြောနှင့် ကျွန်တော့်အမူအရာက အ်တော်လေးစိတ်ညစ်နေပြီဆိုသည်ကို သူ သိသည် ထင်၏။

ဒီအတိုင်း လုံးချာလိုက်နေသော စကားဝိုင်းကို မာလာနှင့် သင်းသင်း က ဆုံးဖြတ်ပေးလိုက်သည်။

" ဟော . . . မာလာနှင့် သင်းသင်းလာပြီ အထွန်း၊ ရွှေရတုပွဲ သွားရအောင် "

" ကိုယ် လိုက်ခဲ့ရမလား "

" သဘောပဲလေ "

လည်ရာမှာ စာရင်းချုပ်ရန် ကျွန်တော် ကြိုးစားလိုက်သည်။

" နေဦး နော့်စ် . . . ၊ ကိုယ်တို့ကိစ္စကို ကိုယ်ကွဲကွဲပြားပြားသိချင်နေတယ် ။ ဒီတော့ ကိုယ်ပြောမယ် နော့်စ်၊ ဟိုမှာ သင်းသင်းတို့ စောင့်နေတယ်။ သွားလဲသွားရတော့မယ်။ ကိုယ့်ကိုလက်ခံရင် ကိုယ်လိုက်ခဲ့မယ် ကိုယ့်ကိုလက်မခံရင် ကိုယ်ပြန်မယ်။ တစ်ခါတည်း ဖြေပေးပါ နော့်စ် . . ၊ ကိုယ်လိုက်ခဲ့ရတော့မလား၊ ပြန်ရမလား "

နီဝင်ဘာက ကျွန်တော့်ကို ကြည့်၍ပြုံးလိုက်သည် ။

ပြီးတော့ သူ့လက်သုံးစကားနှင့်ပင်။

" ဒါတော့ သူ့သဘောပဲလေ "

ဆိုပြီး သင်းသင်းတို့ဆီ လျှောက်သွားတော့သည်။ ကျွန်တော်ဘာလုပ်ရမှန်းမသိဖြစ်ကာ...

"နေဦးလေ နော်စ်...၊ ကိုယ့်ကိုပြောလေ၊ ကိုယ်လိုက်ခဲ့ရမလား၊ ပြန်ရမလား"

" သဘောပါလို့ ဆိုနေမှ "

" ဒါဖြင့် ကိုယ့်ပြောတဲ့အဓိပ္ပာယ်နဲ့ပဲနော် "

ဒီတော့ နီဝင်ဘာက ပြုံး၍ ခေါင်းညိတ်ပြသည်။

"ဟော...ဟုတ်ပြီ၊ ကိုယ်လိုက်ခဲ့မယ် "

ဒီတော့ နီဝင်ဘာက ပြုံး၍ ခေါင်းညိတ်ပြသည်။

" ဒါဖြင့် နော့စ် ကိုယ့်ကို ချစ်တယ်ပေါ့နော် "

ဒီတော့ နီဝင်ဘာက ပြုံး၍ ခေါင်းညိတ်ပြသည်။

ရွှေရတုပွဲစသည့်နေ့

ညနေလေးနာရီ....။

○ ○ ○

## [၄]

ရွှေရတုပွဲစသည့်နေ့

ညနေလေးနာရီ ဆယ့်ငါးမိနစ်။

ဆေး(၁) ရန်ပုံငွေဆိုင်ရှေ့အရောက်တွင် နီဝင်ဘာက…

" နီဝင်ဘာတို့ ဆိုင်မှာ ခဏနေဦးမယ်၊ အထွန်း…ခဏ စောင့်နော် "

" အိုကေ…နောက်ဗ် ။ ကိုယ် အာအိုင်တီဆိုင်ဘက် ခဏသွားဦးမယ် "

နီဝင်ဘာကိုကျောခိုင်း၍ထွက်လာသောကျွန်တော့်ကိုယ်အနေအထားမှာ တစ်မျိုးဖြစ်သည်။ ခါတိုင်းနှင့်မတူသော လူတစ်ယောက်၊ ခါတိုင်း ကျွန်တော်မဟုတ်သည့် ကျွန်တော် ဖြစ်နေသလို။

ဝမ်းသာသည်ဆိုသောစကားသည် ပြည့်စုံသော ကြိယာ မဟုတ်၊

"ဟေ့ ကောင် ထွန်းနိုင် ... ဘယ်လဲ"

ကြားနေကျ အသံဖြစ်သဖြင့် မှတ်မိလိုက်သည်၊သက်အောင်၊ ကျွန်တော်နှင့် အတန်းတူ သူငယ်ချင်း။ သည့်တော့မှ နဂိုက သွားရန် ရည်ရွယ်သော စက်မှုတက္ကသိုလ် ရန်ပုံငွေဆိုင်ကို ကျော်လာခဲ့မှန်း သိလိုက်သည်၊

သက်အောင်ဘေးတွင် အထက်တန်းကျောင်းကတည်းက သူငယ်ချင်းများဖြစ်သော ဝင်းမြင့်နှင့် ခင်မောင်ထွေးကို တွေ့လိုက်ရသည်၊ ကျွန်တော့် စိတ်ထဲမှ ရုတ်ခြည်းဖြစ်လာသော ဆန္ဒကို မတားဆီးလိုက်နိုင် ၊

"လာစမ်းကွာ ၊ မင်းတို့ကို ငါကျွေးချင် မွေးချင်နေတယ် ၊ ဦးချစ်ဆိုင် သွားမယ်"

"ဟ ... ဒီဈေးတန်းမှာ ဒီလောက်ဆိုင်တွေ များရတဲ့အထဲ ဦးချစ်ဆိုင်လို့ကွာ"

ဝင်းမြင့်က ကျွန်တော့်ကို အူတူတူ သတ္တဝါတစ်ကောင်ကို ကြည့်နည်းမျိုးနှင့် ကြည့်၍ ပြောလိုက်သည်၊

"လာစမ်းပါဝင်းမြင့်ရာ...ရည်မနေနဲ့၊ကျွန်တဲ့ကောင်တွေလည်း လာစမ်းပါ . . . ၊ငါ့ဆီက စားရခဲဘိခြင်း"

တစ်ခုခု ထူးနေပြီဆိုသည်ကို သူတို့သိလိုက်ကြပြီ ၊ ကျွန်တော်တို့ အသိုင်းအဝိုင်းမှာက ကြားစရာလေးရှိပြီဆို ကျွေးပြီး မွေးပြီးမှ အားရအောင် ကြွားကြသည် မဟုတ်လား ၊

"ဟေ့ကောင် မင်းဘာဖြစ်လာတာလဲ"

မအောင့်နိုင်သော ခင်မောင်ထွေးက မေးသည်၊ ကျွန်တော်က လည်း ကျွန်တော့် စကားကို တန်ဖိုးသိပ်ရှိစေချင်သော အခြေအနေ ရောက်ပြီမို့ ...

"လာစမ်းပါ ... ဟိုရောက်တော့ ပြောမှာပေါ့"

အမရဆောင် ရှေ့ပေါက်ကနေ တက္ကသိုလ်ဝင်းထဲ ဝင်လာကြသည်။ တက္ကသိုလ်နယ်မြေသည် ခါတိုင်းထက် ပိုလှနေ၏။

ရာမညထဲက ဖြတ်ပြီး ထွက်လာသည် အထိ ကျွန်တော် ဘာမျှမပြောဖြစ် သည်တော့ ခင်မောင်ထွေးက...

" ရှီးပဲ... ပြောစရာရှိ ပြောတာမဟုတ်ဘူး။ ကာလံ ဒေသံ ရွေးနေရသေးတယ် "

ကျွန်တော်က အောင်မြင်သော လေသံနှင့် ခပ်ဟက်ဟက် ရယ်လိုက်ပြီး...

" ပြောပါ့မယ် သူငယ်ချင်းရာ၊ သိပ်တန်ဖိုးရှိတဲ့ သတင်းမို့ ဈေးနည်းနည်းကိုင်ထားတာပါ "

ဦးချစ်ဆိုင်ထဲ ရောက်လာကြသည်။

" ကဲ...ဘာသောက်မလဲ "

ဆိုင်ထဲဖွင့်ထားသော ဂျင်မီရိက်၏ တေးသံတွင် ဖျတ်ခနဲ စိတ်ရောက်သွားသည်။ သူတို့ တစ်ဦးစီ ပြောလိုက်သံများကို မကြားလိုက်မိ။

" ဘာသောက်မလဲ ပြောကြလေကွာ "

" သေချင်းဆိုး...တို့ အားလုံးပြောပြီးပြီ "

သည်တော့မှ လွင့်ပျံနေသော အာရုံများကို စုစည်း လိုက်ပြီး...

" ငါမကြားလိုက်လို့ပါကွာ...ပြန်ပြောပါဦး "

" အားလုံး လက်ဖက်ရည်ချည်းပဲ။ ပေါင်မုန့်ကြော်လည်း မှာ "

ကျွန်တော်လှမ်းအော်ပြီးမှာလိုက်သည်။အားလုံးနေသားတကျရှိနေပြီဆိုမှ...

" ငါ ပြောလိုက်ရင် မင်းတို့ သိပ်အံ့ဩသွားမယ် "

သူတို့က ပြုံးစေ့စေ့နှင့် ကြည့်နေကြသည်။

" ဟင်...လုပ်ပါဦး "

" တကယ် ပြောတာပါ ၊ မင်းတို့ယုံတောင်ယုံမှာ မဟုတ်ဘူး "

"လုပ်စမ်းပါကွာ...၊ပြောမှာပြောစမ်းပါ၊အချီးတွေသိပ်များမနေစမ်းပါနဲ့ "

"ဒီလို..."

ကျွန်တော် စကားခဏ ရပ်လိုက်ပြီး သူတို့ မျက်နှာများကို အကဲခတ်လိုက်သည်။

ငုံနေသော ဝင်းမြင့်က မျက်လုံးလှန်၍ မော့ကြည့်လိုက်သည် ။ ခင်မောင်ထွေးက မျက်ခုံးပင့်လျက် သက်အောင်ကတော့ ပြုံးစေ့စေ့နှင့် အားလုံး စိတ်ဝင်စားနေပြီဟု ယူဆရမှ ကျွန်တော်က...

"ငါနဲ့ နီဝင်းဘာ...ချစ်သွားကြပြီ"

"ဟေ..."

၀ ၀ ၀

# [၅]

"သူငယ်ချင်းတွေကို ပြောပြလိုက်တော့ သိပ်အံ့အားသင့်သွားကြတယ် နော့ဝ်"

နီဝင်ဘာနှင့် ကျွန်တော် ပြန်ဆုံသည့်အခါ သည်စကားကို အရင်ဆုံး ပြောလိုက်မိသည်။

"ဟင် ... သူ လျှောက်ပြောလိုက်ပြီပေါ့ ဟုတ်လား"

"အင်း ..."

"ဘာလို့ လျှောက်ပြောရတာလဲ၊ ရုက်စရာကြီး"

"မဟုတ်ဘူးလေ ... ကျန်တဲ့သူတွေ အားလုံးကို ကြေညာလိုက်ရတော့တာပေါ့။ နီဝင်ဘာဟာ ဘယ်သူနဲ့မှ မဆိုင်တော့ဘူး။ ကိုယ်နဲ့ ဆိုင်သွားပြီ ဆိုတာ"

" ဘာဆိုင်လို့လဲ "

" ဆိုင်တာပေါ့နော့်ရဲ့ အချစ်နဲ့ပတ်သက်လာရင် ကိုယ့်အနေနဲ့ လုံးဝပတ်သက်သွားသလို နော့်ကလည်း ကိုယ့်အတွက် လုံးဝပတ်သက်သွားပြီလေ ။ ကိုယ့်တို့ အချစ်စည်းဝိုင်းထဲ ဘယ်သူမျှ ဝင်လို့ မရတော့ဘူးပေါ့ "

" နေပါဦး...အထွန်း "

" ခဏနေပါဦး နော့်ရဲ့ ကိုယ်နည်းနည်းပြောပါရစေဦး၊ ကိုယ် ဒီနေ့ သိပ်ပျော်နေတယ်၊ ဒီနေ့ကို မှတ်မှတ်ရရ ရက်တစ်ရက် ဖြစ်သွားအောင် ကိုယ့်သူငယ်ချင်းချင်းတွေကို အဝကျွေးလိုက်တယ်၊ပြီးတော့ တစ်နှစ်ပြည့်တိုင်း တစ်ခါကျွေးမယ်လို့ ဖိတ်လိုက်တယ်၊ နော့်အတွက်လည်း အမှတ်တရ ပစ္စည်းလေးတစ်ခု ယူလာတယ်။ အဖိုးတော့ မတန်ဘူး။ ဒါပေမဲ့ နှစ်တိုင်း နှစ်တိုင်း နော့်ရဲ့အောင်မြင်မှုလေးကို အသိအမှတ်ပြုထားတာလေးကို အကာအကွယ်ပေးဖို့ပေါ့။ ဘာလဲ သိလား။ ကိုယ်တို့ အာဒိုင်တီက ထုတ်တဲ့ ဒိုင်ဒင်တတီကတ်ကာဗာလေးပေါ့၊ အာဒိုင်တီ တံဆိပ်လေးလည်းပါတယ် စုစုပေါင်း ခုနှစ်ခု "

ကျွန်တော် စကားများစွာ ပြောနေမိသည်။ ထပ်လည်း ပြောချင်နေသေးသည် ။ ပြောစရာစကားများ ကျွန်တော့ ရင်ထဲတွင် လျှံထွက်နေသည် ။

သို့သော် ကျွန်တော့်စကားများသည် ချက်ချင်း ခြေခေါက်လဲသွား၏။ ကျွန်တော် ဝမ်းသာမှုသည်လည်း ရုတ်ခြည်း ပြတ်တောက်သွား၏။ နိုဝင်ဘာ့နှုတ်မှ မတိုးမကျယ် ထွက်လာသော လေသံက ကျွန်တော့်ကို တုန်လှုပ်သွားစေသည်။

" အထွန်း...နင့်ကို တို့ မချစ်ဘူး "

" ဘာ...ဘာရယ်...နော့် "

" တို့ပြောတာ သေသေချာချာ နားထောင်ဦး ထွန်းနိုင်။ နင့်ကို တို့ ချစ်လို့မရသေးဘူး "

" ဘာဖြစ်လို့လဲ နော့် "

"ဘာမှဖြစ်လို့ မဟုတ်ဘူး အထွန်း၊ နင် နားလည်နိုင်အောင် ဘယ်လိုပြောရမယ်ဆိုတာ တို့မသိဘူး။ ဒါပေမဲ့ နင့်ကို တို့ ချစ်တယ် လို့ ပြောပြီးတော့ သိပ်နောင်တရသွားတယ်၊ ဒီစကားကို ဘယ်လို ပြန်ရုပ်သိမ်းရရင် ကောင်းမလဲဆိုတာကိုပဲ တို့တွေးနေမိတယ်"

ကျွန်တော့်ရင်ထဲတွင် မည်သို့ ခံစားရမည်ကို ကျွန်တော်ပြန်၍ မပြောပြတတ်။ ရင်ထဲမှာနာကျင်သောဝေဒနာတစ်ရပ်တလှိုက်လှိုက် တက်လာသည်ကိုသာ မှတ်မိတော့သည်။

ရာတန်၊ ငါးဆယ်တန် တရားမဝင် ကြေညာတုန်းက မကြေညာ ခင်လေး ကပ်ပြီး ပွပေါက်တိုးသဖြင့် သိန်းနှင့်ချီ ရာတန်တွေ ပိုက်မိ နေသောလူ၏ ခံစားမှုမျိုး ဖြစ်နေသည်။

"ဘယ်လိုဖြစ်ရတာလဲ နော့်ဝ်ရယ်"

ကျွန်တော့် ရင်ထဲမှ ပြုလာသော စကားလုံးများသည် ကြိုးပြတ် သော စွန်ကဲ့သို့ ဝေ့ဝဲကျလာသည်။

"တို့ မပြောတတ်ဘူး အထွန်းရယ်၊ နင့်ကို တို့ချစ်တယ်လို့ ပြောပြီးတဲ့ အချိန်မှာ တို့ ရင်ဖိုပြီး နွေးနွေးထွေးထွေး ခံစားရမယ်လို့ တို့စိတ်ထဲမှာ ထင်ခဲ့တယ်။ တကယ်ကျတော့ တို့ ဒီလို မဖြစ်ဘူး၊ တို့ နောင်တပဲရတယ်၊ တို့ မှားသွားပြီလို့ ထင်နေတယ်"

"အဲဒီတော့"

"အဲဒီတော့ တို့ကို မေ့လိုက်ပါတော့ အထွန်းရယ်"

သည်တော့မှ ကျွန်တော့်ကိုယ် ကျွန်တော်သတိထားမိသည်။ ကျွန်တော့် တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေ၏။

၀ ၀ ၀

## [၆]

"……..အဲဒါပဲ သက်အောင်၊ ငါရက်လည်းရက်တယ်ကွာ၊ အထူးသဖြင့် ရက်တာထက် လုံးဝ လက်လျှော့လိုက်ပြီဆိုတဲ့ အသိက ငါ့ကို ဝိုပြီး ယူကျုံးမရအောင် လုပ်နေတယ်။ ငါ့မှာ ဘာတွေ ချွတ်ယွင်းချက်ရှိနေလို့လည်း သက်အောင်၊ ငါ့မှာ ဘယ်လောက်ဆိုးဝါးတဲ့ ပြစ်ချက်တွေရှိနေလို့ ငါသိပ်ချစ်တဲ့သူက အဖြေပေးပြီးမှ ပြန်ရုပ်သိမ်းသွားရတာလဲ၊ ငါ သူ့အတွက်ဆိုပြီး အစစ အရာရာ စောင့်စည်းလာခဲ့တဲ့ ကြိုးစားလာခဲ့တဲ့ လုံ့လ ဥဿာဟတွေကကော ဘာမှ လာမကူတော့ဘူးလား။ ငါ သူ့ကို ချစ်ခဲ့တဲ့ အချစ်တွေ ၊ မျှော်လင့်ချက်တွေကို ငါ ဘယ်လိုလုပ်ရတော့မလဲ၊ ငါတစ်သက်လုံး သူ့ကို မမေ့နိုင် မဖျောက်နိုင် မျှော်လင့်နေရမယ့် ကြေကွဲနေရမယ့် အဖြစ်ကြီးကို

ငါ ဘယ်လိုလုပ်ရင်ဆိုင်ရတော့မလဲ။ ငါ့ဘဝမှာ ဘာအဓိပ္ပါယ် ရှိသေးလဲ၊ ငါ့ဘဝ ရေစုန်မျောသွားပြီ သက်အောင်။ ငါ ဒီဘဝမှာ ဘာမျှ အဓိပ္ပာယ် မရှိတော့ဘူး"

နိုဝင်ဘာနှင့်တုန်းက ဘာမှ မပြောတတ်တော့သဖြင့် နှုတ်ဆိတ်ရေငုံ ခေါင်းငုံ့ပြန်လာခဲ့သည့် ကျွန်တော်သည် သက်အောင် ရှေ့ကျမှ ရင်ပွင့်ကုန်သည်။

နိုဝင်ဘာ့ထံမှ အကျအဆုံးများစွာဖြင့် ပြန်လာပြီး ကျောင်းရန်ပုံငွေဆိုင် ဝင်သည်။သက်အောင်အဆောင်ကိုပြန်သွားသည်ဆိုသဖြင့် အဆောင်ကို လိုက်ခဲ့၏ ။ အဆောင်ရောက်မှ သက်အောင်ကို ခေါ်ပြီး ကျောင်းရှေ့ ပေါ်တီကို အောက်လှေကား၌ ထိုင်ကြသည်။

ညက ညည့်နက်လုလု ဖြစ်နေပြီ။

ခပ်လှမ်းလှမ်း ဘီပီအိုင်ရပ်ကွက်ဘက်မှ လွင့်လာသောသံချောင်းသံအရ အနည်းဆုံး ဆယ်နာရီလောက် ရှိနေပေမည်။

လမိုက်ည ဖြစ်၍ လသည် ကမ္ဘာ၏ ဗီလာဘက်၌သာ လင်းနေသည်။

ဘီပီအိုင်ဘက်မှ ဖြာထွက်လာသော မီးရောင် ဝါဝါများ ရန်ကုန်အင်းစိန်လမ်းမပေါ်မှာကြူရီမီးရောင်များသာအလင်းကျိုးတိုးကျဲတဲကို ဖန်ဆင်းပေးနေသည်။ မီးရောင်မကွယ့်တကွယ်နှင့် စိန်ပန်းပင်အုပ်ဆိုင်းဆိုင်းနှင့် ကျောင်းမြံစည်းရိုး အုတ်တံတိုင်းလေးသည် လွမ်းချင်စရာ ကောင်းနေသည်။

အနောက်ဘက်က ဝှေလာသည့် လေအေးအေးသည် ကျွန်တော့်ကိုဖြတ်၍ သက်အောင်ဆီ သွားရိုက်၏။ သက်အောင်က တိုက်ပုံရင်ဖုံးကို ဆွဲစေ့လိုက်ရင်း...

"အင်္ဂလိပ်နီယာစကားနဲ့ပြောရရင်တော့ ပြန်ဆောက်ရမယ် ထွန်းနိုင်။ မင်းကော့စ်က တစ်မျိုးဖြစ်နေတယ်၊အဆောက်အအုံ မြေကလည်း နိုင်တယ်၊ အကွက်အကွင်းလည်း မှန်တယ်၊ ဆောက်ကြည့်တော့လည်းလှလှပပ ဖြစ်လာတယ်၊ ဒါပေမဲ့ အားလုံးပြီးမှ ပြိုကျသွား

တယ်ဆိုတော့ သေရာတာက တည်ဆောက်ပုံမှာ ချို့ယွင်းချက် ရှိလို့ပဲ"

" တစ် . မင်းကို သူလက်စံချင်နေတဲ့ အနေအထားရှိတယ် "

" နှစ် . မင်းကို သူလက်စံတဲ့ အထိ ဆုံးဖြတ် ပြီးသွားတယ် "

" သုံး . သူ့ကိုယ်သူ ဘာမှ မရေရာ ဖြစ်နေတဲ့ သဘောလည်းရှိတယ်"

"ဒီတော့ . . . မင်းကိစ္စက ဇာတ်သိမ်းပြီလို့ မဆိုနိုင်ဘူး ထွန်းနိုင်၊ ဇာတ်လမ်း လုံးချာလည်နေတုန်းလို့ ငါထင်တယ် "

သက်အောင်၏ စကားကြောင့် ကျွန်တော်ရယ်ချလိုက်သည်။

" ဟား . . . ဟား . . . ဟား . . . မင်းတော်တယ် သက်အောင်၊ ငါ့ကို ဖြေသာအောင်ပြောတတ်တယ်၊ ဒါပေမဲ့ ဖြေသာရုံသက်သက်ပဲ ဆိုတာ ငါသိပါတယ်၊ အဲ . . . မင်းက ပိုသိပါတယ် "

" မဟုတ်ဘူးလေ သူငယ်ချင်း "

" ဟုတ်ပါတယ် သက်အောင်ရာ၊ မင်းနဲ့ငါ ပေါင်းလာတာကြာပြီပဲ မျှော်လင့်ချက် သိပ်မရှိတော့ဘူးဆိုတာ သိရက်နဲ့ မင်းကလည်း အပိုတွေ ပြောမနေပါနဲ့တော့၊ ငါစိတ်ဓာတ်ပျက်သွားတဲ့အထိ မဖြစ်ပါဘူး၊ စိတ်ချ၊ ငါ့ကိုယ်ငါ ပြန်ပြီး တည်ဆောက် ယူပါ့မယ် "

" အေး . . . ငါပြောချင်တာ ဒါပါပဲ "

ပေါ်တီကို အမိုးကို ထောက်ထားသော ဇရာမတိုင်ကြီးကို ကျောမှီထားရာမှ လက်ဖြင့် နောက်ပြန် သိုင်းဖက်လိုက်ပြီး ကျွန်တော်က . .

" ယောက်ျားပါကွာ၊ ငါ ဆွေးရင်တော့ ဆွေးမှာပေါ့၊ ငါ သူ့ကို ချစ်တာကိုး၊ သူ့ကို ဆုံးရှုံးတဲ့အတွက် ငါ့မှာ တစ်စုံတစ်ရာ ခံစားမှုတော့ ရှိမှာပေါ့၊ ဒါပေမဲ့ . . .

ကျွန်တော့်စကားများက "ဒါပေမဲ့ "များဖြင့် စိတ်ဓာတ်ရှောတိုင်တက်နေသည်။

ဆောက်တည်ရာမရ ဖြစ်နေသော စိတ်ကိုလည်း ကိုယ်မှ ခွာ၍ မြင်နေရသည်။ အသိဆိုသော အရံအတားကလည်း မျက်ဝါးထင်ထင်၊ သည်အရံအတားကလေး မရှိလျှင် ဘဝကမ်းပါးလေး ပြိုသွား

နိုင်သည်။ ဒါလေး တစ်ခုကြောင့်သာ ကောင်းကင်မှ ရွာလည်ကျလာသော ကျွန်တော့် စိတ်ဓာတ်သည် လေထီးနှင့် ဖြစ်နေသည်။

" လာကွာ၊ အောင်သိပ္ပံ သွားရအောင်၊ လက်ဖက်ရည် သွားသောက်ရင် ကောင်းမယ် ...."

သက်အောင် လူတော် ဖြစ်၏။

ကျွန်တော်တို့ တစ်တွေ ရည်းစားထားချင်စိတ် ပေါ်လာလျှင် သက်အောင်လို သူငယ်ချင်းတစ်ယောက် ရှိထားသင့်သည်။ သို့မှ ဘဝတွင် စံသာမည်။

အသည်းကလည်းကွဲချင်ချင်၊ ခုနေခါများ၊ အရက်သောက်ဖို့ အဖော်ညှိသည့် သူငယ်ချင်းနှင့်သာဆိုလျှင် အင်း ....။

" ဘာလဲ သက်အောင်၊ အသည်းကွဲရင် လက်ဖက်ရည်နဲ့ စိမ်ပြီး ကုသရတယ်လို့ မင်းပြောနေတာလား "

ကျွန်တော် ရွတ်လိုက်မှန်း သူ သိသည်။ သူ့မျက်နှာလည်း ပြုံးလာသည်။

" မင်းမဆိုးဘူး ထွန်းနိုင်၊ မင်းကိုယ်မင်း အသည်းကွဲနေပြီလို့ ယူဆနေတဲ့ကြားက ဒီလို ရွတ်နိုင်တာ၊ ဒါပေမဲ့ မင်း အသည်းကွဲတဲ့ အဆင့် မရောက်သေးပါဘူးကွာ "

" ဒါဖြင့် ဘယ်အဆင့်လဲကွ "

" အသည်းလုံးချာလိုက်နေတဲ့ အဆင့်ပဲ ရှိပါသေးတယ် "

" နို့ ... ဘယ်တော့မှ အသည်းကွဲမှာလဲ "

" နိဝင်ဘာ ယောက်ျားယူတဲ့ နေ့ပေါ့ "

○ ○ ○

# [၇]

ဘဝမှာ သည်တစ်ခါလောက် အားငယ်သွားတာမျိုး တစ်ခါမျှ မကြုံဘူးခဲ့…။

ခါတိုင်းလိုပင် ဆေး (၁) ကျောင်းနောက်ပေါက်ကထွက်၍ စားသောက်ဆိုင်များဘက်လာခဲ့သည်။အချိန်ကနေ့ခင်းကျောင်းနားချိန်ဖြစ်၍ နီဝင်ဘာ ဒီမှာ ရှိမည်ဆိုသည်ကို ကျွန်တော် သေချာပေါက်သိနေသည်။

ထင်သည့်အတိုင်း သံတိုင်တန်းကို ခေါင်းငုံ့ ခြေကျော် ကျော်ဝင်လိုက်လျှင် အအေးဆိုင်၌ နီဝင်ဘာကို လှမ်းတွေ့လိုက်၏။

စိမ်းလိုက်သည့် နီဝင်ဘာ…။

Quality Publishing House

ကျွန်တော့်ကို ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။ တစိမ်းကြည့်၊ သူ့အကြည့်တွင် ရုပ်ရှင်မစခင် ဆလိုက်ထိုးသော ကြော်ငြာများကို ကြည့်သော အကြည့်လောက်ပင် စိတ်ဝင်စားမှု မပါ။

ပြီး...မသိသလို ပြန်လှည့်သွားသည်။ အဒေးငုံ့သောက်သည် နီဝင်ဘာ လူကြမ်းမ။

သူ့ဖဘားက သူငယ်ချင်းနစ်ယောက်ကမှ ရင်းနှီးသေးသည်။ ပြုံးပြသည်၊ ထရပ်သည်။

နီဝင်ဘာက သူတို့နစ်ယောက်ကို ကြည့်လိုက်ပြီး...

" ဘယ်သွားမလို့လဲ၊ မသွားပါနဲ့ "

သူငယ်ချင်း နစ်ယောက်၏ လှစ်ခနဲ ကြည့်လိုက်သော အကြည့်တစ်ခု ကျွန်တော့်ထံ ရောက်လာသည်။ စကားများက နီဝင်ဘာ ဆီသို့...။

"မင်းတို့ စကားပြောကြပါကွာ၊ တို့စာအုပ်ဆိုင်ဘက် ခဏသွားမလို့ "

" တို့မှာ ပြောစရာစကား မရှိပါဘူး "

" ဒေါင်...."

နီဝင်ဘာ့ စကားသံက ကျွန်တော့် နောက် ခေါက်ဆွဲဆိုင်က ဒယ်အိုး ခေါက်သံနှင့် အပြိုင် နားထဲကို စူးခနဲ ဝင်လာသည်။

" သွားမယ်နော် "

သူ့ သူငယ်ချင်း နစ်ယောက်က ကျွန်တော့်ကို နှုတ်ဆက်သည်။

" မသင်းသင်း တို့ သွားစရာရှိမှ သွားနော်၊ ရှောင်မပေးနဲ့ ကျွန်တော့်မှာလည်း ပြောစရာစကား တစ်ခွန်းမှ မရှိဘူး "

ကျွန်တော့် စကားသံမှာ မာနရိပ်ကလေး အရောင်လက်သွားသည်၊ မာလာက ရိပ်မိသည်။

" ကဲပါ . . . ကိုယ့်ဘာသာပဲ ပြောကြပါ၊ မာလာတို့ သွားစရာရှိလို့ပါ၊ စောစောက သူတစ်ယောက်တည်း ဖြစ်နေမှာစိုးလို့ ထိုင်စောင့်ပေးနေကြတာ၊ ခုအဖော်ရပြီပဲ၊ ပြောစရာမရှိတာလေးတွေပဲ ပြောနေကြပေါ့ "

ကျွန်တော်တို့ နှစ်ယောက်ကို ပြုံးစစနှင့် ကြည့်ပြီး ထွက်သွားကြသည်။

နီဝင်ဘာက ခေါင်းငုံ့မပျက်၊ ကျွန်တော် သံဘူးတစ်ခွက် မှာလိုက်သည်။ သူ့ရှေ့တည့်တည့်က ကုလားထိုင်းကိုလည်း ဆွဲယူထိုင်လိုက်သည်။ နီဝင်ဘာ ခေါင်းမဖော်..၊

သံဘူးရည် စိမ်းညို့ညို့လေးတစ်ခွက် ကျွန်တော့်ရှေ့ရောက်လာသည် ။ နီဝင်ဘာရှေ့တွင် သောက်လက်စ သစ်ခွရည် ဖန်ခွက်လေးရှိသည်။ အစိမ်းဘက်ကို လုနေသော ခွက်နှစ်ခွက်၊ တစ်ခွက်နှင့်တစ်ခွက်မတူ။ ကျွန်တော့်ခွက်က မစိမ်းချင်စိမ်းချင် ခပ်ချဉ်ချဉ်နှင့် စိမ်းနေသည်။ သူ့ခွက်က ချိုမြိန်သော အစိမ်းပြင်ပြင် စိမ်းနေသော အစိမ်း။

ကျွန်တော် ဖန်ခွက်ကို ကျွန်တော် ဘေးဖယ်ထားလိုက်သည် ။ ချဉ်စိမ်းလေး လှုပ်ရှားသွား၏။

" နော့ဝ် . . . ဘာဖြစ်နေလဲ "

ကျွန်တော် လေသံက တိုးပြီး ညင်သာနေသည်။

နီဝင်ဘာက မော့မကြည့်။

" နော့ဝ် . . . စကားမပြောတော့ဘူးလား "

" တို့မှာ ပြောစရာမှ မရှိတာ "

စားပွဲ ကသိုက်းရှုနေသည့် စိမ်းမ နီဝင်ဘာဆီက ဝါး စိမ်းကြောလို ရှနေတဲ့ စကားသံထွက်လာသည်။

စိတ်ထဲတွင် နင့်ခနဲ ဖြစ်သွားသည်။

ရွှေရတုပွဲမှာ အလဲအကွဲ ခံလိုက်ရပြီးကတည်းက ဆေး (၁) ဘက်ကို ခြေဦးမလှည့်ခဲ့။ အတော်လေးကြာအောင်နေခဲ့သည်။ သည်အဖြစ်မျိုး ကြုံရမည်ထင်၍ ကြောက်၍ မလာဝံ့ခဲ့ခြင်းပင်။ သည်နေ့ပူဆာသောစိတ်ကြောင့် တွေချင်လွန်းလှစွာ ထွက်လာလည်း သည်အဖြစ်မျိုးနှင့်ပင် ဒက်ထိ ကြုံနေရသည်။

တစ်ခုပဲရှိသည်။ သည်လောက်ဆိုးရွားမည် မထင်ခဲ့။ သူ့ထက်ဆိုးသော အဖြစ်ပင် သူ့ဖလောက် ဆိုးမည် မထင်။

ကျွန်တော် ဘာလုပ်ရမှန်းမသိတော့။ ကျွန်တော့်လွယ်အိတ်ထဲတွင် ဆလိုက်ရှိုးပါသည်။ ကာဆီယိုကွန်ပျူတာ အသေးစားလေးလည်းပါသည်။ သည်ပစ္စည်းများသည် လျှပ်စစ်ဓာတ်ခဲ ခက်ခဲသောသရုပ်ပြများကို ခုနလေးတင် ဖြေရှင်းပေးခဲ့သော်လည်း ယခုမူလွယ်အိတ်ထဲ၌ အကြောင်နာကင်းမဲ့စွာ ခွေနေကြသည်။

ထပြန်ရတော့မလား။

သို့မဟုတ် . . . စကားပဲ ပြေလည်အောင် ဆက်ပြောပြီး အခြေမပျက်လေး နေရမလား။

ကျွန်တော် ဘာလုပ်ရမှန်း မသိတော့။

ဘာလုပ်ရမှန်းမသိသဖြင့် ဘာမှမလုပ်ဘဲ ဆေးလိပ်ထဝယ်လိုက်သည်၊ မချွေချော‌က မော်တောင် မကြည့်။

ဒူးယားသုံးလိပ် ယူလိုက်ပြီး ကျပ်တန်တစ်ရွက်ပေးလိုက်သည်။ တစ်လိပ်ကိုမီးညှိလိုက်စဉ်မှာကျွန်တော်မျက်လုံးများကတစ်စုံတစ်ခုကို လှမ်းမြင်လိုက်ရသည် ။ရောက်သီးဆေးပြားထုပ်ကလေး၊ အိမ်မှာညီမတွေစားနေတာ မြင်ဖူးသည်။ ဓာတ်စာရွက်ကလေးတွေ ဖတ်ဖတ်ပြီး ရယ်ကြတာကိုလည်းအမှတ်ရလိုက်သည်။

လက်က အလိုလို အိတ်ထဲမှ ဆယ်ပြားထုတ်ပြီးသား ဖြစ်သွားသည်။ ရောက်သီးဆေးပြားထုပ်ကလေးကို ကောက်ယူပြီး ဖွင့်လိုက်သည်။ ဓာတ်စာရွက်ကလေး ထွက်လာသည်။ ကျွန်တော် ပျော်သွား၏။

"စိတ်ကောက်နေသော ချစ်သူကို ချော့ပါတဲ့"

စားပွဲရှိရာ ကျွန်တော် ပြန်ရောက်လာသည်။ ကုလားထိုင်တွင် အောင်ပွဲရစစ်သူကြီးကဲ့သို့ နေရာယူလိုက်စဉ် အမြောက်ဆန် တစ်ခုရင်ဝ လာမှန်သည် ။

"ပြန်တော့လေ"

ခေါင်းမမော့ဘဲ မျက်လုံးလှန်ကြည့်၍ နီဝင်ဘာက ပြောလိုက်သည်။

" ကိုယ့်မှာ ပြောစရာရှိတယ် နော့်စ်"

"မပြောနဲ့တော့ အထွန်း၊ တို့ ဘာမှ နားမထောင်ချင်တော့ဘူး"

ထပ်သရီးလို့သာ အော်လိုက်ဖို့ ကောင်းတော့သည်။

ကျွန်တော် အတော် နားလည်ရ ခက်သွားသည်။

နိဗ္ဗာန်ဘာဟာ ဘယ်လိုလဲ၊ ဘာလို့ ဒီလောက် စိမ်းသွားရတာလဲ။ နဂိုနေတုန်းကတောင် မစိမ်းတဲ့ နိဗ္ဗာန်ဘာဟာ ချစ်ပါတယ်ပြောပြီး ရသည့် နောင်တကြောင့်ခုမှ ဘာလို့ ဒီလောက် စိမ်းရတာလဲ။

ထသွားမှ ကျိုးမှန်းသိဆိုသော အဖြစ်သည် ခံရခက်လှသည်။ ကျွန်တော့်ရင် ပေါက်ကွဲသွားတော့သည်။

" နိဗ္ဗာန်ဘာ ခဏကျေးဇူးပြုပြီး နားဆင်ပါ၊ နားမထောင်ချင်ပေမဲ့ နားတော့ ထောင်ရမယ် နိဗ္ဗာန်ဘာ။ ကိုယ်ပြောမှ ဖြစ်မယ် အဲဒါဟာ ကိုယ်နောက်ဆုံးပြောမယ့် စကားလည်း ဖြစ်ချင်ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ နိဗ္ဗာန်ဘာ ခုလို ဆက်ဆံပုံမျိုးနဲ့ ဆက်ဆံတာကို ကိုယ် ရေရှည်ခံနိုင်မှာ မဟုတ်ဘူး။ အစကတည်းက အမုန်းကို ရရင် ဒီလောက် သတ္တိကြောင်မှာ မဟုတ်ဘူး၊ ခုဟာက အမုန်းခံရတာထက် အပစ်ပယ်ခံရတာ၊ သူ့ထက်ပိုးဆိုးတာက လျစ်လျူရှုခံရတာပဲ၊ ဥပေက္ခာဆိုတဲ့ စကားဟာ ရွှတ်လို့ ဆိုလို့ ကောင်းသလောက် ဥပေက္ခာ ပြုခံရတဲ့ လူအဖို့ အလွန်ဒုက္ခကြီးတယ်..."

ရင်ထဲက လှိုက်ထွက်လာတာမို့ စကားလုံးတွေ အကွက်စေ့လာသလို အသံကလည်း ကျယ်လာသည်။ ကျွန်တော့် လေသံကြောင့် နိဗ္ဗာန်ဘာ ခေါင်းမော့လာပြီး ဘေးဘီကို ပျာယာခတ်ကြည့်လိုက်သည် မျက်လုံးလေးများတွင် ထိတ်လန့်ရိပ်ကလေး ပေါ်လာ၍...

"တိုးတိုးပြောပါ အထွန်းရယ်။ ဘေးက တစ်မျိုးထင်နေပါ့မယ်"

လေသံမှာ တောင်းပန်သံလေး ရောပါလာသည်။ ကျွန်တော်၏ စကားမြင်းမှာ တုံ့ခနဲ ရပ်သွားသည်။ လေသံကလည်း လျော့ဆင်းသွားသည်။

"ဆောရီး...နော့်စ်၊ ကိုယ်တောင်းပန်ပါတယ်။ နော့်စ်ကို ကိုယ် တစ်ခုပဲပြောပါမယ်၊ နော့်စ်ကို သိပ်ချစ်တယ်၊ ဒါပေမဲ့ နော့်စ်ကို ကိုယ် မမျှော်လင့်တော့ဘူး။ ဒါပေမဲ့ အမြဲတမ်းတော့ စောင့်နေပါ့မယ်။

သူငယ်ချင်းတစ်ယောက်ရဲ့အချစ်၊ချစ်သူတစ်ယောက်ရဲ့အချစ်အချစ်ပေါင်းများစွာနဲ့ စောင့်နေပါ့မယ်၊ အဲဒီစောင့်နေတဲ့တစ်နေ့မှာနော်စ်တစ်ယောက် ကိုယ့်အတွက် ဖြစ်လာသည် ဖြစ်စေ၊ မဖြစ်လာသည်ဖြစ်စေ ကိုယ်ကျေနပ်ပါမယ်"

ကျွန်တော့်မျက်လုံးအစုံကရီဝေနေသည်။အဝေးကသဲ့သဲ့လေးလွင့်လာသော ဥညြင့က်၏ အသံလေးက ပို၍ပီပြင်လာသည်၊ဆောက်လုပ်ရေးရုံးဘက်မှစိန်ပန်းပွင့်နီနီရဲရဲလေးများခင်းထားသည့်ကတ္တရာလမ်းမကြီးပေါ်တွင် ကုက္ကိုရွက်ခြောက်များ ပြေးလိုက် လွှားလိုက်ဖြစ်နေသည်။

အဆိုးဆုံးက ရေဒီယိုမှ လာသော သီ ချင်းသံ ။

မောင်မောင်ညွန့်၏ချစ်ရက်ဆုံနီးမကြုံနိုး သီချင်းထဲမှာ စာသားနှင့် အသံက ကျွန်တော့် ရင်ကို နီးကြောပါးပါးနှင့် လှီးနေသည်၊" ချစ်တင့်ရဲ့စွာ...ဖွင့်ဟမိသောအခါ...ခေါင်းညိတ်ခေါင်းခါ ...လက်ကမ်းမလိုနဲ့ ...လက်ကိုသူကာ... ပေးကားပေး၏...မရသည့်ပမာ...ကိုယ့် ဘဝ မပြည့်အိုး...ပြည့်နိုးနှင့် ...သံသယ သံသရာ..."လမင်းကိုလိုချင်သော လူတစ်ယောက်ရှိသည်။ တစ်နေ့ကန်ရေပြင်တွင်လမင်း၏အရိပ် ထင်နေသည်၊ကန်ထဲက လမင်းကိုထွေးပိုက်ရန်းနှင့်မိုက်မိုက်မဲမဲ ဆယ်ယူသည် ။ ထိုအခါ ရေအိုင်လည်းနောက် လမင်းလည်း ပျောက်ရသည်တဲ့...ဒါပါပဲ။

ခံစားရသည့်ရင်က ပို၍ ထိခိုက်လာပါသည်၊

" နော်စ်ကို ကိုယ် မျှော်လင့်လို့ မရတော့ပေမဲ့ နော်စ် အတွက်သီးသန့်လိုဖြစ်နေတဲ့ ကိုယ့်အချစ်ကိုတော့ ကိုယ်ဖျောက်လို့မရတာအမှန်ပါ။ ဒီတော့နော်စ်ကို ကိုယ်တစ်သက်လုံး ချစ်နေပါ့မယ်။ သတိမရချင်လည်း နေပါ ၊ မချစ်ရင်လဲ နေပါ နိုဝင်ဘာ ၊ မင်းတစ်သက်မှာငါ့ကို တမ်းတမ်းတတ ချစ်နေတဲ့ ထွန်းနိုင် ဒီကမ္ဘာမှာ ရှိနေပါလားဆိုတာမင်းသိရင်ကျေနပ်ပါတယ်။ကမ္ဘာကြီးကအလုံးကြီးပါနိုဝင်ဘာ...။ဘဝမှာတစ်ခါဆိုသလိုမင်းနဲ့ကိုယ်ပြန်ဆုံရဦးမှာပါ။အဲဒီအခါအချစ်ဆိုတာကိုမင်းနားလည်ခဲ့ရင်ကိုယ့်ကိုသဘောပေါက်မှာပါပြန်ဦးမယ်

နိဝင်ဘာ ။ နိဝင်ဘာ့ အတွက် ကိုယ်ထာဝရ ရှိနေဦးမှာပါ။ နှုတ်မဆက်ပါဘူး ။ မင်းဘဝလေးသာ လှပါစေ"

ပြန်တော့မှာဖြစ်သဖြင့် မသောက်ဖြစ်သေးသော သံဘူးဖန်ခွက်ကို ကောက်ယူ၍ သောက်ရန် ပြင်လိုက်သည်။

သံဘူးရေည် ရှိုချဉ်ချဉ်လေးထဲမှာ ယင်ကောင်လေးတစ်ကောင်။ ကျွန်တော် သံဘူးခွက်ကို ပြန်ချထားလိုက်သည် ။

ကျွန်တော် သိပ်ကြိုက်သည့် သံဘူးရေည်ထဲတွင် ယင်ကောင်ကျနေသည် ။ ကျွန်တော် မသောက်ရဲတော့ ။

ထို့ကြောင့် ....

"အဒေအးဖိုး"

ကျွန်တော် အဒေအးဖိုးသာရှင်း၍ ပြန်ခဲ့ပါတော့သည်။

○ ○ ○

## [ ၁ ]

..... ဖိုးမောင့် နီဂုံး၊ ဤတွင်ဆုံးလည်း
ရွာလုံးစိတ်တွင်၊ ပွဲတင်ထပ်ကာ
ဟီးလျက်ပါတည့် ....
ဘယ်ခါမဆို၊ ဆီးလင့်ကြိုဆို
မှိုင်းညိုညည့်ရိပ်၊ လှုခြေတိတ်၌
ရေဆိပ်အနား၊ ရွာတံခါးမှာ
ဂုတ်ကျားကျယ်လောင်၊ ရမ်းရော်ဟောင်သော်
ဖိုးမောင်လာပြီ ဆိုမြဲပင် ....။

မင်းသုဝဏ်၏ ဖိုးမောင်လာပြီ ဆိုသော ဖတ်လက်စ ကဗျာလေးသည် ကြည့်ရင်းကြည့်ရင်း စာလုံးများ ပြောင်းလာသည်။

**Quality Publishing House**

......နီဝင်ဘာနီဂုံး၊ ဤတွင်ဆုံးလည်း
ထွန်းနိုင်စိတ်တွင်၊ ပဲ့တင်ထပ်ကာ
ဟီးလျက်ပါတည့်...
ဘယ်ခါမဆို၊ ဆီးလင့်ကြိုဆို
မှိုင်းညိုညည့်ရိပ်၊ လူခြေတိတ်၍
ဆေးလိပ်တစ်တို၊ စာတစ်ညိုဖြင့်
အိပ်ကိုရောက်ခါ၊ ဆွေးမိပါတိုင်း
နီဝင်ဘာလာပြီ ထင်မြင်....။

ဟုမြင်လာသလိုဖြစ်နေ၏။ ဆရာမင်းသုဝဏ်သာသိလျှင် ထားဝယ်ကြိမ်နှင့် စပ်စပ်ကလေးရိုက်ချင် စိတ်ပေါ်လာမည် ထင်သည်။

အမှန်တော့ စိတ်ကူးခပ်ယဉ်ယဉ်နှင့် အလွမ်းဖွဲ့ဝတ္ထုလေး တစ်ပုဒ်ဆိုလျှင် ဇာတ်သိမ်းခန်းရောက်ပြီ။

သက်အောင်၏ စကားနှင့်ဆိုလျှင် ကျွန်တော့် အဖြစ်က ဒဂုန်တာရာ၏ " လမ်းလျှောက်ရအောင်မေ " ကဗျာဖတ်ရသလို ဖြစ်နေ၏။

မိုးရေထဲ လမ်းလျှောက်လာသည့် ချစ်သူနှစ်ဦး ဘာဖြစ်ကြမှာလဲ...ဟူသော အတွေးနှင့် ဖတ်ရင်း...ဖတ်ရင်း...

မေက မောင့်ကို၊ ပြုံးရယ်လိုနှင့်
မောင့်ကို မေက၊ ပြုံးစစနှင့်
ငြိုးမှ တစ်လှည့်၊ ကြည့်ကြည့်ကြည့်၍
တည့်တည့်ထိုင်ပြီး၊ ဒါနှင့် ပြီးသည်
ရယ်လည်း ရယ်စရာတကား...။

ယောင်လည်လည်နှင့် ဆုံးပစ်လိုက်သည်။ ဖတ်ရသူမှာသာ ဝေဒနာ တစ်စွန်းတစ်စနှင့် ခံစားကျန်ခဲ့ရသည်။

သူများအမြင်တွင် ရယ်လည်း ရယ်စရာ ဖြစ်နေသည်။ ကျွန်တော့်မှာသာ မဖြေသာသည့်အလွမ်းငယ်နှင့်မလွမ်းတန် လွမ်းပြန်ရင် မျက်ရည်စတွေနဲ့ ဆိုတာလို ... ခေတ်စကားနှင့်ပြောလျှင် " ငေါင် " ကျန်ခဲ့သည်။

သို့သော် . . . ပြောမည်ဆို ပြောစရာ တစ်ခုတော့ရှိပါသည်။ ကျွန်တော်နှင့်ဘာညာဖြစ်ပျက်ပြီး တစ်နှစ် ကျော်ကျော်သာ ကြာလာခဲ့သည်။ နိဝင်ဘာ့မှာ ချစ်သူ မရှိခဲ့။

တခြား ဘယ်သူကမှ စိတ်မဝင်စားကြ၍ မရှိသည်ဆိုလျှင်တော့ တစ်မျိုးပေါ့၊ ဘာမှ " လိပ် " လုပ်နေစရာ မရှိ။

ခုဟာက ... သူ့လိုက်သည့် သူများ ကိုလည်းကြည့်ပါဦး။ လိပ်ခုံး ရှေ့ကနေ စောင့်၍ နှစ်တစ်လက်မ တစ်ချောင်းကိုင်ပြီး ....

နှင်လား ဟဲ့ နိဝင်ဘာ့ကို လာပိုးတာ "ဖြောင်း"၊ နှင်လားဟဲ့ နိဝင်ဘာ့ကို လာရိုတ်တာ " ဖြောင်း "နှင့်။

တစ်ယောက်ပြီးတစ်ယောက်သာနိပ်လွှတ်လိုက်ရလျှင်လာလှူသည့် အလောင်းပင် စောင့်စရာမလို ။ ဆေးတက္ကသိုလ် လူ့သေခန်းတွင် အိုက်ခမန်း၏ ငရဲခန်းထက်ပင် လူတွေ ပုံနေပေလိမ့်မည်။

ပြီးတော့ အရောင်အသွေးလည်း စုံသည်။

ဆံပင်-စုတ်ဖွား ၊ ဆေးပေါ့လိပ်တိုခဲ၍ ငူနေတတ်သော ဗီလင်ဘုရင်များလည်း ပါသည်။

အစိမ်းရောင် ပြောင်ပြောင်လက်လက်များလည်းပါသည်။

နားကြပ်ကိုင် စတိုင် ထောထောတွေလည်း ပါသည်။

မျက်မှန်ထူ လူ ပတ္တမြားတွေလည်း ပါသည်။

ထက် .....ကျွန်တော်နှင့် ဘာမျှမဆိုင်။

ဘယ်သူတွေ ဘာပြောပြော ကျွန်တော်ကမှ ဆယ့်ငါးမိနစ်တိတိ သူ့ချစ်သူအဖြစ် ရပ်တည်နေခဲ့ဖူးသည့် စူပါစတား အစစ်ဆိုတော့....။

သူ့သတင်း ထိုင်နားထောင်ရသည် ကပင် ကိုယ့်ကိုယ်ကိုယ် ခပ်မြှောက်မြှောက်ကလေး တွေးနိုင်သည်။

ကိုယ့်ကိုယ်ကိုယ် ရက်ရက်စက်စက် ပြောရလျှင်တော့ အဲဒါလေးကိုက နဖားကြိုး အိအိလေးလို ဖြစ်နေသေးသည်။

တစ်နေ့သော အခါ...။

အဲဒီ တစ်နေ့သောအခါတွင် နန်းသိမ်းဘိသိက်မြောက် သန်လျက်ကိုင် ပလ္လင်ပေါ်ထိုင်ရုံပဲဟု အရှစ်အိမ်ရှေ့ လုပ်နေမိသည်။

ပိုဆိုးသွားသည်က ၁၉၇၁ - အ သုံးလုံး လှုပ်ရှားမှု…။

မန္တလေး ငါးခရိုင် လှုပ်ရှားမှုနှစ်ကပေါ့။

အ သုံးလုံး သက်တမ်း တစ်လျှောက်တွင် အမြိုင်ဆုံးနှင့် အစည်ဆုံးဟု ဆိုရမည့်နှစ် ။ မန္တလေးတစ်ဝိုက်တွင် အ သုံးလုံး အုပ်စုများနှင့် အသိုက်မြိုက်ကြီး သိုက်မြိုက်ခဲ့သော နှစ်ပင်။

ကျွန်တော်တို့က မတ္တရာ မြို့နယ် ရသည် ။ ဆေးအဖွဲ့က မတ္တရာနှင့် မိုးကုတ်မြို့နယ်ကြားတစ်လျှောက်ဆိုတော့ ကျွန်တော်တို့နှင့် တစ်နေ့ခရီး မနီးမဝေး၌ ကျသည်။

ကျွန်တော် မသိ၊ ပြီးတော့ ထင်လည်း မထင် ။

ကျွန်တော်ကလည်း မသွားဆို တစ်နှစ်ကျော်ကျော် လုံးဝ မသွားခဲ့လေတော့ နိဝင်ဘာနှင့် ဆုံရမည်ဆိုသည်ကို စိတ်ကူးတောင် မယဉ်ခဲ့ပိ။

ကျွန်တော့်ဘာသာပင် သည်လုပ်ငန်းကို စိတ်ဝင်စားသဖြင့် ကိုယ့်ဘာသာကိုယ် စာရင်းပေး၊ ကိုယ့်ဆုံးဖြတ်ချက် နှင့်ကိုယ် လုပ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ဖြစ်ချင်တော့ ရန်ကုန်က အသွား မန္တလေး မီးရထားတွင် ရှေ့ဆုံးတွဲများက ဆေး(၁) ၊ အလယ်က စက်မှု ၊ နောက်ဘက်တွဲများက ပညာရေး ။

ဒါလည်း…အမှုမဲ့ အမှတ်မဲ့ပါ။

ကျွန်တော်တို့ အဖွဲ့ကလည်း ခပ်လောင်လောင် အဖွဲ့ဆိုတော့ တစ်လလောက် ရန်ကုန်နှင့် ခွဲရမှာဆိုပြီး ရထားထွက်ချိန်မတိုင်ခင် ရန်ကုန်တစ်မြို့လုံး လျှောက်သွားနေကြသည်။ " ပျော်လို့ကွာ " ဆိုပြီး နွေခင်းကြောင်တောင် တာတာဝင်မော့ကြသည်။ အရက်သောက်သည်ဆိုသဖြင့် အထင်တော့ သိပ်မသေးစေလိုပါ ။ တက္ကသိုလ်ကျောင်းသားများပါခင်ဗျာ ။ လူငယ်လိုတစ်ခါ တလေ ပျော်တာသာ ရှိပါသည်။ ရုပ်မပျက်ပါ၊ မရမ်းကားပါ။

မှန်တာပြောရလျှင် ရထားအထိ လိုက်ပို့သော ကျောင်းကဆရာများပင် မရိပ်မိအောင် ဂရုစိုက်ရပါသည်။ သို့သော် နည်းနည်းတော့ ထွေနေသည်။

ရထားထွက်သည်ဆိုလျှင် ကျွန်တော်တို့ တွဲ၌ စတိတ်ရှိုးလုပ်တော့သည်။

ဂစ်တာသမားများကလည်း ကျွန်တော်တို့ တွဲတွင် ပလေးဘွိုင်းလိုဝိုင်းမျိုးလေးဝိုင်းလောက်ထောင်လို့ရအောင်ပါလာသည့်ဖိုးဆိုချင်များက တစ်တွဲလုံး။

စဖွင့်လိုက်သည်ဆို တစ်တွဲလုံး မြိုင်နေအောင် ဟဲကြသည်။ ပထမတစ်ပုဒ်လည်း ဆုံးရော ဘေးတွဲများမှ လက်ခုပ်သံတွေ ကြားလိုက်ရသည်။ သည်တော့မှ ကျွန်တော်တို့ လက်သံတွေ၊ အသံတွေသည်၊ ဘေးတွဲများကို ကြားနေရအောင် "လော်"မတပ်ဘဲ ကျယ်နေမှန်း သိတော့သည်။

သိတော့ ပိုကဲကြတော့သည်။ သီချင်းကလည်း ဟဲလို့ ကောင်းလိုက်သည့် သီချင်း. . .။

"အေဒင်ရယ်. . .ချစ်သူရယ်. . .အရိပ်တူ. . .အေဒင်မှာ. . .မင်းမရှိရင်. . . တေးသံမချို. . .ပန်းတွေငို. . .နွေမကာပူ. . ."

ဒါတောင် အဆွေးသီချင်းမို့ အပျိုကြီး မမလို သီချင်းမျိုးသာဆို တွဲကွဲထွက်မည်။

ရထားက အထူးရထား။ တောင်ငူရောက်မှ ဦးဆုံးစရပ်မှာဖြစ်သဖြင့် တွဲထဲမှာပဲ ဟဲပြီးရင်း ဟဲနေတော့သည်။ အတော်မောလာကြသည့်အခါ နေက ဝင်နေပြီ ။ သည်အခါ ခပ်ထွေထွေ ကျွန်တော်တို့တစ်သိုက်မှာ ပုဆိုးများခင်းကာဘောင်းဘီတိုလေးများနှင့် ကြမ်းပေါ်အိပ်ချလိုက်ကြသည်။

နိုးလာတော့ ကျောက်ဆည်ကို ဝင်လာပြီ။

နောက်တစ်ခါရပ်လျှင် မန္တလေးပဲရှိတော့သည်။ သေရော. . . နောက်ကျမှ အိပ်သည့်ကောင်တွေ အပြောအရ ညက မိုးချုပ်တော့ လက်နှိပ်ဓာတ်မီးတွေနဲ့တစ်တွဲနှင့်တစ်တွဲမီးထိုးကြ၊လက်နှစ်ချောင်း

ထောင်ပြီး ပိစ် လုပ်ကြနှင့် အတော် ပျော်ဆိုပဲ။

တောင်ငူတို့သာစည်တို့ရပ်တော့လည်းတစ်တွဲနှင့်တစ်တွဲဆင်း မိတ်ဆက်ကြ ပြောကြ ဆိုကြနှင့် အတော် ပြေလည်ကြဆိုပဲ။

မသိပါ။ ကျွန်တော်တို့ကတော့ ကာလနဂါးနှင့် အအိပ်ပြိုင်နေသဖြင့် ပွဲကောင်းနှင့် လွဲသွားသည်။ ကျောင်းမှာ အာသွက် ရှာသွက်ဝင်းငွေးကဆို ကျောင်းပြန်ဖွင့်လျှင် သူ့ကို အာအိုင်တီမှာ မရှာနဲ့တော့၊ ဘီအီးဒီမှာပဲ ရှိတော့မယ်၊ ဘာညာနှင့်တောင် ပြောနေပြီ။ တကယ့်ကောင်။

အဲသည်မှာ " ငေါ် "နေသည်က ကျွန်တော်တို့ဖြင့်။ မသောက်စဘူးသောက်ထားပြီးရထားကြမ်းအမောကြီးပေါ်မှာဖုတ်သွင်းရထားလာအရပ် ပညာပြနေတဲ့ ကျောက်ဖျာပေါ်က ဇနကနဲ့ အပြိုင် တစ်ညလုံး ကျဲပစ်လိုက်ရာ ကျွန်တော်ဆို အုန်းလွဲပြီး ခေါင်းမလှည့်နိုင်တော့၊ ခေါင်းထဲကလည်း တစစ်စစ် ကိုက်နေသည်။

ပိုဆိုးသည်ကဗိုက်ဆာတာ၊ရထားရပ်တုန်းကသေတော်ခေါ်နေမိသဖြင့် အများနည်းတူ မစားလိုက်ရ၊ ဝယ်လည်း မဝယ်လိုက်ရ၊ နောက်တစ်ခါ ရထားရပ်ဖို့ကလည်း လိုသေးသည်။ ဒါနဲ့ တစ်တွဲလုံး ရေပုလင်းလိုက်စုပြီး ရေအဝသောက် စိမ်ကိန်းကြီးကို အမြန်အကောင်ထည်ဖော်ရတော့သည်။

ရထားသည် မန္တလေး နယ်နိမိတ်ထဲ ဝင်လာသည်။

ခပ်လှမ်းလှမ်းမှ မြင်နေရသော မန္တလေးတောင်။ ဟိုး...အဝေးဆီမှ မှိုင်းပြာ ညို့ဖန့်နေသော ရှမ်းကုန်းပြင်မြင့် တောင်တန်းများ၊ သည်ဘက်ခြမ်းမှ မင်းဝံတောင်တန်း၊ ဇက်ကြီးနာနေသဖြင့် ဟိုမလှည့်နိုင်၊ သည်မလှည့်နိုင် ဖြစ်နေသည့် ကြားမှ လွမ်းမြေ့မြေ့လေးခံစားလိုက်ရသည်။

အစားကောင်းစားရလျှင်အချစ်ဆုံးသူကိုသတိရတတ်သည်ဟု ပြောကြသည်။ ဒါဖြင့် ရှုခင်းလှလှလေးတွေ မြင်နေရလျှင် အလွမ်းဆုံး သူကိုပဲ သတိရသည်။

နိုဝင်ဘာ့ကို သတိရသည်။

ငှေ့ခနဲ ဝင်လာသည့် လွမ်းစိတ်ကလေးကို မက်မက် မောမော မွေးထားတုန်းမှာပင် ရထားကြီးက မန္တလေးဘူတာထဲကိုဝင်လာသည်။

ဘူတာထဲ ရောက်လျှင် ပညာရေးကလူတွေ ဆင်းကြသည်။ သူတို့က တစ်ခရီး၊ ကျွန်တော်တို့နှင့် ဆေးကသာ ဒီရထားနှင့် မတ္တရာ အထိဆက်သွားရမည်။

ကျွန်တော်တို့ အုပ်စုဗလာနယ် ဖြစ်နေသော အစာအိမ်များကို ဖြည့်ရန် ဘူတာထဲ ပြေးဆင်းလာကြသည်။ အချိန်က သိပ်မရသဖြင့် လက်ဖက်ရည်ပဲ သောက်ကြသည်။ ရွှေမန်း ပဲပလာတာ ပူပူလေးများနှင့်….။

ဝတ်ကြီးကျနေသော ကျွန်တော်တို့ အုပ်စုတစ်ယောက်ကို ပလာတာ ဘယ်နချပ် ၊ လက်ဖက်ရည် ဘယ်နခွက် မသိအောင် သွင်းကြပြီး ရထားဆီ ပြေးလာကြသည်။

ရထားက ဘီးလိမ့်နေပြီ။ ကျွန်တော်တို့ကခေါင်းတွဲဘက်ရှေ့ဆုံး ရောက်နေသဖြင့် ထွက်စပြုနေသော ရထားကို စုန်၍ ပြေးလာခဲ့ကြသည်။

"အတွန်း"

ကျွန်တော့် ခြေလှမ်းများ ချက်ချင်းပင် ရပ်သွားသည်။ သည်အသံ၊ သည်အခေါ်။ ကျွန်တော်နှင့် သိပ်ရင်းနှီးလွန်းသည်။ လှည့်မကြည့်သည့်တိုင်အောင် မည်သူဆိုတာ သိလိုက်သည်။

သို့သော် သည်အသံတွင် အကျင့်ပါနေသော ဉဉ်ကြောင့် ဇက်ကြီးနာခနေ၍ မလှည့်နိုင်သည့်ကြားက စောင်းကန်းကန်းကြီး လှည့် ကြည့်ရာ….

နိုဝင်ဘာ….

လက်ကလေး ဝှေ့ယမ်းပြနေသည့် နိုဝင်ဘာ….။

ရထားနှင့်အတူ တဖြည်းဖြည်း ဝေးဝေးသွားနေသည်။

"ဟော့ကောင်… တက်တော့လေ"

တွဲပေါ်က သက်ဝင်း အော်သံ ဖြန်းဆို ကြားလိုက်မှ သတိရပြီး ရထားပေါ်ကမန်းကတန်း ပြေးတက်လိုက်ရသည်။

ထိုင်ခုံတွင် မထိုင်ရသေး။

" ဘယ်လိုကောင်လဲကွ . . .။ မင်းဟာက ရထားထွက်နေတာ မြင်ရဲ့သားနဲ့၊ ဘာလုပ်နေတာလဲ "

ကျွန်တော်ကလည်း မောနေသည့်ကြားက မနည်းအားယူ၍ ပြောဖြစ်အောင် ပြောလိုက်ရသေးသည်။

ဝ ဝ ဝ

## [၄]

"နီဝင်ဘာ.....နီဝင်ဘာ ကို တွေ့ချင်နေလို့"

"ဟော"

မြင့်မားမား လက်ပံပင်ကြီးများ ပေါ်တွင် နီဝင်ဘာကို တွေ့လိုက်ရသည်။

ဝေ့ဝိုက်စီးနေသော ရေနံ့သာချောင်းဘေးမှာလည်း နီဝင်ဘာကို တွေ့လိုက်ရသည်။

ကွမ်းသီးတောရှေ့ လှည်းဦးထိုးရပ်လိုက်မှ နီဝင်ဘာ ဖျတ်ခနဲ ပျောက်သွားပြီး ရလက ဥက္ကဌ ဦးထွန်းရဲ့ စကားသံ နားထဲ ဝင်လာသည်။

Quality Publishing House

" ဒီကစပြီး လမ်းလျှောက်သွားရမယ် မောင်ရင်တို့ ၊ ကွမ်းသီးတောကျော်ရင် ကျောင်းကုန်းရောက်ပါပြီ"

ကျွန်တော်တို့ လှည်းပေါ်က ဆင်း၍ ပစ္စည်း ပစ္စယတွေသယ်ပြီး ကွမ်းသီးတောထဲက ဖြတ်လာခဲ့ကြသည်။

ကျွန်တော်နှင့် သက်အောင်က ကျောင်းကုန်းတွင် တွဲယူထားသည် ။ သက်ဝင်းနှင့် ဝင်းမြင့်က ချောင်းတော်ဝ၊ ရွာချင်းက သိပ်မဝေးလှပါ၊ မိနစ်နှစ်ဆယ်လောက် လမ်းလျှောက်သွားရသည်။

ကျွန်တော်တို့ဘုန်းကြီးကျောင်းမှာတည်းရသည်။ကျွန်တော်တို့ စာသင်မည့်မူလတန်းကျောင်းကလည်း ဘုန်းကြီးကျောင်းဝင်းထဲတွင် ဖြစ်၍ ပိုအဆင်ပြေကြသည်။

ကျောင်းမှာက ဆရာတော်၊ ကိုရင်လေးနှစ်ပါးနှင့် ကပ္ပိယကြီးဦးကံစတို့သာ ရှိသဖြင့် လွတ်လပ်သည်။

ကျွန်တော် ရောက်ရောက်ချင်းသဘောကျသွားသည်က ကျောင်းရှေ့ရှိ ဘုရားလေးပင်။ အညာ ဒေသတွင် ရှားရှားပါးပါးမြင်ရသော အုန်းပင်ရိပ်ကလေးနှင့် ရင်ပြင်ကျယ်ကျယ်ရှိသော စေတီလေးကို တွေ့ရသည်မှာ ချက်ချင်းပင် ထလွမ်းချင်လာသည်။

ဒါပေမဲ့ ဘယ်မှန်းပြီး ဘယ်လွမ်းရမှန်း မသိတာက ခက်သည်။ မတ္တရာ ရောက်တော့ ကိုယ့်အုပ်စု ၊ ကိုယ့်ကျောင်းသားနှင့် ကိုယ်ခွဲကြတွဲကြ လုပ်နေရသဖြင့် ဘယ်သူတွေ ဘယ်ရောက်ကုန်မှန်းမသိတော့။ နီဝင်းဘာတို့ ဆေးအဖွဲ့ဆို ဘယ်ဆီရောက်နေမှန်းတောင် မသိ။

ကျွန်တော်တို့ ရေနံ့သာအုပ်စုက တစ်ခါရေနံ့သာရောက်မှ ရွာအလိုက် လူခွဲပြီး ကိုယ့်လူအချင်းချင်းကျအောင် တွဲကြခွဲကြလုပ်ရတော့ သက်အောင်နှင့်ကျွန်တော်တစ်ရွာတည်းရလိုက်၏။ သက်ဝင်းတို့နှင့်လည်း မလှမ်းမကမ်း ကျလိုက်၏။

အသိချင်ဆုံး လူက ဘယ်ရောက်နေမှန်းမသိရ ။ ထွေးရော။

ရွာမှာ အနေကျ၍ အေးအေးဆေးဆေးလည်း ဖြစ်လာကြရော လွမ်းပိုးလေးတွေ ထလာကြသည်။ ညနေခင်းဆို ချောင်းတော်ဝမှ

သက်ဝင်းတို့ ဝင်းမြင့်တို့ အုပ်စုတို့ အုပ်စုက ဆင်းလာ ၊ကျွန်တော်တို့ ကလည်း နားချိန်ဖြစ်သဖြင့် ဘုရားဝင်းထဲ သွား၍ အလွမ်းသယ်ကြသည်။

သက်ဝင်းနှင့် ဝင်းမြင့်တို့ကတော့ အနီးကပ်အလွမ်း။

ခါတော်ပီ အလွမ်းဆိုတော့ ပိုလွမ်းလို့တော့ ကောင်းသပေါ့။ သူတို့ရွာ ဟိုဘက်မှ စပယ်မြိုင်မှာ ကျသည့် ဆရာအတတ်သင် (ဘိုကလေး)မှ စိမ်းစိမ်းနှင့် ညိုလဲ့တို့ အကြောင်း ရှုန်းရှုန်းဝေအောင် ဖောက်သည်ချနိုင်သည်။ သက်အောင်နှင့် ကျွန်တော်မှာသာ တောမိ။

သက်အောင် အနေနှင့် ကတော့ ရှင်းသည်။ အိကိုက သူ့ကောင်မလေးက အ သုံးလုံး မသိလိုက်ဘဲ သူ့မိဘများနှင့် ပေလီလိုက်သွားသည်။ သို့အတွက် သူကတော့ ပြတ်ပြတ် ရှင်းရှင်း လွမ်းနာထလို့ ရသည်။

ကျွန်တော့်မှာသာ ခက်နေသည်။

တစ်ခရိုင်တည်းမှန်းလည်းသိသည် ၊ တစ်နေရာရာမှာ ရှိနေမှန်းလည်း သိသည်။ ခက်သည်က တစ်ခရိုင်၊ တစ်ခရိုင် ဆိုရာမှာ မြေပုံထဲ၌သာ ကျဉ်းကျဉ်းလေးဖြစ်၏။ မြေပုံဆိုတာက မြန်မာပြည်ဟိုဘက်ထိပ်သည် ဘက်ထိပ်ပင် တစ်ထွာလောက်ရှိတာမျိုး။

ကျွန်တော်တို့ အနေအထားလည်းကြည့်ပါဦး ။

ကျွန်တော်တို့ရွာကနေရေနံ့သာကိုခြေကျင်လျှောက်လျှင်လေးဆယ့်ငါးမိနစ် ကျော်ကျော် လျှောက်ရသည်။ ရေနံ့သာက တစ်ဖန် မတ္တရာကို သုံးမိုင် လောက်ရှိမည် ။ ကဲ- မတ္တရာ ရောက်ပြီထား၊ ဘယ်လိုက်ရမလဲ ။ ဇဟိုရုံး စုံစမ်းတော့လည်း မြစ်ရိုးဘက်က ရွာတွေမှာ ရှိမယ်လို့သာ ပြောနိုင်တာ။ ဘယ်သူမှ တိတိကျကျ ရှာမပေးအား ၊ ပေးသည်ထားဦး၊ကျွန်တော်ကလည်း ကိုယ့်ချစ်ဒုက္ခကို အကြောင်းပြု၍ အလုပ်များနေသူများကို မနှောင့်ယှက်ချင်။ သည်တော့ ခပ်ရမ်းရမ်းပဲ မှန်းပြီး လွမ်းရမလို ဖြစ်နေတော့သည်။

နဂိုကမှ လွမ်းရသည်က စေးစေးပိုင်ပိုင် မရှိရသည့် အထဲလက်ရန်း မှန်းဆကလည်း ဖြစ်ပြန် ၊ သည်တော့ သက်အောင် ဂီတာတီးရင်

ဘေးက လိုက်ဟစ်၊ ရွာခံ မူလတန်း ဆရာ ကိုညက်ဒွေး မယ်ဒလင် တီးတာ ဘေးကလိုက်အော်၊ ကဗျာလေး ဘာလေးရေးခြစ်နှင့်ပင်၊ မပိုင်ဝက်မွေး လွှမ်းနေရသည်။

နေနေနိုင်နိုင်ရှိလွန်းလှ၍တော့ မဟုတ်။

ကျွန်တော်တို့ စာသင်ချိန်က ညနေခြောက်နာရီမှ စသည်။ တစ်နေ့လုံး လိုလိုပင် ဒေသန္တရ၊ ဘာသန္တရ၊ ဘာရရဆိုပြီး ပွင့်ပွင့် ဝန်ခံရရင်တော့ နိဝင်ဘာနှင့် တွေ့လိုတွေ့ငြား ရွာနီးချုပ်စပ်ကော၊ ရွာမနီး မချုပ်စပ်ကော ရသလောက် လည်နေကြတာချည်း ဖြစ်ပါသည်။

ဆရာလေး ကိုညက်ဒွေးက မတ္တရာမှ ကျောင်းလာရသူ ဖြစ်သဖြင့်သူနှင့်လိုက်လိုက်ပြီး မတ္တရာမှာ ဆုံလိုဆုံငြား မျှော်ရတာလည်း မနည်းတော့ဘူး။

ဒါလည်း မတွေ့....

နောက်ဆုံးတော့ကိုယ့်ထိုက်နှင့်ကိုယ့်ကံခံလိုက်။ ကံရှိရင်တော့ တွေ့ဦးမပေါ့လို့ မဖြေသာဖြေသာလေး ဖြေရင်း ဒီလိုပဲနေလိုက်တော့သည်။

နေ့ခင်းနေ့လယ် ကျောင်းတွင် ကျွန်တော်တို့နှစ်ယောက်နှင့် ဆရာတော်သာ ရှိနေကြသည်။ ကျွန်တော်တို့ ဝါသနာတွေ ကိုလည်း ဆရာတော် ရိပ်မိနေဟန်တူသည်။ ကျွန်တော်က အားရင် ဗလာစာအုပ် တစ်အုပ်နှင့် ကဗျာတို စာတိုလေးတွေ ရေးနေ၊ သက်အောင်ကလည်း ဂီတာ တဒေါင်ဒေါင်နှင့် ဆိုတော့ တစ်နေ့ ဆရာတော်က ခေါ်ပြောသည်။

"ဒကာလေး...စကျင်တောင် ရောက်ပြီးပလား...."

"တင်ပါ့....မရောက်သေးပါဘူး ဘုရား။ ဘာတွေများထူးခြားလို့ပါလဲ"

"ဟ...ထူးတာပေါ့၊ မင်းတို့ ရန်ကုန်မှာ ကျောက်ဆင်းတု ဘုရားတွေရှိမှာပေါ့"

"တင်ပါ့....ရှိပါတယ် ဘုရား"

"အေး...အဲဒါတွေ ကျောင်းတော်က ထွက်တာပဲ"

"ကျောက်ဆင်းတု ဖြူဖြူတွေ ပြောတာလား ဘုရား"

"အေး ....အဲဒီတောင်က တစ်တောင်လုံး ကျောက်ချည့်ပဲ၊ ကျောင်းရွာ တစ်ရွာလုံးကလည်းဘုရားထုတဲ့ လူတွေချည်းပဲ။ ဒကာလေးကစာတိုပေစရေးတာဝါသနာရှိတော့ကာလေ့လာဖို့ကောင်းတယ် ဗဟုသုတ ပြည့်စုံမှ စာရေးကောင်းမယ် မဟုတ်လား"

"တင့်ပါ့ဘုရား"

"သွားချင်လား - ဒကာလေး"

"တင်ပါ့...သွားချင်ပါတယ်"

"ဒါဖြင့် ..မနက်ဖြန် စောစောသွားကြ၊ ငါ ကံ့စကို စီစဉ် နိုင်းထားလိုက်မယ်"

"တင်ပါ့"

ညဘက်တွင် ဦးကံ့စနှင့် ကျွန်တော်တို့ နောက်နေ့ ကျောင်းတောင်သွားဖို့ စီစဉ်ကြသည်။ သူ့ အပြောအရဖြင့် အလွန် စိတ်ဝင်စားစရာကောင်းလှပေသည်။

သို့ဖြင့် နောက်နေ့ အရုဏ်တက်တွင် ကျွန်တော်တို့လေးယောက် နှင့် ဦးကံ့စ တို့ လှည်းတစ်စီးဖြင့် ထွက်လာကြသည်။

ကျောင်းရွာရောက်တော့ မနက် ဆယ်နာရီခွဲခန့် ရှိနေပြီ။

လမ်းခရီးကလည်း ပျော်စရာကောင်းသည်၊ လှည်းမောင်းချင်နေကြသည့်ကျွန်တော်တို့ကိုဦးကံ့စက မောင်းချင်သလောက်မောင်းဆိုပြီးလွှတ်ပေးလိုက်ရာကျွန်တော်တို့တစ်ယောက်တစ်လှည့်လှည်းမောင်းလိုက်၊ နောက်လိုက် ပြောင်လိုက်နှင့် ပျော်စရာကြီးပင်။

ဟိုရောက်တော့ သည့်ထက် ပျော်ဖို့ ကောင်းသွားသည်။

ကျွန်တော်တို့ လုပ်အားပေးကျောင်းသားတွေ ရောက်သည်ဆိုပြီးရွာမှလုပ်အားပေးကျောင်းသူလေးယောက်လာကြသည်။မာလာ၊ သင်းသင်းနှင့် အမည်မသိ တစ်ယောက် ၊ ကျန်တစ်ယောက်က နီဝင်ဘာ....။

"ဟင် ...နော့ဝ်တို့ ဒီမှာလား"

## [၁၀]

လာခဲ့စဉ်က အဝေးကြီးမှ မြင်နေရသော ဖြူဖွေးဖွေးစကျင်တောင် ထီးထီးကြီးသည် ထင်သည်ထက်ပို၍ စိတ်ဝင်စားစရာကောင်းနေသည်။

တောင်နံရံမှာ လိုဏ်တွေဖောက် ၊ လိုဏ်နံရံများတွင် ကြီးနှင့်ဆိုင်း၍ ဘုရားပုံတွေ အကြမ်းထုသည်။ ထိုကျောက်တုံးများ ကို ဖဲ့ချသည်။

အကြမ်းမှ တကာယ့်အကြမ်း၊ တင်ပျဉ်ခွေပုံထုမည့်ကျောက်တုံးကတြိဂံထုချွန်ပုံ၊ မတ်ရပ်သို့မဟုတ်လျောင်းတော်မူပုံဆိုအလျားရှည်ရှည် ကျောက်တုံးကြီးမျှသာ ဖြစ်သည် ။တချို့ကျောက်သားကောင်းသည့်နေရာတွင် ဇရာမ အတုံးကြီးတွေ တွေ့ရလေသည်။ တွေ့လိုက်

ရသည့် တစ်တုံးဆိုလျှင် ဆယ်ပေ ပတ်လည် တစ်ခန်းစာထက်ပင် ကြီးချင်သည်။

အကြမ်းထုပြီးသား ကျောက်တုံးများကို ရှင်းလင်းထားသော လမ်းကြောင်းအတိုင်း တောင်ပေါ်မှ လျှောချသည်။

သိပ်ကြီးသောကျောက်တုံးများဆိုလျှင် တောင်ခြေရင်း၌ပင် ဘုရားပုံထုသည်။ ရွာထဲ မသယ်တော့။ ခပ်လတ်လတ်များကို ရွာထဲ သယ်၍ ရွာထဲတွင် အရောထုကြသည်။

တောင်ခြေရင်းတွင် ဘုရားထုလက်စ တန်းလန်းနှင့် မည်သို့ ပျက်စီးသွားသည် မသိသော လျောင်းတော်မူပုံ ဘုရားကြီးကို တွေ့ရသည်။ ယခုတော့ ကလေးများ တက်ဆော့ နေကြ၏။

တောင်ထိပ်တွင် ဘုရားသုံးဆူ ထီးမရှိတော့ ။ ရွှေမရှိ ၊ ထုံးမရှိ ၊ ဘုရားငုတ်တိုသာသာရှိသည်။ ဘွဲ့တော်များတော့ ပြောကြသား မေ့ကုန်ပြီးလေ။ တောင်ကြောတစ်လျှောက် တက်သွားပြီး အဲသည် ဘုရားသုံးဆူခြေရင်းက ကြည့်လျှင် ခပ်ဝေးဝေးစီးနေသော ဧရာဝတီ မြစ်ရိုးကို မြင်ရသည် ။ မြစ်ရိုးတစ်လျှောက်က ရွာလေးတွေကိုလည်း မြင်ရသည်။

ရှုခင်းက သိပ်လှသည်။

အဲ . . . . နိဝင်ဘာ ကလည်း သိပ်လှသည်။

" နော့ဝ် . . . ကိုယ်ဖြင့် လိုက်ရှာလိုက်ရတာ "

" ဘာလို့ ရှာတာလဲ "

နိဝင်ဘာက ပြုံးစစနှင့် မေးသည်။ ကျွန်တော် ဖြေချင်လွန်းသည့် အကွက် ရောက်ပြီမို့ . . .

" နော့ဝ် ကို တွေ့ချင်လွန်းလို့ပေါ့ ။ ဘူတာတုန်းကလည်း ရထား ထွက်မှ တွေ့လိုက်ရတော့ ဘာမျှ ပြောချိန်မရလိုက်ဘူး ။ ပြီးတော့ မတ္တရာရောက်တော့လည်း ဘယ်လို ကွဲကုန်မှန်း မသိတော့ဘူး "

" တော်ပါ . . . ရထားပေါ်တုန်းကတော့ ဘယ်သူတွေနဲ့ အကြည် ဆိုက်နေလည်းမှမသိတာ။တို့သူ့ကိုတွေ့မလားလို့ကြည့်သေးတယ်။ တောင်ငူမှာရော ၊ ပျဉ်းမနားမှာရော၊ သာစည်မှာရော "

ရထားပေါ်တုန်းက သောက်စားမူးယစ်၍ အိပ်ပျော်နေခဲ့ခြင်းနှင့် ပတ်သက်၍ ရသော နောင်တ ပထမဆုံးပေါ်လာသည်။

" ကိုယ် အိပ်ပျော်နေတယ် နော့ဝ် ။ နော့ဝ် ပါမယ် မှန်း ထင်ကို မထင်လို့ပါ၊ နော့ဝ် ပါမှန်းသိရင် ... ကိုယ့်နော့ဝ်တို့တွဲက တောင် ပြန်မှာ မဟုတ်ဘူး "

" သွားစမ်းပါ...၊ အပိုတွေ "

သူ့ဆီက ကျွန်တော်တောင့်တနေသော မျက်စောင်းလေး တစ်ခုရလိုက်သည်။

" တကယ်ပါ..နော့ဝ်. "

" ကဲပါ၊ ဒါတွေထားပါ၊ လာ . . . ဟိုလူတွေဆီ သွားရအောင်၊ တော်ကြာ ရွာကလူတွေ တလွဲထင်နေဦးမယ် "

နေပါဦး နော့ဝ် ရာ ...၊ ဒီလောက် အဝေးကြီးက လာရတာ၊ ခဏ တစ်ဖြုတ်တော့ စကားပြောပါရစေဦး "

သူ့အမူအရာကစောစောကနှင့်တလျှင်တဖြည်းဖြည်းအေးစက်လာသည်။ ပြီးတော့ အစိမ်းရောင်ဘက်သို့ နည်းနည်းလေး လုလု လာသည်။

" သွားစို့ အထွန်း...။ အသုံးလုံးလုပ်အားပေးတာ မိဘမျက်ကွယ် လာပြီး ဖြစ်ချင်တိုင်း ဖြစ်နေတယ်လို့ အပြောခံရရင် မကောင်းဘူး "

သူ့စကားကြောင့် ကျွန်တော့်ရင်ထဲတွင် နည်းနည်းအောင့်သွားသည်။

" ဖြစ်ချင်တိုင်း မဖြစ်ရပါဘူး နော့ဝ်ရယ် ....။ သူငယ်ချင်းချင်း ရပ်စကားပြောတာ ဒီလောက်အရုပ်မဆိုးလှပါဘူး "

" မဟုတ်ဘူး အထွန်း၊ တစ်လွဲထင်စရာဖြစ်ရင် မကောင်းဘူး "

ဆိုပြီးသူ့ရှေ့ကထွက်သွားသည်။ ကျွန်တော်လည်း ဘာမှမပြောတော့ပဲ နောက်က အသာလိုက်လာခဲ့သည်။ စောစောက ရွှင်းလုလု လေးတွေသည် မိုးအုံ့လာသဖြင့် ထင့်ပါရဲ့...။ မှိုင်းညို့သွား၏။

ရွာထဲ ရောက်တော့လည်း သူ့ အမူအရာက ပြန်ရင်းနီးနေပြန်သည်။ ထမင်းစားတော့လည်း ကျွန်တော့်ပန်းကန်ထဲ ဟင်းလာထည့်

ပေး ဘာထည့်ပေးနိုင်၊ သက်အောင် ကဆို ကျွန်တော်တို့ကို ကြည့်၍ ပြုံးနေသည်။

ပြန်ခါနီးတော့ ကျွန်တော်က မျှော်လင့်ချက်ခပ်ငယ်ငယ်ဖြင့်

" သကြံန်တွင်း မန္တလေး ဆင်းဦးမလားနော့်ဝ် . . . ၊ ကိုယ်တို့ မန္တလေးကို ဆင်းတယ် ၊ ကိုယ့်သူငယ်ချင်း မောင်မောင်ဆွေတို့ မန္တလေးမှာ ရှိတယ် "

" မပြောတတ်သေးပါဘူး "

" နော့်ဝ်တို့ဆီ ကိုယ် တစ်ခေါက်လာခဲ့ဦးမယ်လေ "

သူက ပြုံးပြုံးပျာပျာဖြင့်....

" မလာနဲ့တော့ အတွန်း၊ ပြန်ပဲပြန်ရတော့မှာ။ မလာပါနဲ့၊ သူများတွေက ဘယ်လိုထင်မလဲ "

ကျွန်တော်သက်ပြင်း တစ်ချက် ချလိုက်သည်။

" ဒါလောက်လည်း မဟုတ်သေးပါဘူး နော့်ဝ် ရယ် "

" မဟုတ်ဘူးအတွန်း၊ မလာပါနဲ့၊ ကဲ...တို့သွားမယ်နော်၊ ရွာထဲမှာ ကလေးတစ်ယောက်နေမကောင်းတာကြည့်စရာရှိလို့နိဝင်ဘာသွားမယ်။ လှည်းဆီကို လိုက်မပို့တော့ဘူး နော် ... သွားမယ် "

ကျွန်တော် ဘာမျှ ပြန်မပြောရခင် နိဝင်ဘာ တစ်ယောက်မျက်စိအောက်ကပျောက်သွားသည် ။ သူ့သူငယ်ချင်း မာလာတို့ ကတော့ လှည်းအထိ လိုက်ပို့ကြသည်။ ကျွန်တော့် ကိုလည်း အားလုံးက စာနာသောအကြည့်ဖြင့် ကြည့်နေကြသည်ပေါ့။

ပြန်လာသည့် လမ်းတစ်လျှောက်လုံးတွင် ထိုင်၍ ကောင်းသော နေရာ ရှာမရခဲ့။ တစ်လှည်းလုံး ဘယ်နေရာထိုင်ထိုင်၊ ခိုးလိုးခုလုနှင့် တစ်ခုမျှ အဆင်မပြေ။

○ ○ ○

# [၁၁]

မန္တလေး သင်္ကြန်တွင် ပြန်တွေ့သည်။

ဖြစ်ချင်တော့ အကြတ်နေ့ကကျွန်တော်တို့ မန္တလေးတောင်တက်သည်။ ပြန်အဆင်း တောင်ခြေရင်းတွင် တောင်ပေါ်တက်ရန် ဟန်ပြင်နေကြသော နီဝင်းဘာတို့ အုပ်စုနှင့်သွားတွေ့သည်။

" ဟော "

သူက ဟော တစ်ဟော လက်ဆောင်ပေးလိုက်ပြန်သည်။

" နော့စ် တို့ပါလား...တောင်ပေါ်လား "

" အင်း "

ဘယ်မှာ တည်းသလဲ ၊ သင်္ကြန်တွင်း မန္တလေးမှာပဲ နေသလား အရင်ရက်တွေတုန်းက ရှာတာမတွေ့ပါလား ၊ ဘာညာနှင့် စကားတွေ

အများကြီး ပျော်ဖြစ်နေကြသည်။ အတော်လေးကြာမှ ရေရွှဲရွှဲနှင့် စောင့်နေကြသော နှစ်ဖက် သူငယ်ချင်းများကို အားနာသဖြင့်....

"နော့စ်..ကိုယ်တို့တစ်ဖွဲ့တည်းပေါင်းပြီးလျှောက်လည်ရအောင်လေ"

"ဟင့်အင်း...ဟင့်အင်း...မဖြစ်သေးဘူး အထွန်း၊ နီဝင်ဘာတို့ တည်းနေတဲ့အိမ်က သင်းသင်းတို့အဒေါ်အိမ်၊ အန်တီက ချက်ချင်းပြန်လာဖို့ မှာထားတယ်၊ ဒီနေ့ မုံရွာကို သူတို့လိုက်ပို့မလို့တဲ့"

"မနက်ဖြန်ကော"

"နေဦး...မာလာတို့ကို မေးကြည့်လိုက်ဦးမယ်"

ကျွန်တော့်ရင်ထဲတွင် ပုစဉ်းလေး တစ်ကောင် တောင်ပံခတ်နေသည်။ သူတို့ အုပ်စု ဆီကိုလည်း မရဲတရဲ အကဲခတ်နေမိသည်။

မာလာနှင့် သင်းသင်းတို့က ဟက်ဟက်ပက်ပက်လေး ရယ်လိုက်ပြီး တစ်ခုခု ပြောလိုက်သည့် ဟန်နှင့် နီဝင်ဘာက သူတို့နှစ်ယောက်ကို ရှက်ရမ်း ရမ်းလေး လှမ်းရိုက်လိုက်သည်ကို မြင်လိုက်ရမှ ရေစိုနေသော အဝတ်တွေကြောင့် ကျောထဲ စိမ့်ခနဲ ချမ်းသွားသည်။

"မနက်ဖြန် ဈေးချို နာရီစင်ရှေ့က ရှစ်နာရီလောက်စောင့်နေ"

ဆိုပြီး ပြေးထွက်သွားသည့် နီဝင်ဘာဆိုသော ငှက်ကလေးကို ကြည့်ပြီး ရင်ထဲမှာ ပီတိ သကြန်တွေ မွှန်းနေအောင် ကျသွားတော့သည်။

အဲသည်နေ့လေးသည် အဲသည်နေရာတွင် ကုန်သွား၏။

ထိုအချိန်မှစ၍ ကျွန်တော့်စိတ်အားလုံး မနက်ဖြန်သို့ ဆိုင်းမဆင့်ဗုံမဆင့် ရောက်ကုန်ကြတော့သည်။

မနက်ဖြန် တကယ်ရောက်လာမှ ကျွန်တော့် စိတ်နှင့်ကိုယ်ပြန်၍ တစ်ထပ်တည်း ဖြစ်လာတော့သည်။

ဈေးချို နာရီစင်ရှေ့တွင် ကျွန်တော်တို့ကားကလေး ခုနစ်နာရီ မထိုးခင်ကတည်းက ရောက်နေနှင့်သည်။ သူငယ်ချင်းတွေကတော့ စုပ္ပ စုပ္ပ နှင့်...။

ဒါတောင် သူတို့က ခဏလေး လာစောင့်ရတာပါ။

ကျွန်တော်တို့ မူလကမေမြို့ဘက်ရန် စီစဉ်ထားသည်။ နီဝင်ဘာတို့က ဘယ်သွားမှန်း မသိ ။ အကယ်၍ နီဝင်ဘာတို့က တခြား သွားမည်ဆိုလျှင် ကျွန်တော့်ကိုကားပေးထားခဲ့ပြီး သူတို့က မေမြို့ကို လိုင်းကားနှင့် တက်ကြရန် ဖြစ်၏ ။

ကျွန်တော် ကလည်းကျွန်တော် ။

ရှစ်နာရီ ရှိန်းသည့် ကိစ္စ၊

မသကာစော ဆယ့်ငါးမိနစ်လောက် ဖြစ်ဖို့ကောင်းသည်။

မဟုတ်...။

ကျွန်တော်က အဲသည် ဆယ့်ငါးမိနစ် မတိုင်မီလေးမှာ နီဝင်ဘာတို့ရောက်ပြီး မတွေ့၍ ပြန်သွားလျှင် ဆိုသော ပူပန်သောကလေးက စိတ်ကို ထောင်းနေလေတော့။

သူတို့ စုပွ စုပွ လုပ်မည်ဆိုလျှင်လည်း လုပ်စရာ ။

နာရီစင်ပေါ်က လက်တံတွေ အဲသည်နေ့က အချိန်တစ်လွဲများ ပြနေသည်ထင်၏။ နာရီစင်က ရှစ်နာရီခွဲသည့်တိုင် နီဝင်ဘာတို့ ရောက်မလာကြ။ အမှန်တော့ တစ်ကမ္ဘာလုံးကနာရီတွေမှားနေခြင်းသာ ဖြစ်မည် ။ နီဝင်ဘာ မရောက်သေးသဖြင့် ကျွန်တော့် အတွက် ရှစ်နာရီ မထိုးနိုင်သေးပေ။

ကြာတော့ ဘော်ဒါတွေလည်း ခါကုန်ကြသည်။

" သူငယ်ချင်း။ မင်းဘာသာမင်း စောင့်ပေတော့ တို့ကတော့ သင်္ဂဟတော ပီသစွာနဲ့ ကားထားခဲ့မယ် ၊ တို့ဘာသာတို့ လိမ့်တော့မယ်။ မောင်ရင် ကြိုက်သလို လုပ်ပေတော့ "

ဆိုပြီး ဈေးချိုထောင့်မှာ ကျွန်တော့် တစ်ကောင်တည်း ထားခဲ့ပြီး ပြေးကြတော့သည်။

မနက်ကတည်းကထိုင်စောင့်၍ဖူးယားအလိပ်နှစ်ဆယ်ဝင်တစ်ဘူး၏ သုံးပုံနှစ်ပုံကျိုးကာ နာရီစင်က ကိုးနာရီ ကိုးဂဏန်းကိုပြနေချိန်မှာမရွှေစာတို့ ပေါက်ချလာသည်။

" စောင့်နေတာကြာပလား အထွန်း "

ဟဲ . . . ဟဲ ဘယ်ရမလဲလေ ၊ ကျွန်တော့် အကြောင်းသိတယ် မဟုတ်လား။

" မကြာသေးပါဘူး။ ခုပဲ ရောက်တာ "

" ဘယ်သွားမလဲ အထွန်း၊ သူ့သူငယ်ချင်း တွေကော. . . "

" ဒီကောင်တွေ မမြို့တက်သွားပြီ နောှ်၊ နောှ်တို့ ဘယ်သွား မယ် စိတ်ကူးလဲ "

" မင်းကွန်းမရောက်သေးလို့၊ အဲဒီ သွားမလားလို့ "

ကောင်းရော ၊ မင်းကွန်း သွားရမှာက မော်တော်နှင့်ဟိုကောင် တွေက စေတနာဝလပ္ပနှင့် ကာထားပြီး ထွက်သွားကြသည်။မော ရော။

ကျွန်တော်လည်း သစ်တောရုံးက သူငယ်ချင်းထံ ကားအပ်ထား ခဲ့ပြီး မင်းကွန်းဘက် ယွန်းခဲ့ကြသည် ။

တစ်လမ်းလုံးလည်း မမမန်းကေသီ သီချင်းထဲက " မင်းကွန်း " ခေါင်းလောင်းကြီးနဲ့ မြသိန်းတန်စေတီ . . . သာယာဝေစည် . . . တရားရိပ်ကြောင့် အေးချမ်းသာယာသည်ဆိုသည့် အပိုဒ်ကို ခဏ ခဏ စိတ်ထဲမှ ဆိုနေမိသည်။

ကုသိုလ်တော်၊မင်းကွန်းခေါင်းလောင်း၊မြသိန်းတန်...ပြီးတော့ ဘုရားဘွဲ့တော်တော့ မသိ၊ကုသိုလ်တော်ကနေ လှည်းလမ်းအတိုင်း ခပ်လှမ်းလှမ်းသွားလျှင် ရောက်သည့်မြေအောက် ဝင်္ကပါနှင့် ဘုရား လေးတစ်ခုကို ရောက်သည်။

ဝင်္ကပါက ဆင်းလိုက်လျှင် မှောင်ပိန်းသွားသည်။ ဘာဆိုဘာမှ မမြင်ရတော့။ အထဲက ဝင်္ကပါကလည်း အတော် ရှုပ်သည် ။ တော် တော်နှင့် ပြန်ထွက်ဖို့ မလွယ် ။

ဝင်တုန်းက တစ်ဖွဲ့လုံးဝင်သော်လည်း အထဲအရောက်တွင် နိဝင်ဘာနောက်ကကပ်လိုက်လာသည့် သင်းသင်းတို့ကနောက်ချန် နေခဲ့ပြီးပျောက်ကုန်ကြသည်။ အထဲမှာ ကျွန်တော်တို့ နှစ်ယောက် တည်း မှောင်မည်းမည်းနှင့်။

တစ်လှဲမတွေးပါနှင့် ဘုရားထဲမှာပါ။

လျှောက်ရင်းလျှောက်ရင်းနှင့် ဘာမှမမြင်ရတော့။ လက်ချင်းတွဲမိကြသည်။ ဝက်ပါက မြေအောက်မှာမို့ ထင်သည်။ နီဝင်ဘာ လက်ကလေးတွေအေးစက်နေသည်။

တစ်ခါတော့ ကျွန်တော်က ရှေ့ကနေလမ်းရှာရင်း အုတ်နံရံအပိတ်နှင့် တိုးနေသဖြင့် ပြန်လှည့်လိုက်သည် ။အလှည့်က စောပြီးရှေ့လှမ်းနောက်လှ မမြင်ရသည့်အတွက် မျက်နှာချင်းဆိုင် လာသောနီဝင်ဘာ ကျွန်တော့်ရင်ခွင်ထဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

ဟို...ဟိုလေ ။

" အို...ဘယ်လို လုပ်တာလဲ... အထွန်းရဲ..."

သူ့အသံလေးက တုန်ယင်နေသည်။

" မဟုတ်ဘူးနော့်၊ ရှေ့မှာ ပိတ်နေတယ် ။ ဒါကြောင့် နောက်ကို ပြန်လှည့်လိုက်တာ "

" တော်ပါ "

မမြင်ရသော်လည်း အသံကြောင့် ကျွန်တော်ထံသို့ မျက်စောင်းလေး တစ်ခု လာရိုက်လိုက်မှန်း သိလိုက်သည်။

လျှောက်ရင်း သွားရင်း တိုးရင်း ရှာရင်းနှင့် အလင်းရောင်တစ်ချက် ဝင်းခနဲ ဖြစ်သွားသည်။ နီဝင်ဘာ အားရဝမ်းသာ ထအော်လိုက်သည်။

" အမလေး ... တော်ပါသေးရဲ့ အထွန်းရဲ၊ နီဝင်ဘာတော့ တစ်သက်လုံး ပြန်ထွက်လို့ ရမှ ရပါတော့မလား "

ကျွန်တော်တို့လှေကားအတိုင်း အပြေးကလေး တက်လာကြသည်။ အပေါ်ရောက်ခါနီးမှ သတိရသဖြင့် မျက်နှာကို လက်နှင့် သပ်လိုက်သည်။ ကြမ်းထွေးထွေးလေးနှင့် သနပ်ခါးပန်းနံ့မွှေးနေသော အမှုန်မှုန်လေးတွေ လက်မှာ ပေကျံသွားသည်။

အပြင်ရောက်တော့ သင်းသင်းတို့ကို အပြစ်တင်ရင်းရယ်မောလိုက်ရတာ....။

တွေးနေသော ကိုယ့်စိတ်တွေဟာ မှန်တံခါးကို အသံမြအောင် တွန်းဖွင့်လိုက်တဲ့ အသံကြောင့် တုံ့ခနဲ ရပ်သွားတယ် မြလေး....။

" ဟော့ကောင်ကြီး၊ ဘယ်တုန်းက ရောက်နေလဲ "

သက်အောင်က ဝမ်းသာအားရမေးရင်း ခြေသွက်သွက် လှမ်းလာတယ်။

" ခုပဲ...မင်းစာသင်နေလို့ ငါရပ်စောင့်နေတာ လုပ်ပါ၊လုပ်စရာရှိတာသာလုပ်၊ အချိန်ပြီးတော့မှာပဲ "

" ဒါဖြင့် ခဏ စောင့်ကွာ၊ ပြီးမှ အေးအေးဆေးဆေးစကားပြောတာပေါ့ "

ကိုယ်ဘာမှ ပြန်မပြောတော့ဘူး ။ ပြုံးပြီးခေါင်းညိတ်ပြလိုက်တယ်။ သက်အောင်က ကိုယ့်ပေါင်ကို တစ်ချက်ပုတ်လိုက်ပြီး ခပ်သုတ်သုတ် အခန်းထဲကို ပြန်ဝင်သွားတယ်။

ကိုယ့်စိတ်ထဲ ဟာနေတာနဲ့ ဆေးလိပ်သောက်မလို့အိတ်ထဲက ဒူးယားဘူးကိုထုတ်ဖို့လက်လှမ်းလိုက်တယ်၊ပြီးမှဒူးယားဘူးနဲ့ မီးခြစ်ကကော့စ်ထဲရောက်နေတာ သတိရပြီး ခြေရင်းမှာ ချထားတဲ့ အတက်ချီကော့စ်ကိုကောက်ပြီးကော်ရစ်ဒါတန်းပေါ်တင်လိုက်တယ်။ နောက်ပြီး ကော့စ်ကို ဖွင့်လိုက်တယ်။

အရင်ဆုံး ကိုယ့်မျက်လုံးတွေ ရောက်သွားတာက...

နှစ်ခ်ဆ်ဒေါ့ပ် ကွန်ပျူတာလို အနက်စာလုံးကို အနီလိုင်းကလေး တားထားတဲ့ ဂျာမန်ကွန်ပျူတာကုမ္ပဏီတံဆိပ်ပါတဲ့ကာလစ်ဖိုင်မှတ်စုစာအုပ် ဖြူဖြူလေး

သူ့ဘေးမှာ အိမ်စ်ပို့ဒူးယားဘူးညိုညိုလေးနဲ့ ရွှန်ဆင် ဓာတ်ငွေ့သုံး မီးခြစ်လေး...။

ကိုယ့်စိတ်ထဲမှာ လှပ်ခနဲ ဖြစ်သွားတယ်။

ဒါကြောင့် ဒူးယားဘူးနဲ့ မီးခြစ်ကလေးနဲ့ အတူ မှတ်စုစာအုပ်ကလေးကိုပါ ဆွဲထုတ်တယ်။

နောက် ကော့စ်ကို ပိတ်ပြီး ပြန်ချထားလိုက်တယ် ။

ဒူးယားတစ်လိပ် ဆွဲထုတ်ပြီး မီးညှိဖွာလိုက်တယ်။

နောက်ကော်ရစ်ဒါဘောင်ပေါ်တက်ထိုင်လိုက်ပြီးမှတ်စုစာအုပ်ကလေးကို ဖွင့်ဖတ်ဖို့ပြင်လိုက်တယ်။

"ဝါး...ဟား...ဟား"

ရယ်သံတွေကြားလိုက်လို့ ဖျတ်ခနဲ အခန်းထဲကို လှမ်းကြည့်လိုက်မိတယ် ။ဘာကြောင့်ရယ်ကြလည်းတော့ ကိုယ်မသိဘူး။ ဒါပေမဲ့ ကျောင်းသားတွေ ကြည့်နေကြတဲ့ နေရာကိုတော့ ကိုယ့်မျက်လုံး တွေ လိုက်ပါသွားမိတယ် ။

ကတ်ပြားဖြူဖြူပေါ်က ရုပ်ပုံလေးတွေပေါ်မှာ ထိုးထားတဲ့ အနီရောင် စာတန်းကို လှမ်းမြင်လိုက်ရသည်။

လျှပ်စစ်ဓာတ်လိုက်သူများအတွက် ရှေးဦးသူနာပြုစုနည်း ။

○ ○ ○

# [ ဒုတိယပိုင်း ]

“

နောက်တစ်ယောက်ကမူ သာမန်သာသာ
အလှသာ ဖြစ်၏။ သို့သော် သူ့မျက်နှာတွင်
ထူးခြားမှုလေးနှစ်ခု ပါသည်။ တစ်ခုက
ဘယ်ဘက်ပါးပြင်ပေါ်မှ စံပယ်တင် မှဲ့ကလေး၊
နောက်တစ်ခုက စကားများစွာပြောတတ်သည့်
မျက်လုံးညိုမှောင်မှောင်တစ်စုံ . . .

# [၁၂]

တစ်ခါတစ်ရံတွင် နီဝင်ဘာသည် ကောင်းကင်ကြီးလိုကြည်လင် သာယာနေတတ်သည်။

တစ်ခါ တစ်ရံတွင် နီဝင်ဘာသည် ကောင်းကင်ကြီးလိုပင် မည်းညို့ ခက်ထန်သည်။

သည် ဒီရေ အတက်အကျတွင် အလျားလိုက် မျောပါခဲ့သည်က ကျွန်တော်၊ အထက်တန်းကျောင်းပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် သုံးနှစ် သုံးမိုး မက ငါးနှစ် ငါးမိုးတိုင် အခြေအနေက ထူးမခြားနား၊ ချစ်နေတာက ရှည်လွန်းလှသည်။

သို့တိုင်အောင် နီဝင်ဘာ၏ အချစ် ပြဒါးတိုင်မှာ သုည အောက်တစ်ရာဒီဂရီစင်တီဂရိတ်လောက်နိမ့်နေတုန်းပင်ဖြစ်သည်။

နောက်ဆုံးတစ်ခါ ဟိုက်ဗိုတိတ်ရှိုလက်ဝ် လုပ်သည့်နေ့က တစ်လန်ပြန်လာပြီးကတည်းက ကျွန်တော် နီဝင်ဘာဆီ မရောက်တော့၊အချိန်တစ်ချိန်တွင်ပြန်ဆုံရမည်ဆိုသောမျှော်လင့်ချက်နှင့်ပင် ကိုယ့်ဘာသာကိုယ် ရှိနေခဲ့သည်။

ဒါပေမဲ့…

ရင်နာစရာ သတင်းလေးတစ်ခု ကြားလိုက်ရသည်။

အမေရိကားပြန်ဆရာတစ်ယောက်နှင့် နီဝင်ဘာတွဲနေသည့်သတင်း…။ အစကတော့ ကျွန်တော်သည် ကျွန်တော်အပါအဝင် ကျွန်တော်ထက် ဆိုးသည့် လူများစာရင်းတွင် ထည့်၍ စိတ်ချ လက်ချပင် နေခဲ့သည်။

ဒီဘဲ တစ်ပွေလည်း ကြိုးရှည်ရှည်နှင့် အလှန်ခံနေရဦးမှာပဲဟု ။

သည်အတောအတွင်း ကျွန်တော်အာအိုင်တီက အောင်သီပွဲစားသောက်ဆိုင်မှာပင် ကဗျာအုပ်စုနှင့် အဖွဲ့ကျနေခဲ့သည်။ အာအိုင်တီ ကဗျာအုပ်စုသည် အလွန်တက်ကြွသော အစုအဝေးဖြစ်၍ သည်အထဲတွင် အတော်လေး နစ်မြုပ်နေခဲ့သည်။နစ်လည်မဂ္ဂဇင်းကိစ္စ၊ စက်မှုသတင်းစဉ်ကိစ္စ၊လက်ကမ်းကဗျာစာအုပ်ကိစ္စ၊အတော်အလုပ်များခဲ့သည်။

တစ်ရက်တွင် မြို့ထဲသို့ ဘလောက်ကိစ္စတစ်ခုနှင့် သွားခဲ့သည် ။ ဦးသောင်းလှဘလောက်တိုက်ကိုသွားရန်ပြည်သူ့ကော်ဖီဆိုင်မှထ၍ လျှောက်ခဲ့ရာ ပပဝင်းရုံရှေ့၌ ရုပ်ရှင် လွှတ်ချိန်နှင့် သွားတိုးသည်။

ကျွန်တော်ရင်ထဲ လုပ်ခနဲ ဖြစ်သွားသည်။

တစ်ချိန်တည်း၌ပင် ဗိုအားပြင်းပြင်းနှင့် လျှပ်စစ်ဓာတ်အလိုက်ရသကဲ့သို့ တစ်ကိုယ်လုံးရှိ အာရုံများ ရပ်ဆိုင်းသွားသည်။

နီဝင်ဘာနှင့် ဒေါက်တာ ကျော်ခက်….။

ကျွန်တော့် မျက်နှာတစ်ခုလုံး ထူပိန်းသွားသည်။

သူတို့ မြင်သွားမှာလည်း အလွန်စိုးရိမ်သွားသဖြင့် ဖျတ်ခနဲ နောက်ဘက် ပြန်လှည့် လိုက်မိသည်။ ရက်သည့်စိတ် ၊ ဝန်တိုသည့်

စိတ်သိမ်ငယ်သောစိတ်များနှင့်အတူ ရင်တစ်ခုလုံး ပြောင်းဆန်နေသည်။

နောက်ပြန်လှည့်လာသည့်ခြေလှမ်းများကလည်း တဖြည်းဖြည်း သွက်လာသည်။ ခပ်သုတ်သုတ် လျှောက်လာသော ကျွန်တော်ခန္ဓာကိုယ်တွင် စိတ်သည်ကောင်းကောင်းရပ်မနေတော့။

အထက်တန်းကျောင်းမှ ခေါင်းလောင်းသံများ၊တက္ကသိုလ်မှ အချိန်ပြောင်း ဘဲလ်သံများ ၊ မင်းကွန်း ခေါင်းလောင်းမှ လိုက်သံများနားထဲတွင် အတိတ်ခေါင်းလောင်းသံများ ဝေးလိုက်နီးလိုက် ကျယ်လိုက် တိုးလိုက် ။

သည်ကြားထဲတွင် နီဝင်ဘာ၏ လှောင်ပြောင် ရယ်မောသံများက လျှံငလာသည်။

နဖူးတွင် ချွေးများသီးလာသဖြင့် လွယ်အိတ်ထဲမှ လက်ကိုင်ပဝါကမန်းကတန်းထုတ်၍ သုတ်လိုက်ရသည်။

ဘလောက်တို့ ကဗျာကိစ္စဆိုသည်တို့ ကျွန်တော့် အသိစိတ်မှ ဖယ်ရှားသွားကြပြီ။

သုံးဆယ့်နှစ်လမ်းကဖြတ်၍ ရှစ်ကားမှတ်တိုင်ရှိရာ ဘက်သို့ သုတ်ခြေ တင်လာခဲ့သည်။

သည်အချိန်တုန်းက အစိုးရိမ်ဆုံးစိတ်သည် အသိတစ်ယောက်ယောက်နှင့် ဆုံမှာစိုးခြင်းပင် ။ သူငယ်ချင်း တစ်ယောက်ယောက်နှင့် တွေ့သဖြင့် ...

" ခုနတောင် မင်း နီဝင်ဘာနဲ့ တွေ့လိုက်သေးတယ် ၊ ဘဲတစ်ပွေနဲ့ တွဲလို့"

ဆိုသည့်အသံများကြားရလျှင် ကျွန်တော်ရက်တာနှင့် သေလိမ့်မည် ။

ရှစ်ကားဂိတ် ရောက်သည့်အခါ လိုင်းကား စောင့်နေ၍ မတော်တဆ သူတို့ ပြန်အလာနှင့် တိုးနေမှာ စိုးသည့်အတွက် တွေ့သည့် သုံးဘီးနှင့် ပြန်လာခဲ့၏။

အဲဒါကတော့ မြလေးနှင့် မတွေ့ခင် နိဝင်ဘာနှင့် နောက်ဆုံး နှုတ်ဆက်ခဲ့သည်နေ့ က မြင်ကွင်းပေါ့။

တစ်နည်းအားဖြင့်မြလေးအတွက်သက်သက်ဒုက္ခလာပေးမည့် လူတစ်ယောက်၏ ခရီးအစ ဆိုပါတော့ ...။

နိဂုံးလေးကလည်း တစ်ခု ...။

○ ○ ○

# [၁၃]

နှီဒါန်းလေးကလည်း တစ်ခု . . .။

နီဝင်ဘာနှင့်ပက်သက်၍ခံစားရအတော်ပြင်းထန်သည်။ တစ်ခုတော့ ဖြေသာပါသည်။

ကဗျာလေးတွေ လှလာသည်။ ကဗျာလေးတွေ များလာသည်။

အနုပညာလောကတွင် ဝင်ဆန့် လာသည်။

ပဉ္စမနှစ်ရောက်သည့်နှစ်တွင် ကဗျာလုံးချင်းလေး တစ်အုပ် ထုတ်ပြီး နည်းနည်းထင်ရှားလာသည်။ သည်မှာ ရာဇူး အနုပညာအသင်း အုပ်စုနှင့် တို့ထိတို့ထိ ပေါင်းမိခဲ့ကြသည် ။ ဦးချစ်ဆိုင်တွင် ထိုင်တတ်လာသည်။

မြန်မာစာမှ စန္ဒရားဆရာ ကိုထိန်ဝင်းနှင့် ရင်းနှီးမိလာတော့ ကျွန်တော့်ဆီမှ သူက သီချင်းတစ်ပုဒ် တောင်းသည်။ ကျွန်တော်က လည်း ထိုအချိန်က အဆိုင်းမင့် ကဗျာဆရာ ဟု အမည်ပေးခဲ့ရသည် အထိ ရေးအားကောင်းသည်။ နောက်တစ်နေ့တွင် ကျွန်တော်သီချင်း စာသား ပေးလိုက်သည်။

"အချစ်ဆုံးသူ၏ အထွာပွတ္တိ" ဆိုသည့် သီချင်း။

စာသားကို ကိုထိန်ဝင်းကသိပ်သဘောကျသွားသည်။သူကိုယ် တိုင် ဆိုမည်ဟုလည်း ပြောသည်။ ထိုကြောင့် ...

"ကိုထိန်ဝင်း သီချင်းတိုက်တဲ့နေ့ကျ ပြောဗျာ၊ ကျွန်တော်ကြည့် ချင်တယ်"

ကိုထိန်ဝင်းက ...

"အား ...ကောင်းတာပေါ့ဗျာ၊ လာမည့်စနေနေ့ အာစီက စန္ဒရား ခန်းကိုလာခဲ့၊ကျွန်တော်တို့ရှိနေမယ်၊နေ့လယ် ဆယ့်နှစ်နာရီနောက် ပိုင်းပေါ့"

"အိုကေ ...ကိုထိန်ဝင်း၊ ကျွန်တော်လာခဲ့မယ်"

စနေနေ့တွင် ကျွန်တော်ကစော၍ရောက်နေသည်။

ကျွန်တော်ရောက်ပြီး အတော်ကြာမှ ကိုထိန်ဝင်းတို့ ရောက် လာပြီးစန္ဒရားခန်းမှာ စုကြသည်။ ဆိုမည့်သူများမလာကြသေးသဖြင့် ကို ထိန်ဝင်းက ကျွန်တော့်သီချင်းကို စတိုက်သည်။

ကိုထိန်ဝင်းမှာစန္ဒရားသာကောင်းသည်မဟုတ်၊အဆိုကလည်း ကောင်းသည်။တဖြည်းဖြည်း . . . ဝေးဝေး၍သွား. . . မောင့်မြသား ရယ် ...။

ဆိုသည့်အပိုဒ်တွင်လိုက်သံလေးနှင့်ဆွဲထိန်းသွားပြီးနောက်က လိုက်လာသော စန္ဒရားသံ သစ်ရွက်ကြွေရွရွလေးတွေပေါ်မှာအလွမ်း သမားတစ်ယောက် မျက်ရည်ပေါက်ပေါက်ကျနေသလို ခံစားရ သည်။ ကျွန်တော် သူ့ စန္ဒရားသံတွင် မျောပါနေမိ၏။

အဆိုအဖွဲ့မှ မိန်းကလေး တစ်သိုက်ဝင်လာမှ သီချင်းတိုက်နေ တာပါလားဟု သတိရတော့သည်၊ နို့မို့ မျက်ရည်အကျ...

ဝင်လာသည့် မိန်းကလေးတစ်သိုက်ထဲတွင် မိန်းကလေးနှစ်ယောက်ကို ကျွန်တော်သတိထားမိသည် ။ တစ်ယောက်လှ၍ သတိထားမိခြင်း ဖြစ်သည်။ မျက်နှာမှာ မာနရိပ်ကလေး သမ်းနေပေမယ့် အတော်လှသည့် မျက်နှာလေးဖြစ်သည်။

နောက်တစ်ယောက်ကမူ သာမန်သာသာအလှသာ ဖြစ်၏။ သို့သော်သူ့မျက်နှာတွင် ထူးခြားမှုလေးနှစ်ခုပါသည်။ တစ်ခုက ဘယ်ဘက်ပါးပြင်ပေါ်မှစံပယ်တင်မှဲ့ကလေး၊နောက်တစ်ခုကစကားများစွာ ပြောတတ်သည့် မျက်လုံးညိုမှောင်မှောင် တစ်စုံ ...

ဒါပါပဲ ...

သည့်နောက်တွင် နှစ်ယောက်စလုံးနှင့် ပတ်သက်၍ ကျွန်တော့် စိတ်တွင် တစ်စုံတစ်ရာ မရှိတော့ ။

အဲသည်မှာ စီစဉ်ပေးနေသည့် ကိုသောင်းဟန်က ခုန သိပ်လှသည်ဆိုသည့် မိန်းမလှလေးကို စပြီးဆိုရန် ပြောလိုက်သည်။ မိန်းမလှလေးက ခပ်သွက်သွက်ပင် ထလာသည် ထိုနောက် စန္ဒရားခုံရှေ့တွင် ရပ်လိုက်ပြီး ရဲတင်းသွက်လက်စွာ...

" စဆိုရတော့မလား၊ အတီးကောရပလား "

သူ့လေသံတွင်နည်းနည်းလေး "ကျော့" သည့်အသံပါနေသည် ကိုထိန်ဝင်းမျက်နှာယောင်ယောင်လေးတင်းသွားသည်။

" ဟုတ်ကဲ့ ရပါပြီ ။ ဆိုပါ ကျွန်တော်တီးပါ့မယ် "

ကိုထိန်ဝင်း အသံက သိသိသာသာ ပျော့နေသည် ။ သည်ကတည်းက ကျွန်တော် သိလိုက်ပြီး။ ကိုထိန်ဝင်း" နိပ် "တော့မည်။ ကိုထိန်ဝင်း၏စန္ဒရားကအပြင်လောကသာထွက်နိုင်လျှင်လျှမ်းလျှမ်းတောက်လာမည့်လက် ။ပြီးတော့ သူ့အထာက နည်းနည်းချဉ်လာပြီဆိုလျှင် ပင့်ပေးလိုက်ပြီးမှ ပညာစွမ်းပြတတ်သည်။ ကျွန်တော်တို့ကတော့ ပွဲကြီးပွဲကောင်း တွေပြီဆိုပြီ စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။

စပါပြီ...

ဝင်လာကတည်းကမိုးသီးမိုးပေါက်တွေဖြန်းစားကြီးကြဲချလိုက်သလို မြိုင်ဝင်လာသည့် စန္ဒရားသံက တစ်ခန်းလုံးဝေလွင်နေသည် ခပ်ကြမ်းကြမ်း ကွက်ပျောက်တီးလိုက်ရာ မချော ဝိုင်းနေသည်။

အတောကိုဖျတ်ခနဲ ဆုံးလိုက်ပြီး အဆိုပိုဒ်ဝင်ချိန်မတော့ "မချော" "အ" နေပြီး ဝင်လို့မရတော့ဘူး...

"ဆိုတော့လေ..."

ကိုထိန်ဝင်းက သနားသွားဟန်တူသည်။ အသံချိုချိုနှင့် ဝင်ပြောလိုက်သည်။

မချောမျက်နှာမှ မာနရိပ်တွေ လွင့်သွားပြီး ခပ်အစ်အစ်လေသံနှင့်...

"ဘယ်နေရာက စဝင်ရမှာလဲ"

သည်တော့မှ ကိုထိန်ဝင်းက ပြုံးလိုက်သည်။

"ကျွန်တော် အတောပိုဒ် နှစ်ကျော့ သုံးကျော့ ပြန်ကောက်တဲ့နေရာရှိတယ်။ ရွက်ကြွေ...ရွက်ကြွေ..ဆိုတဲ့နေရာအဲ...အဲဒီနေရာမှာ နှစ်ကျော့။ အဲ...နှစ်ကျော့သုံးကျော့လိုက်ပြီးရင်ဝင်လိုက်ရတယ်လေ ဝင်သာ ဝင်လိုက် ။ ခင်ဗျားဝင်လိုက်ရတာနဲ့ ဆက်သာဆိုသွား ။ ရပြီ ။ ဟုတ်ပြီနော်၊ ရမယ် မဟုတ်လား"

မချောလေသံက ခပ်တိုးတိုးသာ ထွက်လာတော့သည်။

"ဟုတ်ကဲ့"

မချောအလှည့်ပြီးသွားတော့ စံပယ်တင်အလှည့်...

စံပယ်တင်မလေးကတော့ အပြစ်ကင်းတဲ့ ကြောင်ဖြူဖြူပေါက်စလေး တစ်ကောင်လိုပဲ ။ သနားစရာ ကောင်းနေတယ် ။

သူ့မျက်နှာတစ်မျိုးလေးဖြစ်၏။ လှသည်ထက်ခင်စရာပိုကောင်းသည်။

အထူးသဖြင့် မျက်လုံးဝင် ကြည့်ညို့ညို့တွေ...

သူ့မျက်လုံးတွေက စကားပြောတတ်သည်။

ကိုထိန်ဝင်းအား တောင်းပန်သည့်စကားကို မျက်လုံးနှင့် ပြော၍ နှုတ်က...

" ဆိုရတော့မလား အစ်ကို "

ကိုထိန်ဝင်းက ပြုံး၍ခေါင်းညိတ်ပြလိုက်သည်။ စန္ဒရားဆီမှ လျှပ်ပန်း လျှပ်နွယ်များပြိုးခနဲဖျတ်ခနဲ ဟိုက သည်က လက်သလို အသံလုံလေးတွေ ပိုးပိုးပေါက်ပေါက် ဖြာထွက်လာသည်။

သည်တစ်ခါတော့ စံပယ်တင်မလေးက သာသွားသည်။

လက်ကလေးတစ်ဖက်ကပေါင်ကိုမသိမသာပုတ်၍စည်းလိုက်ရင်း သူ့အဆိုဝင်ရမည် နေရာတွင် ချက်ခနဲကောက်ဝင်လိုက်သည်။ အတီးကိုလည်း ရအောင် ထိန်း၍ခေါ်သွားကျွန်တော် စိတ်ထဲမှ ကြိတ်ရယ်လိုက်၏။ ကျားကြီးကို ချော့၍ ကျောသပ်ပေးနေသော ဆပ်ကပ်ထဲမှ မိန်းမလှလေးတွေကို သတိရမိသည်။

ကိုထိန်ဝင်းရေ ။ အဝင်ကြမ်းလို့လည်း အရမ်းမလန့်နဲ့။ အဝင်ပျော့လို့လဲ အရမ်းမပေါ့နဲ့ဟု စိတ်ထဲက ပြောနေမိသည်။

စံပယ်တင်မလေးရဲ့အသံက နားထဲကို စိမ့်ပြီး ဝင်လာသည် ။ သူ့သီးချင်းထဲက စာသားများကို အလွတ်လိုလိုရသွားသည်။

" ပန်းလေးပွင့်ပြီး ... သူ့ရဲ့ဆံမြဝယ် ... တွေ့ရတယ်။ ဦးဦးဖျားဖျားပန်းပြီးသားပေမို့ .. အသွားလဲခက် . အပြန်လဲ ခက်တယ် ... ဆက်ပွင့်ရန်း ကြွေရန်းကွယ် .. ပွင့်ကျိုးမနပ်နိုင်တော့တယ် ... " တဲ့ ။

သူ့သီချင်းအမည်က နောက်ကျခြင်း ...

သူ့အမည်က မြလေးနွယ် .... ။

၀ ၀ ၀

## [၁၄]

အချိန်ရှိသရွေ့ အချစ်ကိုစွန့်သော မွေ့လျော်နေတတ်သူ တစ်ယောက်တော့ မဟုတ်။

ကျောင်းသားတစ်ယောက်ပီပီ ကျောင်းစာသင်ခန်း လက်တွေ့စမ်းသပ်ခန်း စာကြည့်စားပွဲနှင့် စာအုပ်စာတမ်းတွေမှာသူ့ အချိန်အခါနှင့်သူ ထိတွေ့နေခဲ့၍ တာဝန်ကျေတတ်ပါသည်၊ သို့သော် လွမ်းတတ်သူ တစ်ယောက်အနေနှင့်မူ လွမ်းသည့်အခါလည်း သိပ်လွမ်းသည်။ အထူးသဖြင့် နိုဝင်ဘာနှင့်ပတ်သက်၍ စိတ်မာတတ်တွေဝေပြီးသည့်နောက်တွင် စိတ်လှုပ်ရှားမှု ပိုလာသည်။

ဟန်မဆောင်စတမ်း ဖွင့်ဟ ဝန်ခံရလျှင် ထိုအချိန်က ခုအခါပြန်တွေးလျှင် သိပ် မျက်နှာထားရ ခက်စေသော ကဗျာအမျိုးပင် ရေးဖြစ်

ခဲ့၏။ ကျွန်တော်၏ "ရေမ်းလွန်ရောင် အကျဉ်းသား" ဆိုသည့် ကဗျာကို ကြည့်လျှင် ကျွန်တော့်စိတ်ကို မှန်း၍ ရနိုင်မည်ထင်သည်။

"ရေမ်းလွန်ရောင် အကျဉ်းသား....

- သူများတွေ က
ချစ်နေကြတော့၊ ကျွန်တော်စိတ်လည်း
သူများနည်းတူ၊ ချစ်သူတစ်ယောက်
ကောက်ရချင်စိတ်၊ တိတ်တိတ်ပေါ်လာ
ချစ်ချင်တာပေါ့...
အဲဒါမှားတယ် ခေါ်မလား....။
- ကြည့်စမ်းပါဦး
နေ့မှာဆိုလဲ၊ သူ့ချစ်သဲနဲ့
ခွဲမသွားတဲ့ နေ့ကလေး...။
- ကြည့်စမ်းပါဦး
ညမှာဆိုလဲ၊ သူ့ချစ်သဲနဲ့
ခွဲမသွားတဲ့...လကလေး။
- ကျွန်တော်မှာသာ
နွေခါဆိုလဲ၊ အလွမ်းသဲမင့်
စိတ်ထဲဆွေးစရာ...လူမရှိ။
မိုးခါဆိုလဲ၊ မျက်ရည်ဝဲမင့်
ရင်ထဲနွေးစရာ ...လူမရှိ။
ဆောင်းခါဆိုလဲ၊ ရင်ခုန်ဆဲမင့်
အသဲနင့်စရာ...လူမရှိ။
- မရှိမဖြစ်....
မချစ်မနေတတ်....
အငတ်ကလေးကျွန်တော် ....
ဩော်....သနားဖွယ်ငေ
တဲ့....ကောင်းရော...။

သည်အချိန်တွင် အကြင်နာကို မျက်လုံးဖြင့်ပြတတ်သော မြလေးသည် ကျွန်တော့် ပစ်မှတ် ဖြစ်လာသည်။

ကျွန်တော့်တွင်ပျောက်ကွယ်ဆုံးရှုံးခံလိုက်ရသောတရားတစ်ခုတွင် မြလေးထံတွင် သွားတွေ့လိုက်ရသည်။

○ ○ ○

အမှန်....မြလေးသည် နိဝင်ဘာလောက် မလှ ၊ နိဝင်ဘာထက် လှသည့် နိဝင်ဘာလောက် လှသည့် မိန်းကလေးများလောက်လည်း မလှ...၊

လှသော မိန်းကလေးများတွင် နားလည်မှု မရှိ၊

မြလေးမှာ နားလည်မှု အပြည့်ရှိသည် ၊ မြလေး၏ကြင်နာတတ်သော မျက်လုံးများတွင် စမ်းရေအေးအေးလေးတွေ ရှိသည်၊

မြလေးအကြောင်းကိုထိန်ဝင်းထံမှတော်တော် သိလိုက်ရသည် မြလေးကမြန်မာစာပထမနှစ်ကျောင်းသူ၊အနုပညာဝါသနာပါသည်၊ ရတနာဆောင်မှာနေသည်၊

နောက်နေ့ ရတနာ၏ ညနေခင်းတွင် ကျွန်တော် မြလေးဆီ ရောက်ခဲ့သည်၊

တွေ့ကြည့်လျှင် ...ရယ်စရာ...

**Quality Publishing House**

ဂုဏ္ဍမြရရ၊ သိကၡာရှိရှိ ကိုထိန်ဝင်းတို့က တစ်ဆင့် မိတ်ဆက်၍ ရနိုင်လျက်နှင့် ကျွန်တော်ခပ်ကြောင်ကြောင် မြလေးကို စကားလိုက် ပြောသည် ။ ရတနာဆောင်မှာ နေမှန်းတော့ သိသည်။ အခန်းမသိ ဘယ်လိုခေါ်ရမှန်းမသိ ။ အဆောင်ရှေ့ အုတ်ခုံလေးတွင် အဆောင် ဖွင့်ချိန်၌ ထိုင်၍ မျှော်နေမိ၏။

အချိတ်အဆက်ရှိသူများကတော့ ဟန်ကျပန်ကျ ။ ညှိခန်းပါ လာထဲ ဝင်သွားသူနှင့် ကြော့ကြော့မော့မော့ ပြင်ဆင်ပြီး ထွက်လာသူ နှင့်ကိုယ့်အဖော်ကိုယ်စောင့်ပြီးအင်းလျားရေစပ်ဘက်၊ကံ့ကော်ရှက် ရေ...အလွမ်ပြေ...အနမ်းဝေနေကြ သူနှင့်...။

ကျွန်တော်ကတော့ ဘုန်းမောင် တစ်ကောင်တည်း။

ဒီဘဝမျိုး မလွဲမသွေ ရောက်နေမည်ဆိုတာ သေချာသိသဖြင့် ကြိုတင် ယူလာခဲ့သော ဒူးယား တစ်ဘူးနှင့် မီးခြစ်တစ်လုံး အဖော် ပြု၍ " ဝေါင်းဆင် " လေး ပြုပြီး ခပ်တည်တည်ပဲ ထိုင်နေပါသည် ။ တစ် ယောက်ပြီးတစ်ယောက် တစ်တွဲပြီးတစ်တွဲ ဖြတ်သွားလိုက် လှည့်ပြန် သွားလိုက်နှင့် အလကားမတ်တင်း သနားသွားကြတာကို ပေခံပြီး စောင့်မြဲ စောင့်နေခဲ့သည်။

အဲ ... ဒူးယားခြောက်လိပ် အကုန်၊ သတ္တမမြောက် ဒူးယား ကို မီးညှိတဲ့အချိန် ... ရတနာပေါ်တီကို အောက်က ထွက်လာတဲ့ မြလေး ကို လှမ်းတွေ့လိုက်ရသည်။

တကယ်တွေ့တော့မှ ကျွန်တော်ဘယ်ကနေ ဘယ်လိုစ၍ဘာပြု ရမည်မှန်း မသိတော့ ။

ကျွန်တော် နားအရောက်တွင် ဝေ့ခနဲ တစ်ချက်ကြည့်သွားသည့် မြလေးလေး၏မျက်လုံးအစုံတွင်တစ်ခုခုကိုကျွန်တော်တွေ့လိုက်ရ၏ သို့သော် ဂုဏ္ဍမြရရ မျက်နှာလွှဲပြီး ထွက်သွားသောကြောင့် ကျွန်တော် မူလတန်းကျူရှင်ဆင်းပြသည့် တက္ကသိုလ်ကပါမောက္ခလို ဘာလုပ် ရမှန်း မသိတော့။

သို့ နှင့် ခပ်လှမ်းလှမ်းရောက်မှ နောက်က ကမန်းကတန်း လိုက် သွားသည်။ ပြီးတော့ မြလေးကို ခေါ်သည်။

ပြောသည်၊ ရယ်သည်၊ မောသည်၊

ဘာတွေမှန်းတော့ မသိတော့၊

နှိုင်းအရှုပ်မှာတော့ ကျွန်တော်နှင့် မြလေး ခင်သွားကြ၏၊

နှိဝင်ဘာနှင့် တွေ့သလိုတော့ ရင်မခုန် ၊

သို့သော် အဆင်ချော၏ ၊ အပြောလှ၏ ၊ အလှအပလေး တစ်ခု ဖန်ဆင်းရသလို ကဗျာရေးရသလို အလိုက်သင့်၏၊

မြလေးက ပိုမှတ်မိသည်၊

ကျွန်တော်နှင့် နှိုင်းစာလျှင်...၊

○ ○ ○

မြလေး…ပျော်လိုက်တာ…ကိုကိုရယ်။

မြလေးကို မြလေးရဲ့ ဖေဖေက အမြဲတမ်း ဒိုင်ယာရီ ရေးတာ အကျင့်လုပ်ဖို့ ပြောတယ်။ နှစ်တိုင်းလည်း ကောင်းမေ့ဆိုတဲ့ ဒိုင်ယာရီ တစ်အုပ် တစ်အုပ် အမြဲတမ်းဝယ်ပေးတယ်။

ဒါပေမဲ့…မြလေး…မရေးပေါင်…။

ခု…ကိုကိုနဲ့ တွေ့မှပဲ မြလေးလေ ဘယ်သူမှ မတိုက်တွန်းဘဲနဲ့ ဒိုင်ယာရီ ရေးချင်စိတ် ပေါ်လာပြီ။

ကိုကို့ အကြောင်းလေးတွေ မြလေး ကြားနေချင်တယ်။

မြလေးက မေ့တတ်တယ် ။ မြလေးက မှတ်ဉာဏ်မကောင်း တတ်ဘူး ။ ဒီတော့ မြလေး အမြဲတမ်းသတိရနေအောင် စာလေးနဲ့ ရေးထားမှာပေါ့။ မြလေး နားမှာ ကိုကို အမြဲရောက်နေအောင်ပေါ့…။

ကိုကိုဟာလေ သိပ်ရယ်စရာ ကောင်းတာပဲ…။

Quality Publishing House

သီချင်းတိုက်တဲ့နေ့ကတည်းက မြလေးကို ကိုကိုတွေ့တာပဲ ။ အဲဒီတုန်းကတည်းက အဆင့်သင့် မိတ်ဆက်လိုက်ရင် ရရဲ့သားနဲ့ ဒုက္ခကိုမှ တမင် ရှေးရလား ကိုကိုရယ်။

အဲဒီနေ့ကတည်းက ...

" မမြလေးနွယ်၊ ကျွန်တော် ထွန်းနိုင်ပါ၊ ကဗျာရေးတဲ့ ထွန်းနိုင်ပါ၊ မမြလေးနွယ်ကို ခင်ချင်လို့ " ဆိုပြီးရော ၊

မြလေးကလေ ကိုကို့ကို ခင်ချင်လိုက်တာမှ လွန်ရော ။ဒီတုန်းကတော့ ကိုကိုက ခပ်တည်တည်ကြီးနဲ့ စန္ဒရားခုံဘေးမှာ ထိုင်ပြီး ဆေးပေါ့လိပ်ကြီးခဲလို့ ။ တစ်လောကလုံးကို အပေါင်းအသင်း မလုပ်ချင်တဲ့ ပုံစံကြီးနဲ့ ထိုင်နေပြီး၊

ညနေတုန်းကျမှ ...

အဆောင်ရှေ့က အုတ်ခုံမှာ ဆေးလိပ်နင်းဖွာပြီး မျှော်တော်ယောင် လုပ်နေရတယ်လို့၊

ကိုကိုထိုင်နေတာ မြလေးတွေ့တာ ကြာလှနေပြီ၊ ကိုကိုဘာလုပ်နေလဲဆိုတာ မြလေး ကြည့်နေတာလည်း ကြာလှနေပြီ၊

မြလေးကို စောင့်နေမှန်း မသိမှ မသိတာ ၊

မြလေးကို စောင့်နေမှန်းသိရင် မြလေး ပြေးလာမှာပေါ့၊

" ကိုကို ရောက်နေတာ ကြာလား "

"ကိုကိုရယ် မြလေးကို ခေါ်လိုက်ရောပေါ့ "

"ကိုကိုနော်...မြလေးကိုအကြောင်းပြပြီးရတနာကအစ်မကြီးတွေကို လာရှိတ်နေတာလားဟင် ....

ဆိုပြီး လာချွဲမှာပေါ့၊

အလကားပါ ကိုကိုရယ် ...

မြလေး လားအဲလို လုပ်ရဲမှာ ၊

မြလေးက သိပ်ရှက်တတ်တယ် ကိုကိုရဲ့၊

မြလေးလေ တက္ကသိုလ်ကျောင်းသူသာ ဖြစ်လာရော ၊ ဘယ်ယောကျ်ားလေးနဲ့မှ မပတ်သက်ဖူးဘူး၊ ပြီးတော့ ခင်လဲ မခင်ဖူးဘူး၊

ခင်လဲ မခင်ရဲပါဘူး၊

ယောက်ျားလေးတွေက သိပ်ကြောက်စရာကောင်းတာလို့ မေမေက ခဏခဏ ပြောဖူးတာ ။

အိမ်မှာနေ ၊ စန္ဒရားတီး သီချင်းဆို ၊ မြလေး ဒီလိုပဲ နေလာ-ခဲ့တာ ကိုကိုရ။

ဒါကြောင့်လေ တစ်ယောက်တည်း ငူငူကြီး ကိုကို့ကို ကြည့်ပြီး မြလေး ရယ်မောနေတာ။

ကိုကို့ ရည်းစားများ ရတနာမှာ ရှိလား ....

ကိုကို ဘယ်အစ်မကြီးများ လာစောင့်နေပါလိမ့်။

ကိုကို့မှာ ရည်းစားတော့ ရှိမှာပေါ့ ... နဲ့ ။ အများကြီး တွေးပြီး ကိုကို့ကို ခိုးကြည့်နေတာ။

အကြာကြီးသာ ကြာသွားရော ကိုကိုတစ်ယောက်တည်း ထိုင်နေတာတွေ့လို့ ကိုကို ဝို့များ လာရှာတာလား မသိဘူးလို့ မရဲတရဲ တွေးမိတယ်။ ဟုတ်မယ် မထင်ပါဘူး။ မြလေးလို ဖတ်စ်ရီးယား ဘားမိစ်က ရှာတိတ်မ မလှမပလေးကို ကိုကို စိတ်ဝင်စားမှာ မဟုတ်ပါဘူးလို့ တွေးမိတာပေါ့။

ဒါပေမဲ့ ကိုကိုများ ဝို့ကို လာစောင့်ရင်ဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ ဟုတ်လို ဟုတ်ငြားပေါ့ ကိုကိုရယ်။ မြလေး ခပ်တည်တည် လမ်းလျှောက်ထွက်သလို ဘာလိုလိုနဲ့ ထွက်လာခဲ့တာ။

ကိုကို နားရောက်တော့လည်း မြလေးကို မှတ်မိပြီး ခေါ်လိုက်မလားလို့မသိမသာလေးကြည့်လိုက်ပါသေးတယ်။ ကိုကိုက ပေကပ်ကပ်ကြီးကြည့်လိုက်တော့မြလေးလည်း စိတ်ဓာတ်ကျသွားပြီးအရှိန်မပျက် ဆက်လျှောက်လာခဲ့တာပေါ့။

စိတ်ထဲမှာတော့ပြန်လှည့်ပြေးပြီးအခန်းထဲရောက်မှခေါင်းအုံး မျက်နှာအပ်ပြီး ငိုချင်လိုက်တာလေ။

သူများကတော့ ကိုယ့်များလာစောင့်သလားဆိုပြီး ကမန်းကတန်း တို့ပတ်ကလေးတို့ ဆံပင်လေးဘာလေး သေသေချာချာ ဖြီးပြီး လမ်းလျှောက်ချိန် ၊ ဘလောက်စ်တောင်မှ မဝတ်ဘဲ ရင်ဖုံးလေး နဲ့ ကြော့ကြော့လေး ထွက်လာတဲ့ ဥစ္စာ ၊ ကိုကိုက ဘာမှ မဆိုင်သလို

နေလိုက်တော့ မြလေး ဝမ်းနည်းလိုက်တာလေ ။

တော်တော်လေး ဝေးတာတောင် ဘာမှ မထူးခြားတော့ ဘယ်လိုလုပ်ပြီး အဆောင်ထဲ ပြန်ပြေးရပါ့မလဲဆိုပြီး တွေးနေတော့မှ ....။

" မ ... မြလေးနွယ် ... မမြလေးနွယ် "

ဆိုတဲ့ ကိုကို့ အသံ ကြားလိုက်ရတယ် ။ မြလေးရင်ထဲ ဒိန်းခနဲ ဖြစ်သွားတယ် ဘာလုပ်ရမှန်းမသိတော့ဘူး ။

" ခဏနေပါဦး .... မမြလေးနွယ် "

ဘာလုပ်ရမှန်း မသိတော့ပေမယ့် ခြေထောက်လေးတွေက သိပ်လိမ္မာပါတယ် ကိုကိုရယ် ။ အလိုလို ရပ်သွားတယ် ။ လူကလည်း ကိုကို့ဘက် အလိုလိုလှည့်ပြီးသား ဖြစ်သွားတယ် ။

" မမြလေးနွယ် ၊ ကျွန်တော့် ကို မမှတ်မိဘူးလား ၊ ကျွန်တော် ထွန်းနိုင်ပါ ၊ မမြလေးနွယ်တို့ သီချင်းတိုက်တုန်းက ကျွန်တော်လဲ ရှိနေတယ်လေ ၊ အဲဒါ ခု မမြလေးနွယ်ဆီကို လာလည်တာပါ "

ခြော် ကိုကိုရယ်၊ သူကပဲမမှတ်မိဘူးလားမေးရတယ်ရှိသေး။

" ခြော် ... မြလေး အစ်ကို့ကို မှတ်မိပါတယ် ၊ မြလေးဆီကို ဘာကိစ္စရှိလို့ လာလည်တာလဲဟင် ... "

မြလေး ပါးစပ်ကလည်း ကိုကို့ဘက်ခပ်ပါပါတော့ ဖြစ်နေပါပြီ ကိုကိုရေ၊ မိန်းကလေးပဲ ကိုကိုရယ် ခပ်တည်တည်ပေါ့ ။

မြလေး မမှတ်မိတာ စိတ်မရှိပါနဲ့ရှင်၊ ကိုထွန်းနိုင်က ဘယ်သူပါလဲ၊ ဘာကိစ္စရှိလို့ပါလဲ၊ ကျွန်မ သွားစရာရှိလို့ ကိစ္စရှိရင် မြန်မြန်ပြောပါ ဘာညာနဲ့ မူလိုက်ဖို့တော့ ကောင်းသေးတာပေါ့ ။ ခုတော့ ...

" ကျွန်တော့်ကို မှတ်မိတယ်၊ ကျွန်တော် သိပ်ဝမ်းသာတာပဲဗျာ ကျွန်တော်လေ မမြလေးနွယ်ကို သိပ်ခင်ချင်တာ၊ ကျွန်တော့်ကို အခင်ဆုံး သူငယ်ချင်းတစ်ယောက်လို သဘောထားပါ မမြလေးနွယ်၊ ပြီးတော့ ကျွန်တော် မမြလေးနွယ် ဆီကို အမြဲတမ်း လာလည်ပါရစေ "

ကြိတ်လိုက် ကိုကိုရေ၊ ကြိတ်လိုက် ။

သိပ်လည်တဲ့ ကိုကို ။ ဒီကမှတ်မိတယ် ဆိုရုံရှိသေး ၊ အခင်ဆုံး

သူငယ်ချင်းတစ်ယောက်လို့ သဘောထားရမတဲ့၊ ပြီးတော့ အမြဲတမ်း လာလည်ပါရစေတဲ့ "

"ဟင့် အင်း "ပြင်းလိုက်ရင် မကောင်းရှိရော့မယ်၊ ဒါပေမယ့် ခက်တာက မြလေးကလည်း ပြင်းဖို့ နေနေ သာသာ ။

"ဟုတ်ကဲ့ အစ်ကို မြလေးလည်း ခင်တတ်ပါတယ် "

ကောင်းရောပေါ့ မိမြလေးရယ်၊ နုမှ ရေတွင်းတူးရုံရှိသေးရေ ကြည်သောက်ရုံမကဘူး၊ သောက်တော်ရေပါ ကပ်ပြီးသွားပါရော လား။

တစ်ဖက်က ရွှေပေးလို့မရတဲ့ မိန်းမတို့ ဣန္ဒြေကတားနေပေမယ့် မြလေးစကားကြောင့် ကိုကိုမျက်နှာလေး ရွှင်သွားတာ မြင်ရတော့ မြလေး ဝမ်းသာသွားတယ် ။ ကိုကိုက ရယ်လိုက် ပြုံးလိုက်ရင် သိပ် ... ချစ်၊ အဲလေ ... ဘွာတေး ... ဘွာတေး ... မဟုတ်ဘူးလေ၊ သိပ်အခင်ဆုံးဖြစ်ဖို့ ကောင်းတာပဲ ။

ကိုကို့ အပြုံးက သိပ်ကြည်လင်ပြီး ပွင့်လင်းလွတ်လပ်တော့ မြင်ရတဲ့သူတောင် အလိုလို ပျော်လာသလိုပဲရှိတယ် ။ မြလေးတော့ ကိုကို့ အပြုံးကို နာမည်ပေးလိုက်ချင်တယ်။ ကာဝေအပြုံးလို့လေ၊ ဖမ်းစားနိုင်လွန်းလို့ပေါ့။

"မမြလေးနှယ်က ကျွန်တော့်အခင်ကို လက်ခံမယ်ဆိုလို့ သိပ် ဝမ်းသာတာပဲဗျာ ။ ကျွန်တော့်မှာ ဘယ်မိန်းကလေး သူငယ်ချင်းမှလဲ မရှိပါဘူး ၊ ကျွန်တော့်တို့ အာအိုင်တီကလည်း ဘုန်းကြီးကျောင်း မို့လား။ မာတုဂါမတွေကလည်း ရှားပါဘိသနဲ့ ။ ပြီးတော့ ကျွန်တော် တို့ ဖစ်ဖ်ရီးယား အလက်ထရစ်ကယ်မှာဆို ပိုဆိုးသေး ၊ ကျွန်တော် တော့ မမြလေးနှယ်ကိုပဲ အခင်ဆုံးလို့ သတ်မှတ်ပါတယ် "

ကိုကိုက သိပ်စကားတတ်တယ်။ တစ်ခါတည်း သွယ်ဝိုက်ပြော သွားတဲ့ စကားနဲ့ ရည်းစားမရှိတာရော ၊ စက်မှုတက္ကသိုလ်ကျောင်း သားဆိုတာရော၊ ပဉ္စမနှစ် လျှပ်စစ်က ဆိုတာကော ရည်းစား စကားရဲ့ ပဏာမနိဒါန်းကော အပြတ်ပြောလိုက်တာပဲ ။

မြလေး ဘာမှ ပြန်မပြောရဲတော့ဘူး ။

ကိုကို့ ကာဝေအပြုံးကိုပဲ မလုံမလဲအပြုံးနဲ့ တုံ့ပြန်လိုက်ပါတယ်။

" သွားမယ်နော် မမြလေးနွယ် ။ ကျွန်တော် နောက်နေ့မှ လာပါဦးမယ်၊ မမြလေးနွယ် အခန်းက ..."

" ခြောက်ဆယ်ပါ "

ကုန်ရော ကုန်ရော ။ မိမြလေးတော့ အိတ်သွန် ဖာမှောက်ကို သံတော်ဦးတင်နေမိတော့တယ်။ ဒါပေမဲ့ ကိုကို့အတွက်ပဲဟာ မြလေး မနေမြောပါဘူး ကိုကိုရယ်။

တာ့တာ ...ကိုကို ။ အိပ်တော့မယ် ။

အောက်တိုဘာလ ၃ - ရက်၊ ၁၉၇၄ - ခုနှစ်
ကြာသပတေးနေ့ ( ကိုကိုနဲ့ စခင်တဲ့နေ့ )

○ ○ ○

[၁၅]

အချစ်ဆိုတာ လျှပ်စစ်လိုပဲ သူငယ်ချင်း။

ဟောဒီ လျှပ်စီးပတ်လမ်းမှာ လျှပ်စစ်စီးကြောင်းရှိနေတယ် ။ ခေတ်ဟောင်းက ယူဆချက်ကတော့ အဖိုက အမဆီ စီးတာပေါ့ကွာ။ ခေတ်သစ်မှာတော့ အမက အဖိုဆီ စီးတယ်လို့ ယူဆတဲ့အခါလည်း ရှိတယ်။ အဖိုက အမဆီ စီးတယ်လို့ ယူဆတဲ့ အခါလဲ ရှိတယ်။

ဘယ်လိုပဲယူဆယူဆလျှပ်စီးကြောင်းဆိုတာမမြင်ရတဲ့အရာ တစ်ခုပဲ ထွန်းနိုင်။

မမြင်ရလို့ အရမ်းအထင်မသေးနဲ့ မထိလိုက် မကိုင်လိုက်နဲ့ မမြင်ရတဲ့လျှပ်စစ်က သေတဲ့အထိဒုက္ခပေးနိုင်တယ်။ဗို့အားမြင့်လျှပ် စစ်ကြောင်းမှာ အနည်းဆုံးဗို့အားက သုံးထောင်သုံးရာ။

အေး . . . အချစ်က သူ့ထက်မြင့်တယ် ။ ဒါတောင် ဗိုအားက တစ်ထောင့်ငါးရာပဲ ရှိတာ ။

ဗိုအားမြင့် စမ်းသပ်ခန်းတွင် လက်တွေ့လုပ်ရင်း သက်အောင်က ကျွန်တော့်ကို သွယ်ဝိုက်၍ သတိပေးလိုက်သည်။

မြလေးနှင့် ကျွန်တော့်အကြောင်းကို သူ့အား အသိပေးပြီး ကတည်းက သူကတားသည်။

သူနှင့် ကျွန်တော်က ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင်၊ နစ်ရှည်လများ၊ ပေါင်းသင်းလာခဲ့သူဖြစ်သဖြင့် ကျွန်တော့်အကြောင်းကို သူ အသိဆုံးပင် ။

တစ်ခါတစ်ခါတွင် သူက ကျွန်တော်ထက်ပင် ကျွန်တော့်အကြောင်းကို နားလည်နေသည်ဟု ထင်ရ၏။ ကျွန်တော် မြလေးနှင့် ကျွန်တော့်အကြောင်းကို သူ့ကိုပြောသည့်အခါ မြလေးကို နစ်နစ်ကာကာ ချစ်သည့် အနေအထားမျိုးဖြင့် ပြောပြခဲ့သည်။

" ရေမ်းလွန်ရောင် အကျဉ်းသား " အတွေးမျိုးစိုးစဉ်းမျှ မဟာခဲ့၊ သို့တိုင်အောင် သူကကျွန်တော်အတွေးကိုစာတ်မှန်ရိုက်ကြည့်သလို သိနေ၏။

သူ့ စကားတစ်ခွန်းကို ကျွန်တော် အမြဲမှတ်မိနေသည်။

" မင်းလုပ်ပုံက ဟောဟိုကားချပ်ထဲက ရှေးဦးသူနာပြုစုနည်း လုပ်သလို ဓာတ်လိုက်ခံရတာကို ကုနေတာ ထွန်းနိုင်၊ ဒါပေမဲ့ ဓာတ်လိုက်ခံရတာကို သူနာပြုကုတာက ပျောက်သွားရင် ဘာမှ ပြဿနာမရှိတော့ဘူး။ လျှပ်စစ်ဓာတ်က သေရင်သေ၊ မသေရင်သေရာပါ ရောဂါ ပေးတတ်တဲ့ နာတာရှည် မဟုတ်ဘူး ။ မင်း ဓာတ်လိုက်ခံရတာ က သေရာပါ၊ နာတာရှည် အချစ်ဓာတ် အလိုက်ခံရတာကွ၊ ကုတုန်းပဲ သက်သာမယ် ။ ပျောက်မယ့်အနာမဟုတ်ဘူး ။ ပိုဆိုးရင်သာဆိုးသွား လိမ့်မယ် ။

ကျွန်တော်လည်း ထိန်းပါသည်။

မြလေးနှင့် ရင်းနှီးခဲ့တာကြာပြီ၊ ညနေတိုင်း လိုလိုလဲရတနာ ကိုလာသည်၊ စကားများစွာ ဖောင်ဖွဲ့သည်၊ မြလေးနှင့် ဆက်နွယ်၍

သိရသော အသက်တို့ ၊ မရှိတို့ အဖော်ကောင်း၍ တနင်္ဂနွေတို့၊အခါကြီး ရက်ကြီးတို့မှာလည်း ရွှေတိဂုံဘုရားတက်သည်။ သန်လျင်သွားသည် ၊ တိရိစ္ဆာန်ရုံသွားသည်။ ပျော်စရာ အစည်းအရုံးလေးတစ်ခု ဖွဲ့မိကြသည်။

သွားတိုင်းလာတိုင်းတွင်လည်း အားလုံးက ကိုယ့်အသိလေးများနှင့်ကိုယ်ကျွန်တော်တို့နှစ်ယောက်ကိုတသီးသန့်သတ်မှတ်ထားကြသည်။ ထိုင်လျှင်လည်း မြလေး ဘေးနားမှာ ကျွန်တော့်နေရာ ၊ လမ်းလျှောက်လျှင်လည်း မြလေး အနားမှာ ကျွန်တော်အတွက် ချန်ထားသည်။

စကားထဲတွင်ပင် မြလေးနှင့် ကျွန်တော့်ကို ခွဲ၍ မပြောကြ။

မြလေးနှင့် ကျွန်တော်မှာ တရားမဝင် သမီးရည်းစားအဆင့်သို့ ရောက်သည်ဟု ပြောရလျှင် ရမည်။

သို့သော် " ချစ် " ဆိုသည့် စကားလုံးလေးကို အသုံးမပြုကြသေး။အရိပ်တွင် အကောင်မြင်နေရသော်လည်းအကောင်ကိုမူမမြင်ချင်ယောင်ဆောင်ထားကြသည်။

သည်အခြေမှာပင် ကျွန်တော်ဖွင့်မပြော....။

ကျွန်တော့် စိတ်ကို ကျွန်တော်မသေချာ၍ ဖြစ်သည်။ ကျွန်တော် နှလုံးသား စတင်နားလည်သော အချစ်သည် နီဝင်ဘာ့ အပေါ်ဖြစ်သည် ။ သည်အတွက် မြလေးကို ဒုက္ခပေးသလို ဖြစ်နေမလား ဆိုသော အသိသည် ကျွန်တော့်ကို ခြောက်လှန့်၏။ တားဆီး၏။

သည်လိုဖြင့်မြလေးအပေါ်သံယောဇဉ်မဖြစ်အောင်သို့မဟုတ် မြလေးက သံယောဇဉ် မဖြစ်အောင် နင်မသွားပါနဲ့လားဟု အပြစ်တင်ချင် တင်မည်။

သည်လိုတော့လည်း မဟုတ်ပြန် ၊ ကျွန်တော့် အနေအထားကို ပြောတာပါ။

မြလေးနှင့် နေနေသည့် အခါ ကျွန်တော် ပျော်သည်။

မြလေး အနားမှာ နေရခြင်းသည် နွေနေ့ခင်း၌ အရိပ်ကောင်းသော အပင်ကြီးအောက် ခိုနေရသလို ချမ်းမြေ့လှလောက်၏။

လူမှန်းသိစကလေး အမိရင်ခွင်မှာ နေရသလို ကျေနပ်၏။

ကြင်နာတတ်သော အစ်မတစ်ယောက် ရှိထားသလို ပြည့်စုံ၏။

စေ့အောင်သာ လျှောက်ပြောရလျှင် ရန်ကုန် မန္တလေး လမ်းမကြီးတစ်လျှောက်ပြည့်အောင် လက်ရေးသေးသေးနှင့် ရေးလျှင် တောင် စုံမည်မထင်။

မြလေးနှင့် ပတ်သက်လျှင် ကျွန်တော့်စိတ် ခွေးတွေး စင်ကြယ်သည်။

မြလေးဆီမှ အနမ်းတွေ၊ အလွမ်းတွေ အမောတွေထက်၊ မြလေး၏ အပြုံး၊ မြလေး၏ စကားသံ မြလေး၏ တွယ်တာမှုလေးများကို ကျွန်တော် ပို၍ မက်မောသည်။

မြလေး၏အငွေ့အသက်များသာ နိစ္စဝင်ဘဲ့ကို လွှမ်းခြုံ၍ရလျှင် ဤကမ္ဘာမှာ ကျွန်တော် ကံအကောင်းဆုံး ဖြစ်သွားနိုင်သည်၊ ဖြစ်နိုင်လျှင် မြလေးနှင့် ကျွန်တော် ဤအခြေအနေ ဖွေးဖွေးစင်စင်လေးနှင့်ပင် တစ်သက်လုံး နေသွားချင်သည်။

သို့သော် လူသည် သဘာဝကို အံတု၍ မရ။

ကျားတစ်ကောင်နှင့်မတစ်ယောက် လင်မယား မဟုတ်၊ တစ်သက်လုံးနေသွားရန် ဆိုသည်မှာ တစ်မိဝမ်းထဲ ဆင်းလာသည့် မောင်နှမချင်းပင် မလွယ်။

သည်အသိကို လျင်မြန်သွက်လက်စွာ နိုးကြားလာအောင် မြှုလုပ်ပေးသော ကိစ္စသည် ၁၉၇၄-ခုတွင် ဖြစ်ပွားသည့် အရေးအခင်း တစ်ခုပင် ဖြစ်၏။

အရေးအခင်းကြောင့် ကျောင်းပိတ်လိုက်ရသည်။

မြလေးလည်း မိဘများရှိရာ တောင်ကြီးသို့ ပြန်သည်။

ကျွန်တော်လည်း ကျွန်တော်အိမ် ကျွန်တော်ပြန်သည်။

သည်တော့မှ ကျွန်တော်တို့ နှစ်ယောက်သည် ဘာမှမဆိုင်ကြသည့် တစိမ်းသားသားများဖြစ်ကြောင်း သိလာသည်။

ရက်ရှည်ခွဲခွာမှုသည် ကျွန်တော်တို့အား တစ်စုံတစ်ရာကို တပ်လှန်ပေးလိုက်၏။

ရာသီမသိ ပန်းနှင့် ညို ဟူသော စကားရှိသည်။

သတိရခြင်း၊ တမ်းတခြင်းဆိုသောပန်းကလေးများ ကျွန်တော့်ပတ်ဝန်းကျင်တွင် ပွင့်လာသည်ဟု ကျွန်တော်ထင်သည်။ သည်အခါ ကျွန်တော်၏ စိတ်ရာသီသည် ထင်ရှားလာ၏။

ကျောင်းပြန်ဖွင့်သည့်နေ့ မတိုင်မီ တစ်ရက် ...။

နှစ်ယောက်တည်း ခရီးလေးတစ်ခု ထွက်သည်။

အသွားတုန်းက ကျွန်တော်တို့ နှစ်ယောက်သည် သူငယ်ချင်း၊ အပြန်တွင် ကျွန်တော်တို့နှစ်ယောက်မှာ ချစ်သူတွေ၊ ချစ်ပန်းကလေးများ တဝေဝေ ....။

၀ ၀ ၀

ဒီနေ့ကတော့ လက်ရေးလှမှာ မဟုတ်တော့ဘူး။

မြလေး လက်တွေ တုန်နေတယ်....။

ကိုကိုနဲ့ တွေ့ပြီးကတည်းက မြလေး နေ့တိုင်း ဒိုင်ယာရီရေးခဲ့တယ်။ ဒါပေမဲ့ ဒီနေ့လောက် တစ်ခါမှ စိတ်မလှုပ်ရှားဖူးဘူး။ ဒီနေ့ မြလေး လေ ရင်ထဲ ရင်တွေခုန်နေတယ်။

အဆောင်ဆင်ဝင်အောက်အထိ ကိုကိုလိုက်ပို့ပြီး နှုတ်ဆက်ပြန်သွားရော။ မြလေးအခန်းထဲရောက်အောင် တအားပြေးတက်လာပြီး တစ်ခါတည်း ငိုချပစ်လိုက်တယ်။

မြလေး ဝမ်းနည်းလို့ငိုတာ မဟုတ်ပါဘူးကိုကိုရယ်....။ မြလေး ဘာဖြစ်မှန်း မသိဘူး။

**Quality Publishing House**

ဝမ်းသာလွန်းလို့ ဆိုတဲ့စကားကလဲ ပေါ့လွန်းတယ်။ မြလေး ငိုတာ ဝမ်းသာလွန်းလို့ ဆိုတာထက် ပိုပါတယ်။ မြလေး ဘဝမှာအား လုံးပြည့်စုံသွားသလိုပဲ ။

မြလေးတစ်သက်မှာ ပထမဆုံးကျဖူးတဲ့ မျက်ရည်တစ်မျိုးပဲ ။

အားရအောင် ငိုချပြီးတော့မှ မြလေး ရေသွားချိုးတယ်။

ရေချိုးခန်းထဲရောက်တော့ ပေါ့ပါးနေတဲ့စိတ်နဲ့ မြလေး သီပ် လန်းဆန်းသွားတယ် ။

ရေချိုးခန်းထဲကနေစပြီး လာခဲ့တာ သနပ်ခါးလိမ်းနေတုန်း၊ အဝတ်လဲနေတုန်း၊ မြလေး သီချင်းလေးတစ်ပိုဒ်ပဲ ညည်းနေမိတယ်။ အဲဒီသီချင်းက ဘာလဲသိလား ကိုကို ...။

" အဖေ အမေ ထက်ချစ်တဲ့ ကိုကိုရယ် ... မိန်းမတို့ ဂုဏ်ဓမ္မတွေ ကိုပယ်...ကိုကို့ကိုပင် မမြင်ရ...ခင်နမမှာကွယ် မနေတတ်ပျိုစိတ်မှာ တကယ် ... ချစ်မိရင်လည်းပဲ မရှက်တော့တယ် ... ပျိုသဘောလည်း ပြောပြရှင်တယ်၊ စားလည်းဒီစိတ်ကွယ်...သွားလည်းဒီစိတ်ကွယ်... ကိုကို့သာ စွဲလမ်းမိတယ် ...။

" မြင်မြင်ချင်းပဲ ချစ်မိတယ် . . . မြင်မြင်ချင်းပဲချစ်မိတယ် ... စေတနာကို့ အပေါ်ထားလို့ ပျိုမေ မေတ္တာရှိပ့ါမယ် ... ရေစက်ပေဟင်း ဆုတောင်းပြည့်လို့ထင်တယ်...ဒီဘဝမှာလည်း ချစ်မပြယ် ကိုကိုရယ် ချစ်လက်စ မကုန်ဘူးကွယ် "

ကိုကိုရယ် ... မြလေးမှာ စောင့်နေခဲ့ရတာ ကြာလှပါပြီကွယ်၊ မြလေး လေ ...မြန်မာပြည်မှာသာ မဟုတ်ရင် ...

ကိုကို့ အပြောကို မစောင့်ပါဘူး။

ဘယ်သူမှ အနားမှာ မရှိတုန်း၊ ကိုကို့ ရင်ခွင်ထဲ အတင်းတိုးဝင် ပြီး ...

" ကိုကို့ကိုချစ်တယ် ... ကိုကို့ ကို မြလေးချစ်တယ် " ဆိုပြီး ဖွင့်ပြောလိုက်မှာပါ၊

ခုတော့ မြလေးမှာ မောလှတယ် ။

ညနေ အဆောင်ပိတ်လို့ ကိုကို ပြန်သွားပြီဆို ကိုကို မနက်ဖြန် ကျမှ ဖွင့်ပြောမလို့လား မသိဘူးဆိုပြီး ကိုယ့်ကိုယ်ကိုယ် နစ်သိမ့်ရတာ နေ့တိုင်းပါ။

မျှော်နေတဲ့ သူက မျှော်နေလို့လား မသိဘူး ၊ မနက်ဖြန်ဆို တာ လေးက ကြာလှတယ်။

ကျောင်းပိတ်ထားတုန်းကဆို မြလေးမှာ တကယ့်ကို မနေ တတ်တော့တာ။ ကျောင်းကြီးရယ်ဖွင့်ပါတော့၊ မြလေးလွမ်းလှပေါ့လို့ ခဏခဏ ဆုတောင်းမိတယ်။

ကျောင်းတွေ ဖွင့်ကာနီးအဆောင်ဝင်တဲ့ ညနေပဲ ကိုကိုရောက် လာတယ်။

မြလေးလေ ပျော်လိုက်တာ ။ အကြာကြီး အကြာကြီး မတွေ့ရ တဲ့ ကိုကို အပြုံးလေးရယ် ၊ အကြာကြီး အကြာကြီး မကြားရတဲ့ ကိုကို့ စကားလေးတွေရယ် ၊ မြလေး ပြန်တွေ့ ပြန်ကြားရတာလေ မြလေး ရင်ထဲမှာ လမင်းတစ်ရာ သာနေသလိုပဲ။

ပြန်ခါနီးကျတော့ မြလေးရင်မှာ တစ်ရာ့တစ်ခုမြောက် လမင်း လေးတစ်စင်း ထပ်တိုးလာတယ်၊ ဘာဖြစ်လို့လည်း သိလား။

ကိုကိုက...

"မြလေး . . . မနက်ဖြန် ကိုယ်တို့ နစ်ယောက်တည်း သန်လျင် သွားရအောင်နော်" လို့ ပြောလိုက်လို့ပေါ့။ မြလေး ဟန်တောင် မဆောင်နိုင်ပါဘူး။

" အင်း . . . " လို့ အင်းရှည်လေးဆွဲပြီး တုံ့ပြန်မိတယ်။

" မနက်ဖြန် မနက် ကိုယ် လာခေါ်မယ်နော်။ မြလေး အဆင် သင့် စောင့်နေ "

လို့ ကိုကိုက ပြောပြီး ပြန်သွားတယ်။ ကိုကိုရယ် ညဆိုတာ ခဏလေးသာဆိုရင် မြလေး ချက်ချင်း အဆင်သင့်လုပ်ပြီး စောင့် နေပါတယ်။

ကိုကို ပြောသွားတဲ့ ...။

"မနက်ဖြန်" ဆိုတဲ့ စကားလုံးကလေးက မြလေး ရင်ထဲမှာ ငြိနေတယ်။ မြလေး မျှော်တဲ့ မနက်ဖြန် ဖြစ်ပါစေလို့ ညက အိပ်ရာဝင် ဘုရားရှိခိုးတော့ ဆုတောင်းမိတယ်။

ညက မိမြလေး သည်းပုံတွေ ကိုကို့ကို ပြောပြချင်လိုက်တာ။ အိမ်မက်ထဲမှာလဲ ကိုကို့ကိုပဲ တွေ့နေတယ်။ ခဏ ခဏလဲ အိပ်ရာက ယောင်ယောင် ထလာတယ်။ မနက်ဖြန်ရောက်ပြီမှတ်လို့ ထပြီးမှ နာရီကြည့်ပြီး ရှက်ရှက်နဲ့ ပြန်ပြန်အိပ်ပြီး ရယ်လိုက်ရတာ လေ။

မြလေးက မိသဲပဲ ကိုကိုရ။

တကယ် မနက်ဖြန်ကို ရောက်တော့လည်း မြလေးမှာ အစော ကြီးထ ပြင်ဆင်ပြီး ကိုကိုလာမယ့် လမ်းကို မျှော်နေလိုက်ရတာ။

မြူလုံး မကွဲတကွဲမှာ မြင်နေရတဲ့ အင်းလျားရေပြင်ကြီးရယ်၊ ကုံကော်ပင်လေးတွေ ကာနေတဲ့ ကြားကမြင်နေရတဲ့ အင်းလျား လမ်းမကြီး တစ်လျှောက်ရယ်ကလည်း ကိုကို လာမှာကို မြလေးလိုပဲ ပြင်ဆင်ဖြိုးလိမ်းပြီး စောင့်နေကြတယ်။

အဆောင်ရှေ့က တီ ... တီ ... ဆိုတဲ့ ဟွန်းတီးသံ ကြားလိုက်ရ ရတယ်။

ကိုကိုလို့ မထင်ပေမဲ့ လှည့်ကြည့်လိုက်တော့ ကိုကိုဖြစ်နေ တယ်။

ကိုကိုက ထူးထူးခြားခြား ဒီနေ့မှ မော်တော် ဆိုင်ကယ်ကြီးနဲ့ လာတာကိုး။

မြလေးလဲ ကမန်းကတန်း ပြေးဆင်းလာတာ လှေကားထိပ် ရောက်တော့ တန့်ခနဲ ဖြစ်သွားတယ်။

"ဟဲ ... ဟဲ ... သူနိုးမိပြီ။ ဒါက ဘယ်လဲ၊ ခါတိုင်း ကျုပ်တို့ကို ခေါ်နေကျ၊ ဒီနေ့ကျမှ ဆိုင်ကယ်တွေ ဘာတွေနဲ့ ဘယ်နိုးလစ်မလို့လဲ ပြောစမ်း ....ပြောစမ်းလေ"

မြလေး နည်းနည်း ရှက်သွားတယ်။ ဒီတစ်ခါ ပထမဆုံး ကိုကို နဲ့ မြလေး နဲ့ နှစ်ယောက်တည်း ထွက်လည်တာ မဟုတ်လား"

မြလေးလဲ ရှက်ရှက်နဲ့ ...။

" အို .. . ကိုယ့်ဘာသာ ဘယ်သွားသွားပေါ့ ၊ ဟင်း ကောင်မတွေကို က စပ်စပ်စုစု "

ဆိုပြီး လှစ်ခနဲ ပြေးထွက်လာခဲ့တယ် ။

နောက်မှာတော့ မသက်နဲ့ မချိုက မျက်စောင်းထိုးကာ မဲ့ကာ ရွဲ့ကာနဲ့ ...

" သွားပါတော် ... ဘုရားပြီးလို့ပြြမ်းဖျက်ကြပြီပေါ့ "တဲ့ ။

အဲဒီတုန်းက ဘုရားမပြီးသေးပါဘူး ကိုကိုရယ် .. . နော် . . ။ ဘုရားက သန်လျင်ရောက်မှ စတည်ရတာများ။

ဒီနေ့ တစ်နေ့ခင်းလုံး ကိုကိုနဲ့ သန်လျင် က ဘုရားစုံ လျှောက်ဖူးတယ်။ ညနေစောင်းတော့ သိပ်လှတဲ့ လမ်းကလေး တစ်ခုပေါ်ကို ကိုကိုဆိုင်ကယ်မောင်းပြီး ဝင်လာတယ်။

သိပ်လှတာပဲ ကိုကိုရယ် ... အိမ်ကလေးတွေ လမ်းကလေး

တွေနဲ့ လမ်းပေါ်မှာကြွေနေတဲ့ ပန်းကလေးတွေ သစ်ရွက်လေးတွေ ကြည့်ရတာ နိုင်ငံခြား ပြကွဒိန်တွေထဲက လှမ်းလှလေးတွေလိုပဲ။

" အစ်ကို ... မြလေးတို့ ဘယ်နေရာရောက်နေလဲဟင် "

"ဒါ ဘီအိုစီ ဝင်းပေါ့ မြလေး ၊ ဒါ သန်လျင် ရေနံချက် စက်ရုံက အရာရှိတွေနေတာပေါ့"

"လှတယ်နော် "

"မြလေးက ပိုလှပါတယ် "

မြလေး နောက်ကနေ ကိုကို့ခါးကို ကိုင်လာတဲ့ လက်တစ်ဖက် မြှောက်ပြီး ကျောကုန်းကြီးကို ထုလိုက်မိတယ်။

"သွား ... "

ကိုကို ဆိုင်ကယ်လေးက တုံ့ခနဲထိုးရပ်သွားတယ်။ မြလေး တစ်ကိုယ်လုံးလည်း ကိုကို့ပေါ်ပိကျသွားတာပေါ့။

" အို ... ဘယ်လိုလုပ်တာလဲ "

" နို . . . မြလေးက သွားဆို၊ ကိုကို သွားတော့မလို့ ဆိုင်ကယ်ရပ်တာ "တဲ့ ။

သွားစမ်းပါ…ကိုကိုလူလည်၊ ကိုကိုက တုံ့ခနဲ ရပ်လိုက်တော့ မြလေးက နောက်ကနေ လှမ်းဖက်လိုက်သလို ဖြစ်သွားတာပေါ့ ၊ မြလေး မျက်စောင်းကြီးတစ်ခု ဒိုင်းခနဲ ပစ်ထိုးလိုက်တာပေါ့၊

"အလကားပါ၊ ကဲ…မြလေး ဆင်း၊ ကိုယ်တို့ ဟိုထဲသွား မလို့

"ဟင်…ဘာလုပ်မလို့လဲ"

မြလေး ဒီတစ်ခါတော့ တကယ်လန့်ဖျပ်သွားတာ၊ ကိုကိုထိုးပြတဲ့နေရာက တိုက်အိုတိုက်ပျက်ကြီးတစ်ခု၊ ဘယ်သူမှလည်း ဒီနားမှာ မရှိဘူး၊ မြလေး မျက်လုံးဝိုင်းပြီး မေးလိုက်တော့…

"အမယ်…ဒီအထိ လိုက်လာပြီးတော့မှ စုမ ဘာလို့ ကြောက်နေရတာလဲ ၊ လာပါ…ကိုယ်နဲ့ မလိုက်ရဲဘူးလား"

"ဟင့်အင်း…မြလေး ကြောက်တယ်"

မြလေး လက်ဖျားခြေဖျားလေးတွေ အေးနေပြီ ၊ ကိုကို့စကားကြီးကလဲ ဘာလိုလို…မြလေး ကိုကိုနဲ့တော့ ဘယ်သွားသွားလိုက်ရဲပါတယ်၊ ဒါပေမယ့် စုတော့ ကြောက်တာပေါ့ ကိုကိုရယ်…၊

မြလေးစကားဆုံးတော့ မြလေးကြောက်နေတာ ကြည့်ပြီး ကိုကိုက တအားရယ်တော့တာပဲ၊

"ဟား…ဟား…သတ္တိကလဲ ကောင်းလှချည်လားမြလေးရယ် ကဲပါ…လာပါ၊ ကိုယ်မြလေးကိုစတာပါ၊ဒါ…ရှင်မွေးလွန်းရဲ့အုပ်ဂူပါ၊ သန်လျင်မှာ အထင်ကရပေါ့၊ သွားကြည့်ရအောင်"

ဒီတော့မှ မြလေးလဲ အသက်ရှူနိုင်တော့တယ်၊ သန်လျင် တစ်ခါမှ မရောက်ဖူးပေမယ့် ရှင်မွေးလွန်း ဂူအကြောင်းကို တော့ ကြားဖူးနေတာ မဟုတ်လား၊

"တော်ပါသေးရဲ့ အစ်ကို ရယ်…၊ မြလေးဖြင့် ကြောက်လိုက်တာ"

မြလေးကို ကိုကိုကကြည့်ပြီး ပြုံးတယ်၊ ကဝေအေပြုံးနဲ့ပေါ့ ၊ အထဲရောက်တော့ အလယ်မှာ အုတ်ဂူလိုဟာမျိုးတစ်ခုနဲ့ အပေါ်မှာ ကြေးပြား ဒါမှ မဟုတ် သံပြားထင်တယ် ၊ အဲဒီအပေါ်မှာ အင်္ဂလိပ်စာလား ၊ ပေါ်တူဂီစာလား မသိဘူး ၊ စာတွေရေးထားတာ တွေ့ရတယ် ၊

မြလေးလည်း အဲဒီဥစ္စာကို ဘာများလည်းလို့ အာရုံစိုက်ပြီး ကြည့်နေမိတယ်။

"မြလေး"

ကိုကို ခေါ်သံကြားလို့ မြလေး လှည့်ကြည့်လိုက်တော့ ရှိန်းရှိန်းတားတား ကြည့်နေတဲ့ ကိုကို့ကို တွေ့လိုက်ရတယ်။

"ရှင်...အစ်ကို"

"မြလေးကို...ကို ချစ်တယ်"

"ဟင်"

မြလေး အရမ်းအံ့အားသင့်သွားတာပဲ။ ကိုကို က မပြောမပြောနဲ့၊ ပြောမယ့်ပြောတော့ သေနတ်နဲ့ မျက်နှာကို ပြောင်းဝကပ်ပြီး ပစ်ချလိုက်သလိုပြောလိုက်တော့ မြလေးလည်း ဘာလုပ်ရမှန်းမသိတော့ဘူး။

"ကိုယ့်ကိုကော မြလေး မချစ်ဘူးလား ဟင်..."

ကိုကို က အနားကပ်လာတယ်၊ မြလေး ခေါင်းကို ငုံ့ထားတယ်။

"ပြောလေ မြလေး"

ကိုကိုက မြလေးရဲ့ မေးကို လက်ကလေးနဲ့ ပင့်တင်ရင်း မေးလိုက်တယ်။ မြလေးလဲ မိန်းကလေးဆိုတော့ ထိန်းထိန်း သိမ်းသိမ်း ပြောလိုက်တာပေါ့။

"မေးနေဖို့လိုသေးလား....ကိုကိုရယ်"တဲ့။

ကောင်းရော...။

မြလေးလေ ပြန်တွေးတာတောင် ကြက်သီးထမိတယ်။ လူကလဲ ပြတ်တဲ့နေရာ၊ မြလေးဆီကလဲ အဖြေက ရပြီ၊ ဒါပေမဲ့...။

ကိုကို မြလေးပါးပေါ်မှာ အနမ်းနုနုလေးတစ်ခု ကြင်ကြင်နာနာလေး ပေးသွားတာကလွဲလို့ တခြား ဘာအခွင့်အရေးမှ မယူခဲ့ပါဘူး။

ကျေးဇူးတင်ပါတယ် ကိုကိုရယ်...။

## [၁၆]

" မင်းကို ငါ ပါးချည်း ဝိတ်ရှိက်ချင်နေတယ် ထွန်းနိုင် ။ မင်းဒီအကြောင်းဆက်မပြောရင် ကောင်းမယ် "

သက်အောင်လေသံက နောက်နေသည့် လေသံမဟုတ် ။ ထို့ကြောင့် ကျွန်တော်ပြောလက်စ စကားပျောက်သွားပြီး အိပ်ရာပေါ်လှဲနေရာက ဆတ်ခနဲ ထထိုင်လိုက်သည်။

" ငါ ပြောတာ နားထောင်ပါဦး သက်အောင်ရာ၊ ငါဆိုလိုတာက… "

" မပြောနဲ့ ထွန်းနိုင်၊ မင်းပြောမှာ ငါသိတယ်၊ ငါမြလေးကို ချစ်ပါတယ်။ ဒါပေမဲ့ နိုဝင်ဘာကို တစ်ခါတစ်ခါ သိပ်သတိရလို့ နိုဝင်ဘာ့အကြောင်း ပြန်ပြန် ပြောမိတာပါ…လို့ မင်းပြောမယ် မဟုတ်လား "

ကျွန်တော်ပြောမည့် စကားများကို သက်အောင်က ဦးအောင်ပြောချလိုက်သည်။ ကျွန်တော်ဘာမှ ထပ်မပြောတတ်။

မြလေးနှင့် အမြဲတွေ့သည်။ ပြန်လာတိုင်း သက်အောင် အခန်းမှာ ထိုင်သည်။ နီဝင်ဘာ့ အကြောင်း ပြောသည်။ မြလေး နှင့် နီဝင်ဘာ့ကိုယှဉ်ပြသည်။ နီဝင်ဘာကို သိပ်ချစ်တဲ့ကြားက နီဝင်ဘာက ရက်စက်သွားသည်။ ဘာညာ အမြဲတမ်း ရင်ဖွင့်မိသည်။

ဤသည်ကို သက်အောင် မည်မျှ အမြင်ကပ်နေသည် မသိ။ ဒီနေ့တော့ အပြတ်ကို "ကော" နေတော့သည်။

"ထွန်းနိုင်၊ ငါပြောမယ် သေချာ နားထောင်စမ်း"

သက်အောင်က ကုလားထိုင်ပေါ်တင်ပျဉ်ခွေထိုင်လိုက်သည်။ ပြီးမှ နှာခေါင်းလိပ်ကို မီးညှိလိုက်ပြီး တစ်ချက် နှစ်ချက် ဖွာလိုက်ပြန်သည်။ ခဏနေမှ....

"မင်း မြလေးနဲ့ ကြိုက်ခဲ့တာ တစ်နှစ်လောက်ရှိပြီ။ ဒီနှစ်ဆို ဖိုင်နယ်။ နောက်နှစ် ကျောင်းပြီးပြီ။ မင်း အိမ်ထောင်ပြုဖို့ စဉ်းစားရတော့မယ်၊ ကဲ....မင်း မြလေးကို ယူမလား"

ကျွန်တော် ငိုင်သွားမိသည်။

" မင်း မြလေးနဲ့ သေတစ်ပန် သက်တစ်ဆုံး ပေါင်းသင်းသွားဖို့ ရည်ရွယ်ပြီးပလား။ စိတ်ပြီးပလား"

ကျွန်တော် နှုတ်ဆွံ့နေသည်။

"အဲဒီအခါမှာမင်းနီဝင်ဘာကိုမေ့ကိုမေ့ရတော့မယ် စုလိုလွမ်းနေလို့ မရတော့ဘူး ။ မင်းရဲ့ ဘဝကြင်ဖော်ဟာ မြလေးဖြစ်လာလိမ့်မယ်၊ ကဲ...မင်း ဘယ်လိုလဲ"

ကျွန်တော်၏ မညာတတ်သော ပါးစပ်မှ မှန်သောစကားတစ်ခွန်း လွှတ်ခနဲ ထွက်သွားသည်။

" ငါမပြောတတ် အဲ မစဉ်းစားရသေးဘူး။ သက်အောင်"

"မအေ...မင်း အတော်ရိုင်းတဲ့ အကောင်။ ငါ...မသား"

သက်အောင် ဒီလိုတစ်ခါမှ ကျွန်တော့်ကို မိုက်မိုက်ရိုင်းရိုင်း

မဆဲခဲ့ဖူးချေ။ သို့သော် သူ့စေတနာကို ကျွန်တော် အပြည့်အ၀ နားလည်းပါသည်။

" ငါ မစဉ်းစားရသေးတာ ပြောတာပါ သက်အောင် .. အဲဒီကျတော့ မင်းပြောတဲ့ ပုံစံ ငါဖြစ်လာမှာပါ"

သက်အောင်က ခေါင်းကို သွက်သွက်ခါလိုက်ရင်း ....

" မင်းကို ငါ ဘာမှ မပြောချင်တော့ဘူး ထွန်းနိုင် ။ မင်းတစ်နေ့ အကြီးအကျယ် စိတ်ဆင်းရဲရလိမ့်မယ် "

သက်အောင် ဒေါသထွက်မည်ဆိုလည်း ထွက်လောက်ပါသည်။ ကျွန်တော်ကလည်း ကျွန်တော်။ ဒါကြောင့် ပြေရာပြေကြောင်း။

"သက်အောင်ရာ၊ မင်းငါ့ကို ပြောချင်သလိုသာ ပြောပါ။ ဒါပေမဲ့ ခု ငါနဲ့ ခဏလိုက်ခဲ့ပါဦး၊ စပ်ပါ်ခန်းကို သွားရအောင် "

စပ်ပါ်ခန်း ဆိုသည်မှာ ကျွန်တော်တို့ လျှပ်စစ်အင်ဂျင်နီယာ အသင်းမှဖွင့်ထားသည့်ရေဒီယိုပညာလေ့လာသောအသင်းတည်ရာ အခန်း ရေဒီယို ပညာမြှင့်တင်ရေး အသင်းခန်း ဖြစ်သည်။

ပါးစပ်မှ ကျွန်တော်ပြောချင်ရာပြောနေသည်။ မြလေးနှင့် ပက်သက်သည်များကို ကျွန်တော်ဘယ်တော့မှ မမေ့ပါ။ ခုကိစ္စက လည်း။

"မြလေးက သူတို့ အဆောင်မှာ သုံးဖို့ ရေနွေးဂေါက် လုပ်ခိုင်း ထားလို့၊ မင်းနဲ့ငါ သွားဆင်ရအောင်ကွာ "

ပြောသာ ပြောရသည်။ တကယ်တမ်းတွင် သက်အောင် ကျွန်တော့်ကို ဘယ်တော့မှ စိတ်မဆိုး ၊ အဲ . . . ကြာကြာ စိတ်မဆိုးတတ် ။ ကျွန်တော်က ပြောပြောဆိုဆို သူ့ခါးကို ဖက်၍ အတင်း ဆွဲခေါ်တော့ ငနဲ ကန့်လန့်ကန့်လန့်နှင့် ပါလာသည်။ သို့သော် ပါးစပ်ကတော့ ကောင်းချီးသြဘာ ပေးလိုက်၏။

"ခွေးမသား"

၀ ၀ ၀

အဆောင်ပေါ်မှ အဆင်း လှေကားရင်းတွင် အပြင်မှ ပြန်လာသော သက်ဝင်းနှင့် တွေ့သည်။ သက်ဝင်းက သက်အောင်ကို တစ်ချက်ကြည့်၍ ကျွန်တော် ဘက်လှည့်ကာ....

" ထွန်းနိုင် ၊ မင်းကို ငါ ပြောစရာရှိတယ် "

သက်အောင်၏ အကြည့်တစ်ခုက သက်ဝင်းဆီ ရောက်သွားသည်။

" နီဝင်ဘာနဲ့ ပတ်သက်လို့ "

ကျွန်တော်နှင့် သက်အောင်က အကြည့်ချင်းဆုံသွားသည်။

" ဒီနေ့ မြို့ထဲမှာ သူ့ သူငယ်ချင်း မာလာနဲ့ ငါတွေ့တယ် ၊

မာလာက ပြောနေတယ် ၊ မင်းနဲ့ တွေ့ချင်တယ်တဲ့၊

ကျွန်တော့် ရင်ထဲ လှပ်ခနဲ ဖြစ်သွား၏။

" ဘာကိစ္စတဲ့လဲ "

"မသိပါဘူးကွာ၊ငါ့ကိုတော့မပြောဘူး၊ဒါပေမဲ့မင်းကိုပြောနိုင်းတဲ့စကားတစ်ခွန်းတော့ရှိတယ်၊ အဲဒါ . . . နိဝင်ဘာနဲ့ ပတ်သက်လို့ မင်းနားလည်မှုရှိမှာပါလို့ မှာလိုက်တယ်"

သက်အောင်နှင့် ကျွန်တော် အကြည့်ချင်းတစ်ချက် ဆုံပြန်သည်၊ ပြီးမှ သက်ဝင်းကို ....

"အေးကွာ၊ ငါတော့ သူတို့ဆီ မသွားတော့ပါဘူး၊ စိတ်လဲ မဝင်စားတော့ပါဘူး ၊ ဒါပေမဲ့ မာလာကိုတော့ မင်းတွေ့ရင် ပြန်ပြောလိုက်ပါ၊ နိဝင်ဘာ့ကို ငါ နားလည်ပါတယ်လို့၊ ဒေါက်တာကျော်ခက်နဲ့ပတ်သက်တဲ့ ကိစ္စကိုလည်း ငါနားလည်မှု ရှိပြီးသားပါလို့ နော်"

ကျွန်တော့် စိတ်ထဲမှာ အတန်ငယ် ပေါ့ပါးသွား၏။

○ ○ ○

မြလေး ချစ်ရလွန်းတဲ့ ကိုကိုရယ်...

မြလေးဒီည ဒိုင်ယာရီရေးခါနီး ကိုကို့ မျက်နှာကို ဖျတ်ခနဲ သတိရလိုက်မိတယ်၊ ကိုကို့ အပြုံးလေးကိုပေါ့၊

ညဆို မြလေးတို့အုပ်စုက လက်ဖက်သုပ် ၊ ချင်းသုပ်နဲ့ ရေနွေးကြမ်း မြည်းပြီး စကားတွေ ထိုင်ထိုင်ပြောကြတာ၊

အတင်းတော့ မဟုတ်ပါဘူး ၊ တစ်နေ့လုံး စပ်စပ်စုစု လုပ်ထားတာလေးတွေ ပြန်ပြီး နှီးနှောကြတာပါ၊

အရင်ကတော့ ရေနွေးကို အဆောင်မှူးအခန်း သွားသွားပြီး သူ့ဆီက ဟော့က် ပလိပ်နဲ့ တည်ရတော့ တယ် မျက်နှာငယ်တာကို ၊ ခုတော့ ကိုကိုပေးထားတဲ့ ကိုကို့လက်ဖြစ် ရေနွေးဇေါက်လေးနဲ့ မိုးမိုး တည်ပြီး ရေနွေးကြမ်း စမတ်ငွမ်နေတော့ ရေနွေးတည်တိုင်း ကိုကို့ကို သတိရတယ် ၊ အပေါင်းအသင်းတွေကလဲ ကိုကို့ကို ချီးမွမ်းကြတာ ပေါ့ ...၊

" မြလေး ကိုကိုကတော့ တကယ်တော်တယ်ဟေ့ ၊ မောင်မင်းကြီးသား ကောင်းမှု နတ်လူသာစ ခေါ်စေသော် . . . ဩကာသ ဩကာသ"

ရွှတ်တတ်တဲ့မသက်ကြီးကဆို အမြဲ ထထအော်တယ်၊

မြလေးကလဲ ကိုကို ပေးသွားတဲ့ နေ့တုန်းက ပြောခဲ့တဲ့စကား တွေ အမြဲ သတိရတတ်တယ်။

"မြလေး သတိထားနော်။ အခန့် မသင့် ရင် ဓာတ်လိုက်တတ် တယ်"

"ကိုကို က စိုးရိမ်လို့လား"

"စိုးရိမ်တာပေါ့မြလေးရယ်"

"စိုးရိမ်ရင် မြလေးကို ဘယ်တော့မှ မမုန်းနဲ့။ မမေ့နဲ့။ မြလေး က ဓာတ်လိုက်တောင် သေမှာ မဟုတ်ဘူး၊ ကိုကို ပစ်မှ သေမှာ"

ဒီတော့ ကိုကို့ မျက်နှာလေးက ပိုပြီး ဝင်းသွားတယ်၊

"မြလေးက ကိုကို့ကို မုန်းရင်ကော"

"မြလေးက ကိုကို့ကို ဘယ်တော့မှ မမုန်းဘူး"

"ဟုတ်ပါ့မလား မောင်ကာဠုရဲ့"

"ဒါထက်တောင် ပိုသေးတယ် ကိုကိုရေ"

ရယ်သံလေးတွေ နားထဲမှာ ခုထိ မထွက်သေးဘူး၊

ဒီနေ့တော့ ညနေက မသက်မေးလို့ မြလေးဖြေလိုက်ရတဲ့ စကားလေးကို ပိုသတိရနေတယ်၊ ညနေက မသက်က မေးတယ်၊

"မြလေး၊ ကိုထွန်းနိုင်နဲ့ ဘယ်တော့ လက်ထပ်မလဲ"တဲ့၊

မြလေးကလည်း....

"ဘာဖြစ်လို့လည်း မသက်"

"ပြော် . . . ကိုထွန်းနိုင်က ဒီနှစ်ပြီးရင် ကျောင်းပြီးပြီးဟုတ် လား၊ မြလေးက တတိယနှစ် ဆိုတော့ နောက်နှစ်မှ ဖိုင်နယ်၊ မြလေး ကျောင်းပြီးအောင် စောင့်မလား၊ ကိုထွန်းနိုင် အလုပ်ရတာနဲ့ လက် ထပ်မလားစဉ်းစားထားဖို့ တော်ပြီ မြလေးရဲ့"

တဲ့၊ ဟုတ်တော့ ဟုတ်သားနော်၊

သူတွက်ပြမှ သတိရတယ်၊ ကိုကိုကလည်း ဒီအကြောင်း တစ်ခါမှ မပြောဘူးတော့ မြလေးလဲ စဉ်းကို မစဉ်းစားမိဘူး၊

မြလေး စဉ်းစားမိတော့ ရင်တော့ နည်းနည်းဖိုသား၊

မြလေးလေ တစ်သက်လုံး ကိုကိုနဲ့ နေသွားရတော့မှာနော် စိတ်ချမ်းသာလိုက်တာ ကိုကိုရယ်။

မြလေး လျှောက်တွေးကြည့်မိတာ အားလုံး ပျော်စရာချည့် ပဲ ကိုကိုက အင်ဂျင်နီယာကြီး ဖြစ်ပြီး.....။

မြလေးလည်း ကိုကိုခွင့်ပြုရင် အလုပ်တစ်ခုခုလုပ်မယ်။ ကိုကို ခွင့်မပြုရင်တော့ အိမ်မှာပဲ အိမ်မှုကိစ္စတွေ နိုင်နင်းအောင် လုပ်မှာ ပေါ့။

ကိုကို ရုံးကပြန်လာရင် သနပ်ခါးလေး ဖွေနေအောင် လူးထား မယ်၊ကိုကိုက သနပ်ခါးနံ့လေးကို သိပ်ကြိုက်တယ် မဟုတ်လား။

" ကိုကို မောလာလားဟင် ...။ ရော့... အမောပြေ"

ဆိုပြီး မြလေး ပါးကလေး ထိုးပေးမယ်။ ကိုကို က မွှေးမွှေးပေး အို...ကိုကို အမောပြေသွားမှာပဲနော်။

နောက်ပြီး .. . သားသားလေးတွေ၊ မီးမီးလေးတွေ ရလာ ဦးမယ်။

အဟင့်...ရှက်တော့ ရှက်စရာကြီးနော်...။

အို...မရှက်ပါဘူး၊ ဒါသဘာဝပဲဟာ...။ သားသားလေးကျရင် ကိုကို့လို ကဗျာဆရာ ၊ အင်ဂျင်နီယာကြီး လုပ်နိုင်းမယ် ။ မီးမီးလေး ကျရင် မြလေးလိုပဲ မြန်မာစာယူနိုင်းမယ် ။ ပြောလို့ ပြောတာမဟုတ် ဘူး ကိုကို့ရဲ့ မြန်မာစာက ကျောင်းသူလေးတွေက သိပ်ယဉ်ကျေး သိမ်မွေ့တာ။နေ့တိုင်းမြန်မာမှုတွေနဲ့ တွေ့နေလို့လားမသိဘူး။မြလေး တို့ ဆီမှာ သရုပ်ပျက်တဲ့ ကျောင်းသူဆိုတာ သိပ်နည်းတာပဲ။

မြလေးတို့နေမယ့် အိမ်ကလေးကိုလဲ သပ်သပ်ရပ်ရပ်ထား မယ်။ ကိုကိုဖတ်ဖို့ စာအုပ်တွေ အများကြီး ဝယ်ထားပြီး ကိုကို့အတွက် စာဖတ်ခန်းလေး သပ်သပ်ခန့်ခန့်ညားညားလေးထားမယ်။ နို့မို့ ကဗျာ ဆရာ့အိမ်ကလည်း စာအုပ်တွေက ဗျစ်ကညစ်ဆိုပြီး ကိုကို့ အပေါင်း အသင်းတွေကမြလေးကိုပဲအပြစ်ပြောမှာ၊ပြီးတော့ကိုကိုကဗျာတွေ အများကြီး ရေးပေးပေါ့။

မြလေးက ဒိုင်ခံဖတ်မှာပဲ ။ ကိုယ့်လင် . . . အဲလေ . . . ကိုယ့်ယောက်ျားရေးတဲ့ ကဗျာတွေကိုမှ မဖတ်ရင် သူများတွေက ပိုဆိုးမှာပေါ့။ မဟုတ်ဘူးလား ကိုကိုရယ် ....။

အဲဒီကျ တစ်ခုပဲ မြလေး ကြောက်တယ်။

လင် နဲ့ မယား လျှာ နဲ့ သွား ဆိုတော့ တစ်ခါတလေ မြလေးက ဆိုးတဲ့အခါ ကိုကို ဒေါသထွက်ပြီး ရိုက်မလား မသိဘူး ။

မရိုက်ပါနဲ့ ကိုကိုရယ် . . . မြလေးလေ ကိုကို့ကို ဘယ်တော့မှ မဆိုးပါဘူး။

မြလေးကို မရိုက်ရဘူးနော် ...။ နော်... ကိုကို ... နော်... ။

၀ ၀ ၀

သက်ပြင်းနဲ့အတူ မီးခိုးငွေ့များကို ရောပြီး လွှတ်လိုက်တယ် ။

အစုအအုံနဲ့ တိုးထွက်သွားကြပေမယ့် မီးခိုးငွေ့တွေဟာ တဖြည်းဖြည်း လွင့်လွင့်ပြီး ပျောက်ကွယ်သွားကြတယ် ။

မြလေးရယ်...အတိတ်ဆိုတာလေးတွေအဲဒီလိုပျောက်ကွယ်သွားကြရင် သိပ်ကောင်းမှာပဲ ။

ဖတ်လက်စနစ်ခ်ဆ်ဒွဲပ် ကွန်ပျူတာ ကလစ်ဖိုင်ကလေးကို ပိတ်လိုက်ပြီး ကော်ရစ်ဒါတန်းပေါ်က ခုန်ဆင်းလိုက်တယ်။

ပြီးတော့ ကိုယ့်ကေ့စ်ကို ကောက်ယူပြီးဖွင့်လိုက်တယ်။ နေသားတကျရှိနေတဲ့ စာအုပ်တွေအပေါ်မှာ မှတ်စု စာအုပ်လေးကို တင်လိုက်ပြီး ရှုံးသုံးဖိုင် ကာဘာကို ဆွဲထုတ်ယူလိုက်တယ် ။

ဦးထွန်းနိုင်

လ/ထ အင်ဂျင်နီယာ

လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း

မော်လမြိုင်မြို့ ။

ဖိုင်တွဲပေါ်က ဒီစာတမ်းကို ကြည့်ပြီး ပြုံးလိုက်မိတယ် ။ ဒီအပြုံးဟာ ကိုယ့်ဘဝမှာ အလှပဆုံး အပြုံးလေးတစ်ခုဆိုတာ ကိုယ်သိလိုက်ပါတယ်။

ဗိုင်တွဲကို ဖွင့်လိုက်ပြီးအထဲမှာ သေသေသပ်သပ်ညှပ်ထားတဲ့ စက္ကူအိတ်ဖြူဖြူလေးကို ဆွဲထုတ်ယူလိုက်တယ်။

စက္ကူအိတ်ဖြူပေါ်မှာတော့...

ဦးသက်အောင်

လက်ထောက်ကထိက

လျှပ်စစ်အင်ဂျင်နီယာဌာန

ရန်ကုန် စက်မှုတက္ကသိုလ်....

လို့ ရေးထားတဲ့ စာတမ်းလေးက ထင်းခနဲ ပေးနေတယ်။ ကိုယ့်လာရင်းကိစ္စကတော့ ဒီမင်္ဂလာဖိတ်စာကို သက်အောင်ဆီ လာပေးတာပေါ့။

စိတ်ထဲမှာ ဖိတ်စာပေးပြီး အမြန် ပြန်ချင်လာတယ်။ ဒါကြောင့် သက်အောင်ရှိတဲ့ အခန်းထဲ လှမ်း ညှိလိုက်တော့။

ကျောင်းသားတွေနဲ့အလုပ်ရှုပ်နေတဲ့ သက်အောင်ကို တွေ့နေရသေးတယ်။ သက်ပြင်းတွင်တွင်ချပြီး စီးကရက်တစ်လိပ် ထပ်မီးညှိ ဖွာနေရပြန်တယ်။ အခန်းထဲက သက်အောင် အသံကြားလို့ အာရုံစိုက်လိုက်တဲ့အခါ...

"ဟော့...ဟော့...ဟိုဝါယာကို သွားမကိုင်လိုက်နဲ့နော်...

ဟိုမှာ တွေ့လား..."

သက်အောင်က လက်ညှိုးထိုးပြတဲ့နေရာ ကြည့်လိုက်တော့ လက်တွေ့ခန်းရဲ့ အရှေ့ဘက်နံရံမှာ မင်နီနဲ့ ထင်ထင်ရှားရှား ရေးထားတဲ့ စက္ကူချပ်။

အနီးဆုံး ဆရာဝန် ဖုန်းနံပါတ်

အနီးဆုံး သူနာပြုကား ဖုန်းနံပါတ်

အနီးဆုံး ဆေးရုံ ဖုန်းနံပါတ်

စာတန်းကို ကြည့်နေချိန်မှာ သက်အောင်ရဲ့ ရယ်ရယ်မောမော သတိပေးသံ နားထဲဝင်လာတယ်။

"လျှပ်စစ်နဲ့ ဆက်ဆံနေချိန်မှာ မငေးပါနဲ့၊ မဆွေးပါနဲ့ ဟိုကိုင် ဒီကိုင်လဲ မလုပ်ပါနဲ့။ ဖြစ်လာရင် သုံးဖို့ ဟိုဖုန်းနံပါတ်တွေတော့

ရှိတယ်။ဒါပေမဲ့ အရေးတကြီး သုံးစရာတော့ မလိုတော့ဘူး ။ မြန်မြန်လာလာ၊နေးနေးလာလာဒီမှာတော့အကြောင်းထူးမှာမဟုတ်ဘူး ဒါက သိပ်သေချာတယ် ။ ဖုန်း မထားဘူး ။ ခင်ဗျားတို့ တွေ့မှာပေါ့။

အခန်းထဲက ရယ်သံသဲ့သဲ့ ထွက်လာတယ် ။

○ ○ ○

## [၁၇]

ကိုယ်တိုင် ဖွင့်ဟ ဝန်ခံချက် တစ်ခု အနေနဲ့သာ ကိုယ့်ရင်ထဲမှာ ဆို့နစ်ခံစားနေရတဲ့ ဝေဒနာတွေကို ပြောနေရတာပါ မြလေး။

အမှန်တော့ ဒီစကားတွေကို ကိုယ်မပြောချင်တာ အမှန်ပါ။

အဲ ... မပြောသင့်တော့ဘူး ဆိုရင်လဲ မှန်ပါလိမ့်မယ်။

ဒါပေမဲ့ ဒီစကားတွေ ကိုယ်မပြောရင်လည်း ဘဝမှာ ကျန်သေးတဲ့ နာရီစက္ကန့် တော်တော်များများကို ကိုယ်ဘယ်လိုဖြတ်သန်းလို့ ရနိုင်မလဲ။

သစ်ရွက်ကလေး တစ်ရွက်ကြွေသွားရင် ကြွေသွားတဲ့ သစ်ရွက်လေးနေရာမှာ သဏ္ဍာန်တူ ရုပ်ကြွင်းလေးတစ်ခု အခိုက်အတန့်ရှိနေတယ်လို့ အနောက်တိုင်း သိပ္ပံပညာရှင်တွေက ဆိုကြတယ်။

ကိုယ့်အချစ်က သစ်ရွက်ကလေးတစ်ရွက်မကပါဘူး။ မြလေးရယ်။ အင်းလေ ... ဘဝမှာ ဖြစ်ချင်တဲ့ အရာဟာ ဖြစ်ချင်တဲ့အချိန်မှာ ဖြစ်လာရင် အလွန်ပျော်စရာကောင်းပေတတ်ပေမယ့် ဖြစ်ချင်တဲ့ အရာပဲ ဖြစ်ချင်တဲ့အချိန်ထက် နောက်ကျပြီး ဖြစ်လာရင်တော့ အဖြေဟာ တစ်မျိုး ပြောင်းလဲသွားတတ်တယ်။

စာမေးပွဲတုန်းကအဖြေနိုင်ခဲ့ပြီး စာမေးပွဲပြီးမှစာတွေ ဒိုးလိုမွှေရေလိုနှောက်နိုင်တဲ့ စာသင်သားတစ်ယောက် ရင်ထဲမှာ ဘယ်လိုရှိမလဲ။

နီဝင်ဘာနဲ့ ကိုယ်ဟာ ဒီအတိုင်းဖြစ်ခဲ့တယ်။

အမှန်တော့ ဒီဇာတ်လမ်းမှာ တာဝန်အရှိဆုံး လူဟာကိုယ်ပါ။ ပထမနှစ်ဝက် စာမေးပွဲတွေပြီးလို့ ဒုတိယပိုင်း သီးဆစ်လုပ်ဖို့ အားယူနေတဲ့ကာလမှာ ကိုယ်တစ်ယောက် စာရွက်စာတမ်း ကိစ္စတစ်ခုနဲ့ မြို့ထဲကို ထွက်ခဲ့တယ်။

သုံးဆယ့်နှစ်လမ်းက စတ္တူဆိုင်တွေမှာ စာရွက် အရောင်းအဝယ် စကားပြောနေကြတုန်းမှာ ကျောဘက်က အသံတစ်သံကြားတာနဲ့ လှည့်ကြည့်မိလိုက်တော့ မာလာ ...။

နီဝင်ဘာ့ သူငယ်ချင်း မာလာ...

" ကိုထွန်းနိုင် "

" ဩော် ... မာလာ၊ ဘယ်လဲ "

" ရုပ်ရှင်ကြည့်မလို့ ကိုထွန်းနိုင်၊ ကိုထွန်းနိုင်ကော "

" ကျွန်တော် စာရွက်ဝယ်နေတာပါ မာလာ၊ သီးဆစ် အတွက်ပါ "

" ကိုထွန်းနိုင် ပျောက်လှချည်လား၊ နီဝင်ဘာ့ဆီ မလာတော့ဘူးလား "

မာလာ့စကားကြောင့် ကိုယ်တစ်ချက်ရယ်လိုက်ပြီး...

" လာချင်တာပေါ့ မာလာရယ်၊ ဒါပေမဲ့ ခြေသည်ကို အိမ်ရှင်ကမှ မလိုလားခဲ့တာ "

မာလာဟာကိုယ့်စကားကြောင့် နည်းနည်းတွေသွားတယ်။

" ကိုထွန်းနိုင်၊ မာလာစကားနည်းနည်း ပြောချင်တယ်၊ အချိန်ရမလား "

ကိုယ်စိတ်ထဲမှာ နည်းနည်းဆန်းသွားတယ် ၊ ဒါကြောင့်စက္ကူကုလားကို ခဏနေမှ ပြန်လာမယ်ဆိုတဲ့ အကြောင်းမှာပြီး...

" လာ...မာလာ၊ဒီမှာရပ်စကားပြောလို့မကောင်းဘူး၊အဒေါ်းသောက်ရင်း ပြောရအောင် "

စံပယ် အအေးဆိုင်ထဲဝင်ပြီးမှ အအေးနှစ်ခွက် မှာလိုက်ပြီး...

" ဘာပြောစရာရှိလို့လဲ မာလာ "

" နီဝင်ဘာ့ကို ကိုထွန်းနိုင် ဘယ်လိုသဘောထားသေးလဲ "

ဒီမေးခွန်းဟာကိုယ့်ရင်ကို ဆွဲကိုင်လှုပ်လိုက်သလို ခံစားလိုက်ရတယ် ။ တစ်ချိန်တည်းမှာပဲ ကာလအတန်ကြာ အိပ်ပျော်နေပြီလို့ ထင်ရတဲ့ ရင်ခုန်ငှက်ကလေးတွေလဲ လှုပ်ရှားလာကြတယ်။

" ဘာဖြစ်လို့ မေးတာလဲ မာလာ "

" မာလာမေးတာ ဖြေပါဦး ကိုထွန်းနိုင် "

အအေးဆိုင်ထဲက "ငါ့အချစ် တစ်နေရာရာမှာ" ဆိုတဲ့ တေးသွားလေးက ညင်ညင်သာသာလေး ပေါ်လာတယ်။ ရင်ထဲမှာ တစ်ခုခုကို မျှော်လင့်နေရသလို ဗိုလာတယ်။

" အရင်လိုပဲပေါ့ မာလာ ၊ ကျွန်တော်က သူ့လိုမှ မဟုတ်ဘဲ "

" ရှင် "

ဒေါက်တာ ဇီဟားဂိုးကားထဲက ဆမ်းဝှဲမိုင်လပ်ပ် တီးလုံးနဲ့ သစ်ရွက်ကြွေတွေ လေထဲမှာ လွင့်ပါးနေတဲ့ မြင်ကွင်းကို ဖျတ်ခနဲ မြင်ယောင်လိုက်မိတယ်။

" နီဝင်ဘာက ဘာဖြစ်နေလို့လဲ ကိုထွန်းနိုင် "

" အမေရိကားပြန် ဒေါက်တာကြီးနဲ့ ဘယ်တော့လပ်ထပ်ကြမလဲ မာလာ "

" အိုး...ရှင့်မှားနေပြီ "

ရင်ထဲမှာ ငှက်အုပ်ကြီး တစ်အုပ် ထပျံသွားတယ်။

"နိုဝင်ဘာ ဘယ်သူ့အချစ်ကိုမှ လက်မခံသေးဘူး ကိုထွန်းနိုင်။ သူ့ဘဝမှာ ချစ်တဲ့အဖြေကို ပေးဖူးတယ်ဆိုလို့ ကိုထွန်းနိုင် တစ်ယောက်ပဲ ရှိဖူးသေးတယ်"

"ဗျာ"

ကိုယ်ဘာမှ မပြောရခင်မှာ သူက ဆက်ပြောနေတယ်။

"ရှင်တို့ နှစ်ယောက်ကြားမှာ တစ်ခုခုလိုနေတယ် ကိုထွန်းနိုင်။ နိုဝင်ဘာကလဲမပြတ်သားတတ်ဘူး၊သိပ်တွေဝေတတ်တဲ့နိုဝင်ဘာနဲ့ စိတ်မရှည်တတ်တဲ့ ကိုထွန်းနိုင်ကြားမှာ ရှင်တို့ကြေကွဲစရာတွေ ဖြစ်လိမ့်မယ်နော် ကိုထွန်းနိုင်"

" နိုဝင်ဘာဟာ သူ့ကိုယ်သူ မသိပေမဲ့ သူ့ဘဝအတွက် သတ်မှတ်ပြီးသားဟာ ကိုထွန်းနိုင်ပါ။ နေ့စဉ် နေ့စဉ် အမြဲစောင့်စားခံနေရတုန်းကတော့ တစ်ချိန်မှာ သူ့ဘက်က အဖြေတစ်ခု ပေးလိုက်ရုံနဲ့ ဒီကိစ္စဟာ ပြီးပြည့်စုံသွားမယ်လို့ သူ ယူဆနေခဲ့တယ်။ ဒါပေမဲ့ ခု အချိန်မှာ သူ ဖွင့်မပြောပေမဲ့ ခံစားတတ်နေပြီ ကိုထွန်းနိုင်"

ကိုယ့်ရင်ထဲမှာ ယောက်ယက်ခတ်နေတယ်။ ငယ်ငယ်တုန်းက ကျောင်းခေါင်းလောင်းသံလေးတွေ ရင်ထဲမှာ လှိုင်နေတယ်။

"ခု ... သူဘယ်မှာရှိလဲ မာလာ"

"လမ်းမတော်မှာ ရှိမှာပေ့ါ ကိုထွန်းနိုင်၊ အဲဒီမှာ မရှိရင် ဆေးရုံကြီးမှာ ရှိမယ်၊ အဲဒီမှ သူဂျူတီကျတယ်"

မာလာ့ကို တက်သုတ်ရိုက်နှုတ်ဆက်ပြီး ထွက်လာတဲ့ ကိုယ်ဟာ အနော်ရထာလမ်းပေါ်မှ သုံးဘီးတစ်စီးငှားပြီး ချက်ချင်း ဆေးရုံကို ထွက်လာခဲ့တယ်။

အမှန်ပြောရရင် အဲဒီအချိန်မှာ ကိုယ့်ကမ္ဘာထဲမှာ နိုဝင်ဘာက လွဲလို့ ဘာမှ မရှိတော့ဘူး။ ငါ့အတွက် မျှော်လင့်ချက်ကလေး ရှိသေးတယ်ဆိုတဲ့ အသိပဲ ရှိတယ်။

ဆေးရုံကြီးထဲ အရိုးအကွေ့လိုက်မှာ လမ်းမတော်ဘက်က ဖြတ်လျှောက်လာတဲ့ နိုဝင်ဘာနဲ့ သင်းသင်းကို တွေ့လိုက်ရတယ်"

ကိုယ့်ကိုမြင်လိုက်တဲ့ နီဝင်ဘာ့မျက်လုံးမှာ အရောင်လက်လက်လေးတစ်ခုလင်းခနဲ ဖြစ်သွားတာကို မြင်လိုက်ရတယ် မြလေး…။

"ဟော…"

ထုံးစံအတိုင်းပဲ နီဝင်ဘာက "ဟော"ကလေးတစ်ခုနဲ့ ဆီးကြိုလိုက်တယ်…။

သင်းသင်းက ပြုံးလိုက်ပြီး…

"ကိုယ် ဆရာအခန်းမှာ စာအုပ်မေ့ကျန်ခဲ့လို့ ခဏပြန်လိုက်ဦးမယ် နီဝင်ဘာ" ဆိုပြီး ဖြောင်လွှခွဲပေးသွားတယ်။

"နော်"

"နော့်

"ဘာလာလုပ်တာလဲ အထွန်း"

နီဝင်ဘာ့ မျက်နှာက ပြုံးနေတယ်။

"နော့်" ဆီကို လာတာပဲ နော့်"

"ဘာကိစ္စလဲ အထွန်း"

ကိုယ်ဘာပြောရမှန်း မသိတော့ပြန်ဘူး။ နီဝင်ဘာဆိုတော့ ငယ်ကြောက်ကလဲ ဖြစ်နေကိုယ်သိသင့်တဲ့အချက်အလက်တွေကလဲ ကိုယ့်ဘာသာကိုယ် သိစရာတွေပဲ ဖြစ်နေတာ မဟုတ်လား။ ဒီတော့ ကိုယ်လာပုံကြီးက ခပ်ကြောင်ကြောင်ကြီး ဖြစ်နေတာသတိရတာနဲ့….

"နော့်…ဂျူတီက ဘယ်အချိန်ပြီးလဲ"

"ပြီးသွားပါပြီ၊ လေးနာရီထိပဲ ဥစ္စာ"

"ဒါဖြင့် လေဟာပြင်ဘက် ခဏသွားရအောင် နော့်၊ အအေးသောက်ရင်း စကားပြောရအောင်"

ဒါနဲ့ ကိုယ်တို့နှစ်ယောက် ဆေးရုံကြီးဝင်းထဲက ဖြတ်လျှောက်လာခဲ့တယ်။ ရေခဲတိုက်ဘက်တံခါးဝကိုထွက်လိုက်ပြီးလမ်းဖြတ်ကူးလာကြတယ်။

အအေးဆိုင်မှာ ထိုင်မိတော့….

"နော့်"

" ဘာလဲ အထွန်း "

" ကိုယ်တို့ ကျောင်းပြီးတော့မယ်နော် "

" အဲဒါ ဘာဖြစ်လဲ "

နီဝင်းဘဲ့စကားသံကတိုးသွားသည်။ကက်ဆက်ကဖွင့်နေတဲ့ စိန်ဝင်းထွန်းရဲ့စိတ်ညစ်တဲ့အမူးသမားသီချင်းသံကြားထဲမနည်းအား ယူ နားထောင်လိုက်ရတယ်။ ကက်ဆက်တန်းဘက်က သီချင်းသံ တွေကလည်း နည်းနည်းဝင်ရှုပ်နေတယ်။

ဒါကြောင့်လက်ထဲကကင်းနုတ်စာအုပ်လေးကိုဖွင့်ပြီးစာတမ်း လေးတစ်ခုကို ရေးပြီး ပေးလိုက်တယ်။

" ခုထိ တို့လွမ်းနေရဦးမှာလား ချစ်ရယ် "

ခုထိ တို့လွမ်းနေရဦးမှာလား ချစ်ရယ်

နီဝင်းဘဲကစာတမ်းလေးကိုကြည့်ပြီးပြုံးလိုက်တယ်။ပြီးတော့မှ စလင်းဘတ်ထဲက ဘီအိုင်စီဘောလ်ပင်လေးကို ထုတ်ယူလိုက်ပြီး ကိုယ့်စာတမ်းရဲ့အောက်မှာ စာတမ်းလေးတစ်ခု ထပ်ရေးလိုက်တယ်။

" တို့ တစ်ယောက်တည်းပဲ ချစ်ဖူးပါတယ် မောင်ရယ် "

တို့ မြို့ထဲက ပြန်လာတော့ စက္ကူ ဝယ်မလာဖြစ်ခဲ့ဘူး ။ အပျော် လေးတွေပဲ ဝယ်လာခဲ့တယ် ။

အဲဒါက အစ ....

၀ ၀ ၀

[ တတိယပိုင်း ]

❝

မြလေးရဲ့

မာတ်လိုက်လို့ မြလေး

မသေနိုင်ပါဘူး ကိုကိုရယ်။

ကိုကို ပစ်မှ မြလေး သေမှာပါ

ဆိုတာတွေလည်း ကြားနေတယ် . . .

## [ ၁၈ ]

ချစ်သူတို့ လမ်းကလေးက ကွေ့ကောက်၍ ဆင်းသွားသည်။

အချိန်က နေဝင်ချိန်။

ဝင်လုဆဲ နေလုံး၏ပန်းနုရောင်သည် ကျွန်တော်တို့ နှစ်ယောက်စလုံးကို လွှမ်းခြုံထားသည်။

လောကကြီး၏ နေ့မှ ညသို့ ကူးပြောင်းရန် ဆုံးဖြတ်ချက်ချပြီးချိန်တွင်ကျွန်တော်တို့နှစ်ယောက်ဆုံးဖြတ်ချက်တစ်ခုခုချရန်ခက်နေကြသည်။

ကျွန်တော့်ရင်ထဲတွင် စောစောက သက်အောင် အခန်း၌ဖတ်ခဲ့သည့် မြလေး၏ စာကို သတိရနေသည်။ အခေါက်ခေါက် ဖတ်ထားသဖြင့် စာသားတွေကို အလွတ်ရနေပေပြီ။

ကိုကိုရယ်...

မြလေးကို လာသတ်လိုက်ပါလား၊ ကိုကိုသိပ်ရက်စက်တာပဲ။ ကိုကိုတစ်ရက်နှစ်ရက်ပေါ်မလာတော့မြလေးစိတ်ထဲမှာကိုကိုမအား လို့ပဲအောက်မေ့နေမိတယ်။ခုတော့ကိုကိုမြလေးဆီတမင်မလာတာ လို့ပဲ ထင်မိပြီ...

ညနေတိုင်းကိုကို့ကိုမျှော်ရတယ်။ညနေတိုင်းလည်းငိုရတယ်၊ မြလေးအပေါ်မှာ ကိုကို မကျေနပ်တာ မကြိုက်တာ တွေ့ရှင် မြလေးကို ရိုက်ချင်ရိုက်ပါ ကိုကိုရယ်။ မြလေးကို ဒီလိုပစ်ပစ်ခါခါ မစိမ်းပါနဲ့....။

မြလေးကိုကို့ကို သိပ်တွေ့ချင်တယ်၊ ကိုကို့ကိုမြလေးမေးစရာ တွေလည်း အများကြီးရှိတယ်။

ဟုတ်လား၊ မဟုတ်လားတော့ မသိဘူး။

ကိုကို့မှာ ဒီပြင် ရည်းစားတစ်ယောက် ရှိတယ်လို့ သူများတွေ က ပြောကြတယ်။

မြလေး သူငယ်ချင်း တစ်ယောက်ကလည်း ကိုကို့ကို လိပ်ခုံး ရှေ့မှာ အစ်မကြီးတစ်ယောက်နဲ့ တွဲသွားတာ တွေ့လိုက်တယ်တဲ့၊ မြလေး သေချင်တယ်။

အဲဒါသာ တကယ်ဖြစ်ရင်တော့ မြလေး ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မှာပဲ။ကိုကို့ကိုမြလေးတစ်ခါကပြောဖူးတယ်မဟုတ် လား။ မြလေးက ဓာတ်လိုက်တောင် သေမှာမဟုတ်ဘူး။ ကိုကို ပစ်မှ သေမှာလို့၊ မြလေးဆီမလာတာ တစ်လလောက် ရှိပြီ...။

မြလေးကို ပစ်မသွားပါနဲ့ ကိုကိုရယ်....

" ဘယ်လိုလုပ်ရတော့မလဲ သက်အောင် "

ကျွန်တော့် လေသံက အားလျော့လွန်းလှသည်။ ကျွန်တော် ခေါင်းမှာလည်း ရှုပ်ထွေးနေသည်။ ကျွန်တော့်ဘေးမှာ ထိုင်နေသည့် သက်အောင်က ခေါင်းကို ယမ်းလိုက်ပြီး....

" မင်းကိစ္စက ငါလည်း ဘာလုပ်ရမှန်းတောင် မသိတော့ဘူး ထွန်းနိုင်။ မင်းကို ငါ အစကတည်းက ပြောပါတယ်။ နာတာရှည်ကို ဆေးမြီးတိုနဲ့ မကုပါနဲ့လို့ "

ကျွန်တော့်ရင်ထဲမှာ ပူနေသည်။ ခုနေခါ ဇီဝက လာကူ တောင်မှ ကျွန်တော့် ရင်က အပူမီး ငြိမ်းမည်မထင်။

အမှောင်ထုက တဖြည်းဖြည်း ဖုံးလာသည်။

" တို့ လမ်းလျှောက်ရအောင် ထွန်းနိုင် "

ပြောပြောဆိုဆို သက်အောင် ထရပ်လိုက်သည်။ ကျွန်တော် လည်း လေးလေးကန်ကန် ထရပ်ပြီးနစ်ယောက်သား ချစ်သူတို့ လမ်း ကလေးအတိုင်း လျှောက်လာကြသည်။ ချစ်သူတို့ လမ်းကလေး ဆို သည်မှာ ကျွန်တော်တို့ စက်မှု တက္ကသိုလ် အနောက်ဘက် မော်တော် ယဥ် အလုပ်ရုံကို ပတ်နေသည့် လမ်းကလေးကို ခေါ်သည်။

လမ်းလျှောက်ရင်း သက်အောင်က စကားစသည်။

" ငါ့သဘောကတော့ မင်းမြလေးကိုပဲ ဆုံးဖြတ်လိုက်ရင် ကောင်းမယ်ထင်တယ် ထွန်းနိုင် ။ မြလေးကို ငါစိုးရိမ်တယ် "

သက်အောင်၏စကားက ကျွန်တော့်ရင်ကိုကော်ပတ်နုနုလေး နှင့် စားနေသည်။

" မင်းနိုဝင်ဘာကို ချစ်တယ် ဆိုတာ ငါသိပါတယ် ထွန်းနိုင်။ ဒါပေမဲ့ သံယောဇဥ်ချင်း ယှဉ်ကြည့်ရင် မြလေးရဲ့ သံယောဇဥ်က ထုထည်ကြီးလွန်းတယ်။ ဒီတော့ အန္တရာယ်ရှိတယ်၊ မြလေး တစ်ခုခု ဖြစ်သွားနိုင်တယ် "

ကျွန်တော့် မျက်လုံးထဲတွင် မြလေး၏ အားငယ်တတ်သော မျက်နှာလေးကို မြင်နေမိသည်။ ကျွန်တော်နှင့် တွေ့လေတိုင်း ကျွန် တော့ လက်မောင်းကို ဖက်ဖက်ထား၍....

"မြလေး ကိုကို့ကို သိပ်ချစ်တာပဲ ကိုကိုရယ် "

ဆိုသည့် မြလေး၏ ဟန်နွဲ့နွဲ့လေးကို မြင်ယောင်နေမိသည်။

အနစ်နာခံရင် မင်းကပဲ အနစ်နာခံသင့်တာပေါ့ ထွန်းနိုင်။ မင်းခင်းတဲ့ ဇာတ်ပဲ။ တစ်ခုတော့ ရှိပါတယ်။ ရက်စက်တယ်ဆိုတဲ့ စကားကို သိပ်အရေးမထားရင်တော့ မြလေးကို ထည့်မစဥ်းစားနဲ့၊ မင်း သဘောပေါ့ "

သက်အောင်ပြောသည့် စကားများက ကျွန်တော့်နားထဲ ဝင်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်နေသည်။

ကျွန်တော့်စိတ်က မြလေးဘက် ညွတ်ကြည့်တော့လည်း ငယ်ငယ်လေးကတည်းက ချစ်လာရသည့် နိုဝင်ဘာကို ဆုံးရှုံးရမှာပါလားဆိုသော အသိက ချောက်ချားသွားစေပြန်သည်။

" လူတစ်ယောက်ဟာ ကိုယ်လုပ်ခဲ့တဲ့ အလုပ်တစ်ခုအတွက် ကိုယ့်ဘက်က တာဝန်ယူစရာ ရှိလာရင် စွန့်လွှတ်တန်သလောက်တော့ စွန့်လွှတ်ရလိမ့်မယ် သူငယ်ချင်း "

ဥတ္တရဆောင်မှ ကျောင်းသူများ၏ ဘုရားရှိခိုးသည့်အသံက ပျံ့ထွက်လာသည်။ တိမ်ထဲက ထွက်လာသော လမင်း၏ အလင်းရောင်ကြောင့် ခပ်လှမ်းလှမ်းမှ စက်မှုတက္ကသိုလ်ဆေးရုံကို လှမ်းမြင်လိုက်ရသည်။

"ခုအနေအထားမှာနိုဝင်ဘာကရှင်းပါတယ်။မင်းကသွားမယ်ဆို သွားပေ့ါဆိုပြီး ခပ်တင်းတင်းနဲ့ သူက အရင်ဦးအောင် လှည့်ထွက်သွားမှာပဲ။ မြလေးကျတော့..."

"တော်တော့ သက်အောင် "

သက်အောင်၏ စကားများကို ကျွန်တော်နားဆက်မထောင်ရဲတော့။ ကျွန်တော့်ရင်ထဲမှာ ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ စွယ်သွားနှစ်ချောင်းကို ခပ်ဖိဖိလေး ကိုက်လိုက်ပြီး...

" ငါနိုဝင်ဘာ့ကိုဖြတ်မယ် ။ ငါပဲ ရင် အကြွေခံပါမယ် ကွာ..."

လမင်းကတိမ်ထဲကိုပြန်ဝင်သွားသည်။ညက ဝိန်းဝိတ်အောင် မှောင်သွားသည်။လျှောက်နေသည့်လမ်းကိုပင်ကောင်းအောင်မမြင်ရတော့။

ကျွန်တော့် ရင်ထဲမှာလည်း ဘာမှ မရှိတော့ ။

၀ ၀ ၀

## [၁၉]

မြလေး သိပ်ပျော်နေသည်။

ကျွန်တော်လည်း ပျော်ရွှင်ပါသည်။

သက်အောင်နှင့် ကျွန်တော် တိုင်ပင်ဆုံးဖြတ်ပြီး နောက်နေ့တွင် မြလေးဆီ ကျွန်တော်ရောက်သည်။ သက်အောင်၏ အစီအစဉ်အတိုင်း ကျွန်တော့်စိတ် ခံစားနေရသည့် ဝေဒနာ သက်သာစေရန် နောက်တစ်နေ့တွင် ပဲခူးသို့ ခရီးထွက်ခဲ့ကြသည်။

မြလေးနှင့်မသက်လိုက်ခဲ့ကြသည်။ မရှိုကတော့ နေမကောင်းသဖြင့် မလိုက်ခဲ့။ ကျွန်တော် ၊ သက်အောင် ။ မြလေး နှင့် မသက်တို့ အတူတူသွားကြသည်။

ကျွန်တော့်မျက်နှာက ပြုံးနေသည်။ ကျွန်တော့်ရင်ထဲမှာ ပြုံးနေသည်။ မျက်စိထဲတွင် မြလေးနေရာ၌ နီဝင်ဘာရောက်ရောက်နေသည်။ နီဝင်ဘာ၏…

" တို့ တစ်ယောက်တည်းပဲ ချစ်ဖူးပါတယ် မောင်ရယ် "

ဆိုသည့် စာတမ်းကလေးက နားထဲတွင် ပဲ့တင်ထပ်နေသည့် ကျွန်တော်တစ်ချက် တစ်ချက် ငိုင်မိသွားသည်ကို သတိထားမိသည့် မြလေးက…

" ကိုကို ဘာဖြစ်နေတာလဲဟင်၊ မြလေးနဲ့သွားရတာ မပျော်လို့လား"

ကျွန်တော်ညာတတ်နေပါပြီ။

" ပျော်ပါတယ် မြလေးရယ်၊ ကိုကို ညက အိပ်ရေး နည်းနည်း ပျက်သွားလို့ နည်းနည်းငိုက်နေတာပါ"

အင်းတကော်မှာ ဆင်း၍ နွားနို့ သောက်ကြသည်။ စားသောက်အပြီး အပေ့ါအပါးသွားသည့်လမ်းတွင် သက်အောင်က ကျွန်တော့်အနားကပ်၍….

" မင်းညစ္စာက သိပ်သိသာနေတယ် ထွန်းနိုင် "

ကျွန်တော် ဘာမျှပြန်မပြောမိ။

ကျွန်တော် ဘာမှ ပြန်ပြောစရာမလို၊ ရောမမြို့ထဲ ရောက်နေခါမှ ရောမစကား မပြောတတ်လျှင် မဖြစ်၊ ကျွန်တော် နေတတ်အောင် ကြိုးစားရန်သာ ရှိတော့သည်။

အင်းတကော်နှင့် ပဲခူးခရီးသည် ခါတိုင်းထက် ဝိုကြာ၍ နေသည်။

မြလေး ရိပ်မိမသွားရန် ကျွန်တော်လည်း တတ်နိုင်သလောက် ရယ်စရာမောစရာ ရှာကြံ၍ပြောပြီး လိုက်လာခဲ့သည်။ ရယ်စရာ ပြောသော်လည်း မောစရာဖြစ်နေမှန်း ကျွန်တော်မှ တစ်ပါး မည်သူမျှ သိမည်မထင်။

သို့တိုင်အောင် တစ်ချက် တစ်ချက် ငိုင်သွားမိသည်။ နီဝင်ဘာ တစ်ယောက် မျှော်နေရှာရော့မည်။

ကျွန်တော့် အရိပ်အကဲသာကြည့်နေသော မြလေးကလည်း..

" ကိုကို သိပ်နေမကောင်း ဘူးလားဟင်၊ မြလေး ဘာလုပ်ပေးရမလဲ "

ကျွန်တော့်ရင်ထဲမှာ နင့်သွားရပြန်သည်။ ကျွန်တော့်ကို သိပ်ချစ်သော မြလေး။

" ရပါတယ် မြလေး၊ ကိုကို ခေါင်းနည်းနည်းကိုက်နေလို့ "

" ဟင်... ဟုတ်လား "

မြလေး ပျာပျာသလဲ ဖြစ်သွားသည်။

" ဒါဖြင့် မြလေးအပေါ် လှဲအိပ်နေပါလား ကိုကိုရယ်၊ မြလေး နှိပ်ပေးမယ်လေ "

" ရပါတယ် မြလေးရယ် "

" အို ...ဘာရပါတယ်လဲ၊ ကိုကိုက တစိမ်းကျနေတာပဲ၊ လာစမ်းပါ "

ဆိုပြီး မြလေးက ကျွန်တော့် ပခုံးကိုကိုင်၍ အတင်းလှဲအိပ်စေသည် ။ ကျွန်တော်လည်း မြလေး စိတ်ပူနေသည်ကို ကြည့်၍ သနားသွားသဖြင့် မြလေးပေါင်ပေါ် လှဲအိပ်နေပေးလိုက်သည်။ မြလေး၏ လက်နုနုလေးက ကျွန်တော့်နားထင်စပ်ပေါ်တွင် လှုပ်ရှားနေသည်။ တစ်ခဏတာတည်ငြိမ်သွားသော ကျွန်တော်စိတ်ထဲတွင် နိဝင်ဘာ့ အသံလေးကို ကြားလိုက်ရပြန်သည်။

" မောင်က နိဝင်ဘာ့ကိုမှ နားမလည်တာ "

" သက်သာလား ကိုကို "

" အင်း... သက်သာပါတယ် မြလေး၊ ကိုကို ထတော့မယ်နော် ခေါင်းကိုက်တာတောင် ပျောက်သွားပြီ "

ကျွန်တော်တို့ ဖြစ်နေပုံကို ကြည့်၍ သက်အောင်နှင့် မသက်တို့က တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသည်။

မြလေးက ကြင်နာလေလေ၊ ကျွန်တော်က ရင်နာလေလေဖြစ်နေ၏။ ကျွန်တော်စိတ်ထဲတွင် အကြီးမားဆုံးသစ္စာဖောက်မှုကျူးလွန်နေသည်ကို မြလေး မသိရှာတကား။

မြွေမော်စေတီဘုရားပေါ်တွင် ကျွန်တော်တို့ အုပ်စု ဓာတ်ပုံရိုက်ကြသည်။ လေးယောက်ရိုက်အပြီးတွင် . . .

" မြလေးတို့ နှစ်ယောက်တည်း ဓာတ်ပုံရိုက်မယ်နော် ကိုကို "

" သက်အောင်ရေ၊ တို့ နှစ်ယောက်တည်း ရိုက်ဦးမယ်ဟေ့ "

သက်အောင်က ကျွန်တော့်ကိုကြည့်၍ ပြုံးလိုက်သည် ။ ကျေနပ်ပြုံး။

" အိုကေ . . အဲဒီနားမှာပဲနေ၊နောက်ဆင်းကသိပ်ကောင်းတယ် "

ကျွန်တော်တို့နှစ်ယောက် ငေလျင်ဒဏ်ကြောင့် ပြိုကျနေသော ခေါင်းလောင်းတော် နားတွင် ရပ်လိုက်ကြသည် ။ မြလေးက ကျွန်တော့်လက်မောင်းကို ဖက်ထားပြီး . . .

" လှလှလေးရိုက်နော် ကိုသက်အောင်၊ အလှဆုံးလေး "

သက်အောင်က ကင်မရာကို နေရာရွှေ့ချိန်ရင်း . . .

" စိတ်ချပါဗျား ၊ အချစ်ဆုံးသူနှစ်ယောက်အတွက် အလှဆုံးပုံလေးရအောင် ရိုက်ပေးပါ့မယ် "

မြလေး မျက်နှာလေး ဝင်းခနဲ ဖြစ်သွားသည်။

" ကိုကိုဟာ မြလေး ရဲ့ အချစ်ဆုံးပါ ကိုကို ရယ် "

ကျွန်တော့်ရင်ထဲတွင်လည်း အသံမထွက်သော စကားလုံးတစ်စု လှုပ်ရှားသွားသည်။

" ကိုကိုလည်း အချစ်ဆုံးသူပါကွယ် ၊ ကိုကိုလည်း အချစ်ကို ဆုံးခဲ့ရပါပြီ "

" ရိုက်မယ် "

မြလေးက ကျွန်တော့်လက်မောင်းကို တင်းတင်း ဖက်လိုက်ပြီး . . .

" ကိုကို ကဝေပြုံးလေး ပြုံးနော် "

ကျွန်တော်က မြလေး စကားကို သဘောကျသွားသဖြင့် ပြုံးလိုက်မိသည်။

" ဖြိုးဖြိ "

သက်အောင်။ အသံ ပေါ်လာရာမှ မြလေးက ကျွန်တော်ဘက်လှည့်ပြီး...

"မြလေး ပျော်လိုက်တာ ကိုကိုရယ်"

၀ ၀ ၀

## [၂၀]

"ထွန်းနိုင် မင်းကိုစွတစ်ခါပြန်စဉ်းစားဖို့လိုနေပြီ"

"ငါမင်းကို ဘာမှ မပြောရဲဘူး သက်အောင်။ ငါ့စိတ်ကို မင်းနားလည်ပါတယ်"

ပဲခူးက ပြန်လာသည့် ညမှာပင် သက်အောင်သည် စကားစပြောသည်။ ကျွန်တော့်အရိပ်အကဲကို စောင့်ကြည့်နေသည့်သက်အောင် ကျွန်တော့်ကို နားလည်လာသည်။

"မင်းဒီအတိုင်းဆိုမြလေးကိုတစ်သက်လုံးစိတ်ဆင်းရဲအောင် မင်းလည်း ဒုက္ခခံပြီး လုပ်သလို ဖြစ်နေလိမ့်မယ်"

"ဒီတော့ ..."

"မင်းမြလေးကို ဖြတ်လိုက်တော့"

[ နိဂုံးပိုင်း ]

" ဟင် ... "

ကျွန်တော့် နှလုံးသွေးများ တန့်ခနဲ ရပ်သွားသည်။

" ညရှစ်နာရီခွဲလောက်က ဆုံးတယ်။ ကျွန်တော် ခုပဲ ဆေးရုံ ပို့ပြီး ခင်ဗျားဆီ ပြေးလာခဲ့တာ "

ကျွန်တော့်ရင်ထဲ ပူလောင်သွားသည်။ ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်ရမလဲဆိုသော မေးခွန်းများ ရင်ထဲတွင် ဝုန်းဆန်ကျဲနေသည်။ လောကကြီးတစ်ခုလုံးချာလည်ပတ်လည်လည်နေသည်။ နားတွေလည်း အူနေသည်။ မျက်လုံးတွေလည်း ပြာနေသည်။ အသိတရား ကျွန်တော့်မှာမရှိတော့။

"မြလေးမသေဘူး၊ ဘာဖြစ်လို့မြလေးသေရမှာလဲ။ ကျွန်တော် မယုံဘူး ... မယုံဘူး "

**Quality Publishing House**

ကျွန်တော်အရှုးတစ်ယောက်လိုအော်ဟစ်လိုက်သည်။ရင်ထဲက ပွင့်အန်ထွက်လာသည့် စိတ်ရိုင်းနှင့် အတူ ကိုထိန်ဝင်းဆီ တအားပြေးသွားပြီး ကိုထိန်ဝင်း အင်္ကျီရင်စကို တအားဆွဲလှုပ်၍ မေးနေသည်။

"မြလေး ဘာဖြစ်တာလဲ...မြလေး ဘာဖြစ်တာလဲ"

ကုလားထိုင်ပေါ်က ကြောင်ကြည့်နေသော သက်အောင်က ကမန်းကတန်း ပြေးဝင်လာပြီး ကျွန်တော့်ကို ဆွဲသည်။

"နေပါဦး ထွန်းနိုင်...၊ မင်းသတိထားစမ်းပါ၊ ကိုထိန်ဝင်း...မြလေးဘာဖြစ်တာလဲ"

"ဓာတ်လိုက်ခံရလို့ ကိုသက်အောင်၊ ရေနွေးဇော်က ဓာတ်လိုက်လို့"

ကျွန်တော့်ခေါင်းထဲမှာအနုမြူဗုံးတစ်လုံးကွဲသလိုခံစားလိုက်ရသည်။

ကျွန်တော် ဆောက်တည်ရာမရတော့၊ သက်အောင်လက်ကတအား ရုန်းထွက်လိုက်ပြီး အဆောင် ကော်ရစ်ဒါ တစ်လျှောက် ပြေးထွက်လာခဲ့သည်။ ကျွန်တော့် နောက်က...

"ဟေ့ကောင် ထွန်းနိုင်...နေဦး။ ဟေ့ကောင်...မပြေးနဲ့ တို့လဲ လိုက်မယ်"

အသံတွေကို ကျွန်တော်လုံးဝ ဂရုမစိုက်တော့။ အဆောင်လှေကားအတိုင်း ပြေးဆင်းလာသည်။ အောက်ဆုံးထပ်လှေကားတွင် ကျွန်တော် ခြေချော်ကျသွားပြီး လှေခါးတစ်လျှောက် တလိမ့်ခေါက်ကွေး ကျသွားသည်။

သည်တွင်နောက်မှလိုက်လာသော ကိုထိန်ဝင်းတို့ အုပ်စုမီလာ၍ ကျွန်တော့်ကို အတင်းဆွဲထားသည်။ ကျွန်တော်က လူးလဲထပြီး...

"မဆွဲနဲ့...ကျုပ်ကို မဆွဲနဲ့၊ မြလေးဆီ သွားမယ်၊ မြလေး...မြလေး အခုဘယ်မှာလဲ၊ မြလေး ဘယ်မှာလဲ"

အတင်းချုပ်ထားကြသဖြင့် လှုပ်၍မရတိုင်း ပါးစပ်မှ နင်းကန်အော်နေမိသည်။ အခန်းများမှ ကျောင်းသားများ ဝိုင်းအုံလာကြသည်။

"စိတ်နည်းနည်းငြိမ်အောင်ထားပါ ကိုထွန်းနိုင်၊ ကျွန်တော့်မှာ ကားပါပါတယ်၊ ခင်ဗျား သိပ်သွားချင်တဲ့ နေရာကို ကျွန်တော်လိုက်ပို့ပါမယ်"

"ဘယ်မလဲ ခင်ဗျားကား၊ သွားမယ်...ခုသွားမယ်"

ဆိုပြီး ကျွန်တော် အတင်းရုန်းသည်၊ ကျွန်တော် နည်းနည်းအသိဝင်လာမှန်းသိသဖြင့် သက်အောင်တို့က နည်းနည်းလျှော့ပေးပြီး ကားဆီခေါ်လာသည်။

ကျွန်တော် ကားပေါ်ရောက်လျှင် သူတို့အားလုံးကားပေါ်တက်၍ အမြန်မောင်းထွက်လာသည်၊ ဂျစ်ကား၏ အရှိန်က မနည်းသော်လည်း ကျွန်တော့်စိတ်ထဲတွင် သိပ်နှေးနေသည်။

သက်အောင်က ကျွန်တော်နားထိုင်၍ မြလေး မတော်တဆဖြစ်၍ ဆုံးရကြောင်း တတွတ်တွတ် ပြောနေသည်။

ကျွန်တော့် နားထဲတွင် မတော်တဆ ဆိုသော စကားကို ဘယ်လိုမှ လက်ခံ၍မရ။

" မတော်တဆ မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ မြလေးကိုသေသေချာချာပြောထားတယ်၊ဒီဂေါက်ကိုအရမ်းမကိုင်နဲ့ ဓာတ်လိုက်တတ်တယ်လို့"

မြလေးကတောင် ပြောဖူးတယ်။

"မြလေး ဓာတ်လိုက်လို့ မသေပါဘူး ကိုကိုရယ်...ကိုကိုပစ်မှ သေမှာပါတဲ့"

ဒါမတော်တဆ မဟုတ်ဘူး၊ မြလေး ကိုယ့်ကိုယ်ကိုယ် သတ်သေတာ။

မြလေး ကျွန်တော့်ကို ကလဲ့စားချေတာ။

မြလေး ကျွန်တော့်ကို တစ်သက်လုံး ဖြေမရအောင် လုပ်တာဆိုသည့် အတွေးများ တန်းစီ၍ ပေါ်လာသည်။

"မင်းသိပ်စိတ်မထိခိုက်ပါနဲ့ထွန်းနိုင်၊ ဒါမတော်တဆဖြစ်တာပါ၊ အခက်ဆီးခင့်ပါ"

သက်အောင်သည်ကျွန်တော့်စိတ်ကိုအမြဲတမ်းဓာတ်မှန်ရိုက်ကြည့်သလိုမြင်တတ်သည်။ ခုလည်း သူ ကျွန်တော့်ကို သိနေပြီ။

"မဟုတ်ဘူး . . . မဟုတ်ဘူး သက်အောင်၊ မြလေးသေတာမတော်တဆ မဟုတ်ဘူး၊ ငါသိတယ် . . . ငါသိတယ်"

"မဟုတ်ဘူးထွန်းနိုင် . . . မဟုတ်ဘူး။ ဒါမတော်တဆဖြစ်တာမင်းနဲ့ ဘာမှ မဆိုင်ပါဘူး"

ဂျစ်ကားလေးက ဆေးရုံကြီး ရေခဲတိုက်ဘက်ကို ကွေ့ချိုးချလိုက်သည်။ ကျွန်တော့်ရင်ထဲ ဒိန်းခနဲ ခုန်သွား၏။

တိုက်ရှေ့တွင် ကားလည်းထိုးရပ် ကျွန်တော်လည်း ကားပေါ်မှခုန်ဆင်းပြီးသားဖြစ်နေသည်။ ကျွန်တော့် စိတ်များ ဆောက်တည်ရာမရဖြစ်လာပြန်သည်။

"ဘယ်မလဲ . . . ဘယ်မလဲ . . မြလေး ဘယ်မှာရှိလဲ"

"လာ . . . လာ . . . ကိုထွန်းနိုင် . . . မြလေးနွယ် ဒီဘက်မှာ"

မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ကျွန်တော့်ရင်ထဲတွင် ဆို့သွားသည်။ ကျောက်ခုံပေါ်တွင် အသက်မဲ့နေသော မြလေး၏ ခန္ဓာကိုယ်ကိုတွေ့လိုက်ရသည်မှာကျွန်တော်အသည်းနှလုံးတွေကိုလက်ကြမ်းကြမ်းကြီးနှင့် နတ်အဆွဲခံလိုက်ရသလို ဖြစ်သွားသည်။

ကျောက်ခုံပေါ်တွင် မြလေး ရှိနေသည်။

ဘယ်ဘက် စံပယ်တင်မှည့်လေး ရှိသည့်ဘက်ကနှုတ်ခမ်းလေးယောင်ယောင် တွန့်နေသည်က လွဲ၍မြလေး အိပ်နေသလိုပင် . . . .။

မြလေး နားတွင် မသက်နှင့် မရှိ အပါအဝင် အဆောင်ကသူငယ်ချင်းတွေ အားလုံး မျက်ရည်မဆည်နိုင်ကြ။

"မင်းသိပ်ချစ်တဲ့ ကိုကို လာပြီလေ . . . မြလေးရဲ့ ထကြည့်ပါဦး"

မသက်၏မရှိတင်ကဲအော်ဟစ်ငိုသံကကျွန်တော့်နားထဲတွင် သံရည်ပူများ လောင်းချလိုက်သကဲ့သို့ ရှိသည်။

မြလေးအနားတွင်ကျွန်တော်ဒူးထောက်လျက်ကျသွားသည်။ မြလေး၏မျက်နှာလေးသည် ခုထိ အပြစ်ကင်းစင်နေဆဲ…။

မြလေး၏ အေးစက်နေသော လက်ကလေးကို အသာဆုပ်ကိုင်လိုက်ပြီး ကျွန်တော့် မျက်လုံးများကို အတင်းမိုတ်ပစ်လိုက်သည်။

ကျွန်တော်ဘာမှပြောလို့မရတော့။ကျွန်တော့်ရင်ထဲမှာစကားတွေ အများကြီးရှိသည်။ ကျွန်တော့်ခေါင်းသည် အုတ်ခုံစောင်းနှင့် ခပ်ဆတ်ဆတ်ကလေး ထိသွားသည်။

ကျွန်တော့် နားထဲတွင်…

"မြလေးကိုပစ်မသွားပါနဲ့ ကိုကိုရယ်" ဆိုသော အသံများ ထပ်တလဲလဲ ကြားနေသည်။

"မြလေး တတ်လိုက်လို့ မသေပါဘူး၊ ကိုကို ပစ်မှသေမှာ"

ကျွန်တော် ယောင်ယမ်း၍ နားကို ပိတ်လိုက်မိသည်။

ရှိုက်သံသဲ့သဲ့လေးတစ်ခု ကျွန်တော့်နားထဲကို တိုးဝင်လာသည်။

မြလေး၏လက်ဖမိုးလေးကို မယူပြီး နမ်းလိုက်မိသည်၊

မြလေး၏ လက်ဖမိုးလေးကို ကျွန်တော် နဖူးနှင့် ထိလိုက်သည်။

မြလေးကို ပြောစရာ အများကြီးရှိသည့် အထဲမှ အရေးကြီးဆုံးစကားတစ်ခုကို ကျွန်တော် မနည်းအားယူ၍ ပြောလိုက်ရသည်။

"ကိုကို့ကို ဘယ်တော့မှ ခွင့် မလွှတ်ပါနဲ့ မြလေးရယ်"

၀ ၀ ၀

# အဆုံးသတ် တွေ့ရှိချက်

ရျောက်ခနဲ တံခါးဖွင့်သံကြောင့် သက်အောင်လာနေပြီဆိုတာ ကိုယ်သိလိုက်ရတယ်။

ကိုယ် လှည့်မကြည့်မိ...။

အနားမှာ လာရပ်လိုက်တယ်ဆိုတာ သိလိုက်လို့ လက်ထဲမှာ အဆင်သင့်ကိုင်ထား ဖိတ်စာ တစ်အိတ်လေးကို လှည့်မကြည့်ဘဲ ပေးလိုက်သည်။

သက်အောင် လှမ်းယူလိုက်တယ်....

သက်အောင် စာအိတ်ကိုဖွင့်လိုက်ပြီဆိုတာကို စာရွက်လှုပ်သံကြောင့်ကိုယ်သိလိုက်ရတယ်။ကိုယ့်လက်ထဲမှာကိုထိန်ဝင်းကိုပေးဖို့ ဖိတ်စာ နောက်တစ်အိတ် ကိုထားတုန်း...

သက်အောင် အသံ ပေါ်လာတယ်။

" ထိမ်းမြားမင်္ဂလာ ဖိတ်ကြားစာ ဆိုပါလားဟ၊ မောင်ထွန်းနိုင် ဘီအီး ( လျှပ်စစ်စွမ်းအား ) နဲ့ ဒေါက်တာ နီဝင်းဘာ အမ်ဘီဘီအက်စ် တဲ့။ ဟား...ဟား...စားရသောက်ရဦးမယ် ဟေ့"

သက်အောင် အသံမှာ အံ့ဩသံလေး စွက်နေတယ်၊ ကိုယ့် ခေါင်းက တဖြည်းဖြည်း ငုံ့သွားမိတယ် မြလေးရယ်။ ကိုယ်ဒီအသံတွေ မကြားရဲဘူး။ ဒီက ပြီးရင်လဲ ကိုထိန်ဝင်း ဆီကို သွားပေးရဦးမယ်။ နားထဲမှာလည်း မြလေး ဆုံးတဲ့...ညက သက်အောင်မေးလိုက်တဲ့..

"ဘယ်လိုဖြစ်တာလဲ ကိုထိန်ဝင်း၊ သေရျာရှင်းပြပါဦးဗျာ" ဆိုတဲ့ အသံကို ကြားနေတယ်....

"ဟ . . . ငါ့ကောင်ကြီး မြန်လှချည့်လားဟ၊ အလုပ်ရတာမှ တစ်နှစ်ကျော်ကျော်ပဲ ရှိသေးတယ် ယူကြပလား၊ သေတော့မှာပဲ၊ မိဘတွေ တော်တော်လုပ်ကျွေးပြီးပြီ ထင်တယ် ...ဟေ့ကောင်"

သက်အောင် စကားတွေက ကိုယ်မျှော်လင့်ထားတဲ့ စကားတွေ ပါပဲ၊ ကိုယ့်ကို သူသိပ်နားလည်တယ်လေ၊ ဒါပေမဲ့....

"ဒီလို ကိုသက်အောင်၊ ညက ရေနွေးတည်တော့ ရေနွေး ဂေါက်မှာ ကားရင့်က လာလိုက် မလာလိုက် ဖြစ်နေတယ်၊ အဲဒါနဲ့ မြလေးက သူငယ်ချင်းတွေရှေ့မှာပဲ နေပါဦး၊ ငါစမ်းကြည့်မယ်ဆိုပြီး ရေနွေးတယ်တဲ့ ချိုင့်ကို လက်နဲ့ ကပ်ကြည့်လိုက်တာ "

ကိုယ့် ခြေဖမိုးမှာ အစက်ကလေးတစ်စက် စွန်းသွားတယ် ၊ သက်အောင်က ရယ်စရာ နောက်ပြောင်ပြီး ပြောလိုက်ပေမယ့်၊

"ထွန်းနိုင်၊ မြလေး ဖြစ်တာ အက်ဆီးဒင့်နော်၊ မင်းနဲ့လည်း မပက်သက်ဘူး၊ ဘယ်သူနဲ့မှလည်း မပတ်သက်ဘူး၊ မြလေးဖြစ်တာ အက်ဆီးဒင့်...."

ဆိုတဲ့ စကားတွေရယ်၊ မြလေးရဲ့...

" ဓာတ်လိုက်လို့ မြလေး မသေနိုင်ပါဘူး ကိုကိုရယ် ၊ ကိုကိုပစ်မှ မြလေးသေမှာပါ" ဆိုတာတွေလည်း ကြားနေတယ်...၊


ကိုယ့်ဆီက စကားသံထွက်မလာလို့ အားမလို အားမရ ဖြစ်နေတဲ့ သက်အောင်က ..

" ဟေ့ ကောင်ကြီး ၊ ဘယ်လိုဖြစ်နေတာလဲ ၊ ငါမင်းကို တစ်ခါ ပြောဖူးပါတယ်ကွာ၊ နိဝင်ဘာ ယောက်ျားယူတဲ့နေ့ဟာ မင်းအသည်း ကွဲတဲ့နေ့လို့၊ ဒီတစ်ခါတော့ ငါ့အတွက်လွဲသွားပြီး ကိုယ့်လူ၊ မင်း အသည်းမကွဲတော့ပါဘူးကွ၊ ဟား... ဟား... "

သက်အောင် ဘာဖြစ်လို့ ကိုယ့်စိတ်တွေ ပျော်လာအောင် လုပ်နေတယ်ဆိုတာကို ကိုယ်သိပါတယ် မြလေးရယ်။ ဒါပေမဲ့....

ကြိုးစားပါဦးမည်
နွမ်ရာသိုင်း

တို့ မပြောတတ်ဘူး အထွန်းရယ်။
နှင့်ကို တို့ချစ်တယ်လို့ ပြောပြီးတဲ့အချိန်မှာ
တို့ ရင်ဗိုပြီး နွေးနွေးထွေးထွေး ခံစားရမယ်လို့
တို့စိတ်ထဲမှာ ထင်ခဲ့တယ်။
တကယ်ကျတော့ တို့ ဒီလိုမဖြစ်ဘူး။
တို့ နှောင်တပဲရတယ်။
တို့ မှားသွားပြီလို့ ထင်နေတယ်။



အချစ်ဆုံးသူရဲ့ အတ္ထုပ္ပတ္တိ